BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၆၁) ခရစ်နှစ် ၂၀၀၅ ခုနှစ်၊ မေလ (၁) ရက် | မြန်မာသက္ကရာဇ် (၁၃၆၇) | ( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်။

## ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး နိုင်ငံတကာလှုပ်ရှားမှု အရှိန်အဟုန်မြှင့်ဆောင်ရွက်နေ

AUNG SAN SUU KYI
THE WORLD'S ONLY IMPRISONED NOBEL PEACE PRIZE RECIPIENT



HAPPY 60th BIRTHDAY!
June 19, 2005

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး နိုင်ငံတကာလှုပ်ရှားမှုအဖြစ် သူမ၏ အသက် (၆၀)ပြည့်မွေးနေ့မတိုင်မီ ရက်ပေါင်း (၆၀)အလိုတွင် ဒီမိုကရေစီနှင့် လွတ်မြောက်ရေးအတွက် ကြိုးပမ်းသူများနှင့် အဖွဲ့အစည်းများက နိုင်ငံတကာခေါင်းဆောင်များနှင့် အဖွဲ့အစည်းများအား ဇွန် (၁၉)ရက်နေ့ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး နိုင်ငံတကာလှုပ်ရှားမှုတွင် ပါဝင်ကြရန် ဆော်ဩလိုက်သည်။

အဆိုပါလှုပ်ရှားမှုသည် ၁၉၈၈ ခုနှစ်က တောင်အာဖရိကခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလား လွတ်မြောက်ရေးလှုပ်ရှားမှု (Mandela at 70)ကို နမူနာယူ ဆောင်ရွက်ခြင်းဖြစ်ပြီး "မင်ဒဲလား လွတ်မြောက်ရေးအတွက် တကမ္ဘာလုံးက ဝိုင်းဝန်းရိုင်းပင်းခဲ့ကြသလို လာမည့် ဇွန် (၁၉)ရက်နေ့မှာလည်း တကမ္ဘာလုံးက ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ရပ်တည်ဖို့လိုတယ်" ဟု အမေရိကန်၊ အီးယူနှင့် အာရှနိုင်ငံအစိုးရများမှ ပြောရေးဆိုခွင့်ရှိသူများက ပြောဆိုသည်။

ထို့ပြင် ၁၉၈၄ခုနှစ် တောင်အာဖရိက ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် ဒက်စမွန်တူးတူးက "ဇွန်လ (၁၉)ရက်နေ့၊ သူမရဲ့မွေးနေ့မှာ သူမကို တခဲနက်ထောက်ခံကြောင်း ပြသကြဖို့ တဦးချင်းကိုရော၊ အစိုးရအဖွဲ့အစည်းတွေကိုပါ တောင်းဆိုပါတယ်။ သူမကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးဖို့တောင်းဆိုတဲ့ အင်အားစုတွေကိုလည်း ထောက်ခံပါတယ်။ မြန်မာပြည်သူပြည်သားတွေ လွတ်မြောက်အောင် သူမကိုယ်စားဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းတွေကိုလည်း ချီးကျူးပါတယ်။

***"သူမ မလွတ်မြောက်သေးသ၍ ကျနော်တို့တွေ ဘယ်သူမှ အမှန်တကယ်မလွတ်မြောက်ပါ"***ဟု လှုပ်ရှားမှုအတွက် ဦးဆောင်စီစဉ်နေသော US Campaign for Burma အဖွဲ့ကြီးအား စာရေးပေးပို့ထားကြောင်း သိရှိရသည်။

လှုပ်ရှားမှု၏ တစိတ်တပိုင်းအဖြစ် ဇွန်လ (၁၆)ရက်နှင့် (၁၇)ရက်နေ့များတွင် အမေရိကန်မှ ဥရောပအထိ (တောင်အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် အာရှနိုင်ငံများ) တဒါဇင်ကျော်သော နအဖသံရုံးများရှေ့တွင် "အာဏာရှင်သန်းရွှေအစိုးရ ရှုတ်ချပွဲများ" ကျင်းပရန်ရှိပြီး၊ အမေရိကန်ပြည်ထောင်စုပြည်နယ် (၂၅)ခုတွင် နေရာပေါင်း (၆၀)၌ သန်းရွှေ ရှုတ်ချပွဲကို အမေရိကန်ကွန်ဂရက်က လက်ခံကျင်းပရန် စီစဉ်လျက်ရှိသည်ဟု သိရှိရသည်။

အဆိုပါလှုပ်ရှားမှုတွင် US Campaign for Burma အဖွဲ့က ကမ္ဘာတလွှားမှ ပေးပို့သော မွေးနေ့ကဒ် (၆,၀၀၀)ကို ဒေါ်အောင်ဆန်းစုကြည်ထံ ပို့ရန်ရှိပြီး ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင်များအနက် တဦးတည်းသော အကျဉ်းကျခံနေရသူ ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံသည့်အနေဖြင့် မိမိတို့နေအိမ်များတွင် (၂၄)နာရီကြာ အကျဉ်းကျခံကြသည့် အစီအစဉ်လည်း ပါဝင်မည်ဖြစ်သည်။

လှုပ်ရှားမှုများကိုစီစဉ်သူများက လက်ရှိနိုင်ငံခေါင်းဆောင်များနှင့် ယခင်ခေါင်းဆောင်ဟောင်းများအပါအဝင် အစိုးရအကြီးအကဲများကို လှုပ်ရှားမှုများ၌ ပါဝင်ကြရန် တောင်းဆိုထားပြီး "သင်တို့ရဲ့ လွတ်လပ်ခွင့်နဲ့ သူမလွတ်မြောက်အောင် ဆောင်ရွက်ကြပါ"ဟု ဆော်ဩထားကြောင်း သိရှိရသည်။

ဒေါ်အောင်ဆန်းစုကြည်သည် လွန်ခဲ့သော ၁၅နှစ်တာအတွင်း (၁၀)နှစ်နီးပါး အချိန်ကို နေအိမ်အကျယ်ချုပ်ဘဝဖြင့် နေခဲ့ရပြီး လာမည့်ဇွန်လ (၁၉)ရက်နေ့ သူမ၏ အနှစ် (၆၀)ပြည့်မွေးနေ့တွင် အထိန်းသိမ်းခံကာလ၏ (၂,၅၂၃)ရက်မြောက်နေ့ကို ဖြတ်သန်းရမည် ဖြစ်သည်။ ❖



**'ဒေါ်အောင်ဆန်းစုကြည် မလွတ်သေးသမျှ ကျနော်တို့တွေ ဘယ်သူမှ အမှန်တကယ်မလွတ်မြောက်ကြပါ'**

**Desmond Tutu**
**(တောင်အာဖရိကငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင်)**

## နိုင်ငံ၏ဖွဲ့စည်းပုံစည်းမျဉ်း ရေးဆွဲရာတွင် ဒေါ်အောင်ဆန်းစုကြည်ကို ပါဝင်ခွင့်ပေးရန် စစ်အုပ်စုခေါင်းဆောင်အား ကိုဖီအာနန်တိုက်တွန်း

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးပြီး နိုင်ငံ၏ဖွဲ့စည်းပုံ စည်းမျဉ်းရေးဆွဲရာတွင် ပါဝင်ခွင့်ပေးရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က နအဖခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ထပ်မံတိုက်တွန်းလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာ၌ ဧပြီလ (၂၂)ရက်မှ (၂၃)ရက်နေ့အထိ (၂)ရက်ကြာကျင်းပသော အာရှ-အာဖရိက ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲပြင်ပ၌ နအဖအကြီးအကဲနှင့် အလွတ်သဘောတွေ့ဆုံစဉ် ကိုဖီအာနန်က ယင်းသို့တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

"ကျနော်ပြောတာ သူနားထောင်ပြီး ကောင်းကောင်းသဘောပေါက်သွားပုံရပါတယ်။ ဒါတွေကို မြန်မာပြည်ပြန်ရောက်တဲ့အခါ ပြန်စဉ်းစားပြီး တခုခုလုပ်မယ်လို့ထင်ပါတယ်"ဟု ကိုဖီအာနန်က သတင်းထောက်များကို ပြောကြားသွားသည်ဟု ဂျာကာတာမှ လာသည့် သတင်းများအရသိရှိရသည်။

ထိုသို့ဆွေးနွေးရာတွင် ကိုဖီအာနန်က ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အခြေအနေနှင့်ပတ်သက်၍ မေးမြန်းခဲ့ပြီး ဖွဲ့စည်းပုံရေးဆွဲရာတွင် ပြည်သူအားလုံးကိုပါဝင်ခွင့်ပေးရန်၊ လူတစ်ဦးတယောက်ချင်းစီအခွင့်အရေးနှင့် ဒီမိုကရေစီရပိုင်ခွင့်များကိုလေးစားရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို တိုက်တွန်းခဲ့သည်ဟု သိရှိရသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သူ၏ ရှားရှားပါးပါး ပြည်ပခရီးစဉ်အဖြစ် အာရှ-အာဖရိကထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး အငြင်းပွားဖွယ်ဖြစ်နေသော ၂၀၀၆ခုနှစ်တွင် မြန်မာက အာဆီယံအလှည့်ကျ ဥက္ကဋ္ဌဖြစ်ရေးကိစ္စနှင့် ပတ်သက်၍လည်း အာရှခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့သည်။ ယခုနှစ် အာရှ-အာဖရိကထိပ်သီးညီလာခံသည် ၁၉၅၅ခုနှစ်၊ ကိုလိုနီခေတ်လွန်နှစ်များအတွင်းက ဘက်မလိုက်လှုပ်ရှားမှုကို မွေးဖွားပေးလိုက်သော ဘန်ဒေါင်းညီလာခံကြီး၏ အနှစ် (၅၀)ပြည့်အထိမ်းအမှတ်ဖြစ်ပြီး နိုင်ငံပေါင်း (၁၀၀)ကျော်မှ နိုင်ငံအကြီးအကဲများ

စာမျက်နှာ (၆) ကော်လံ (၅) သို့...

မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

# ဗျိုင်းကို မောင်းထုတ်ဖို့က ပထမ

ပြီးခဲ့သည့် ဧပြီလ (၁၇)ရက်က သီးခြားလွတ်လပ်သောရှမ်းပြည်ယာယီအစိုးရကို ဖွဲ့စည်းလိုက်ကြောင်း၊ ပြည်ပရောက်ရှမ်းနိုင်ငံရေးသမားကြီးတချို့က ဧပြီလ (၂၃)ရက်နေ့တွင်ကြေညာသည်ဟုသိရှိရသည်။ ယင်းအစိုးရအဖွဲ့ကို မြန်မာနိုင်ငံပထမဆုံးသမတ စဝ်ရွှေသိုက်၏သားအကြီးဆုံးဖြစ်သူ ယခုအခါ ကနေဒါနိုင်ငံတွင်နေထိုင်လျှက်ရှိသော စဝ်ခမ်ဖဦးဆောင်ပါဝင်သည်ဟုဆိုသည်။

လွတ်လပ်သည့်ရှမ်းပြည်ယာယီအစိုးရအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးတာဝန်ယူထားသူ ခွန်ဟုမ်က ယာယီအစိုးရဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ "ကျနော်တို့မှာ ရွေးချယ်စရာမရှိဘူး။ ကျနော်တို့လုပ်ရမယ့်တခုတည်းသောလမ်းက ဒီလိုချုပ်ကိုင်မှုပြဿနာတွေအောက်ကထွက်နိုင်ဖို့ ကျနော်တို့လွတ်လပ်မှုကို ကိုယ့်ဖာသာတောင်းဆိုရမယ်။ ကြေညာရမယ်။ ကျနော်တို့ရဲ့ကံကြမ္မာကို ကိုယ့်ဘာသာ ဖန်တီးယူရမယ်။ ရှမ်းပြည်နယ်ဟာ တရားဝင်လွတ်လပ်ပြီးသားဖြစ်တာမို့ တကယ်လက်တွေ့ကျအောင် ကျနော်တို့လုပ်ဆောင်ဖို့ပဲလိုအပ်ပါတယ်"ဟု သတင်းဌာနများသို့ပြောကြားခဲ့သည်။

ဤကဲ့သို့ လွတ်လပ်သော ယာယီအစိုးရဖွဲ့စည်း၍ သီးခြားလွတ်လပ်ရေးကြေညာမှုအပေါ် မြန်မာနိုင်ငံရေးအသိုင်းအဝိုင်းမှ ဩဇာတိက္ကမကြီးမားသည့်ပုဂ္ဂိုလ်များနှင့် နိုင်ငံရေးပါတီ ကြီးများမှ လက်မခံကြောင်း၊အထူးသဖြင့် ရှမ်းပြည်နယ်ဆိုင်ရာ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ အပစ်ရပ်အဖွဲ့များသာမက SSRC ကလက်မခံနိုင်ကြောင်းထုတ်ဖော်ပြောကြားခဲ့သည့် သတင်းများ၊ ပြီးခဲ့သည် ဧပြီလနောက်ဆုံးပတ်အတွင်း မြန်မာ့သတင်းမီဒီယာများ၏ ရေပန်းအစားဆုံးသတင်းဖြစ်နေသည်ကို အကဲခတ်မိသည်။

အထူးသဖြင့် အဲန်အယ်လ်ဒီပြောခွင့်ရသူဦးလွင်က "ကြားဖြတ်အစိုးရဖွဲ့ရအောင်သူတို့ကို ဘယ်သူတွေက .... ဘယ်တုန်းက ရွေးချယ်လိုက်တယ်မသိဘူး။ သူ့နယ်မြေ ဘယ်မှာမှန်းလည်း မသိဘူး။ အခြေခံအားဖြင့်သူ့မှာ ခိုင်ခိုင်မာမာရပ်တည်နိုင်တဲ့အချက်မရှိပါဘူး"စသည်ဖြင့် ပြောကြားချက်အပေါ် ခွန်ဟုမ်က "အဲန်အယ်လ်ဒီဟာ ဗမာအစိုးရရဲ့အစိတ်အပိုင်းပါ"ဟု တုံ့ပြန်ပြောကြားချက်ကို လေ့လာကြည့်သောအခါ စစ်အုပ်စုတိုက်ဖျက်ရေးအင်အားစုများအကြား ပိုမိုရှုပ်ထွေးလာပြီး၊ စစ်အုပ်စုအတွက် သည်းခြေကြိုက်အခြေအနေများပေါ်ထွက်လာလေမည်လား စိုးရိမ်မကင်းဖြစ်ရသည်။

မှန်ပေသည်။ ပြည်ထောင်စုကိုချစ်သော အမျိုးသားအကျိုးစီးပွားကို လိုလားသော ပြည်သူတိုင်း၊ နိုင်ငံသားတိုင်း၊ ပါတီအဖွဲ့အစည်းတိုင်းသည် တိုင်းပြည်တစစီပြိုကွဲမည်ကို မလိုလားကြ။ ထို့ကြောင့် ခွဲထွက်ခွင့်ကိုဆန့်ကျင်ကြသည်။ သို့သော်"ခွဲမထွက်စေချင်လျှင် ခွဲမထွက်အောင်လုပ်"ဟူသော ဗိုလ်ချုပ်၏မိန့်မှာစကားကို တာဝန်ရှိသူတို့မမေ့သင့်ပေ။

ယနေ့ကာလအုပ်စိုးသူလူတန်းစားက ပြည်သူတို့၏ အခြေခံရပိုင်ခွင့်များကို နင်းချေပစ်ရုံသာမက တိုင်းရင်းသားအင်အားစုအားလုံးကို ကျွန်ဇာတ်သွင်းရန် စီမံစိုင်းပြင်လျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်သည်။ ပြည်တွင်းအင်အားစုတို့လိုလားသော ကိုးဆယ်ပြည့်ရွေးကောက်ပွဲရလဒ်အကောင်အထည်ဖော်ရေးသည်လည်းကောင်း၊ တိုင်းရင်းသားအင်အားစုတို့၏ လိုအင်ဆန္ဒဖြစ်သော သုံးပွင့်ဆိုင်ဆွေးနွေးပွဲသည်လည်းကောင်း လက်တွေ့အကောင်အထည်ဖော်နိုင်မည့်အခြေအနေကို မမြင်တွေ့ရတော့ပေ။ အမျိုးသားညီလာခံကို ပြည်သူ့ဆန္ဒနှင့်ကင်းလွတ်၍ ဆက်လက်ကျင်းပနေခြင်းနှင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ရှမ်းအပါအဝင် တမျိုးသားလုံး၏ခေါင်းဆောင်များဖြစ်သည့် ခွန်ထွန်းဦး၊ ဗိုလ်ချုပ်ဆေထင်တို့အား ဖမ်းဆီးထောင်ချထားခြင်းတို့က စစ်အုပ်စုနှင့်ပြည်သူကြား ပဋိပက္ခမှာ စေ့စပ်ဖြေရှင်း၍ မရနိုင်တော့ဟူသည့်အချက်ကို မီးမောင်းထိုးဖော်ပြခြင်းဖြစ်ပေသည်။ ထိုအခြေအနေသည် ဆက်လက်သည်းခံနိုင်ဖွယ်မရှိသော အခြေအနေဖြစ်သည်ဟူသောအယူအဆမှာ ပြည်သူအတွင်း ဖြည်းဖြည်းတိုးပွားလာနေသည်။ ဤကဲ့သို့ ရှမ်းပြည်အစိုးရဖွဲ့စည်းခြင်းမှာ ယင်းအယူအဆအား ရောင်ပြန်ဟပ်ဖော်ပြမှုတရပ်ဖြစ်သည်။

စစ်အုပ်စုသည် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားသွေးစည်းညီညွတ်ရေး၊ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးဟု ကြွေးကြော်နေသော်လည်း လက်တွေ့တွင်မူ အချုပ်အခြာအာဏာပျက်သုဉ်းရေး၊ အမျိုးသားပြိုကွဲရေး၊ ပြည်ထောင်စုပျက်သုဉ်းရေးကို ၎င်းတို့၏လုပ်ရပ်များက ရှေးရှုနေသည်။ အာဏာလက်မလွှတ်နိုင်ဘဲ စစ်အုပ်စု၏ အာဏာတည်မြဲရေးကို မိုက်ကန်းစွာဆက်လုပ်ဆောင်နေမှုက အမျိုးသားပြိုကွဲရေးဆီသို့သာ ရှေ့ရှုစေမည်မှာဖြစ်သည်။ ဤနေရာတွင် ပေါက်ပင်သည် သူ့အလိုအလျောက်ကိုင်းရခြင်းမဟုတ်။ ဗျိုင်းနားလို့သာ ကိုင်းရခြင်းဖြစ်သည်။ နားလာသည့်ဗျိုင်းအား သေနတ်ဖြင့်ပစ်ချမောင်းထုတ်ပါက ပေါက်ပင်သည် ပြန်၍တည့်မတ်သွားလိမ့်မည်။ ကိုင်းရကောင်းလားဟု ပေါက်ပင်အားသာအပြစ်ဆိုအံ့။ လောကပါလတရားနှင့် ညီညွတ်အံ့မထင်။ နှောင်းလူတို့ ကဲ့ရဲ့မှုကိုခံရနိုင်သည်။

ဤသို့ဆို၍ ရှမ်းပြည်ယာယီအစိုးရဖွဲ့စည်းခြင်းကို ထောက်ခံခြင်းမဟုတ်၊ မဖွဲ့စည်းသင့်။ ဦးဟန်ညောင်ရွှေပြောသကဲ့သို့ တိုင်းရင်းသားအားလုံး ညီညွတ်မှုဖြင့်သာလုပ်ရမည်။ ဘုံလုပ်ငန်းစဉ်ကို စစ်အုပ်စုပြုတ်ချရေး အင်အားစုအားလုံးအတွက် ရေးဆွဲရမည်။ လက်ဝဲ၊ လက်ယာခွဲခြားခြင်း၊ လူမျိုးခွဲခြားခြင်းများကို ရှောင်ကြဉ်နိုင်ရမည်ဖြစ်သည်။ စစ်အုပ်စုပြုတ်ကျမှသာ အားလုံးသဘောတူညီနိုင်မည့် ငြိမ်းချမ်းသော၊ တန်းတူသော အခြေခံဒီမိုကရေစီနှင့် လူ့အခွင့်အရေးများပြည့်ဝသော တစည်းတလုံးတည်းရှိသည့် နိုင်ငံတော်သစ်ကို ထူထောင်နိုင်မည်ဖြစ်သည်။ ထိုသို့ထူထောင်နိုင်ရန်မှာ တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူရေးကို အာမခံချက်ရှိရှိ လက်တွေ့ကျင့်သုံးနိုင်ရေးသည်သာ အဓိကလိုအပ်ချက်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

❖

# ရှမ်းနိုင်ငံတော်ထူထောင်ခြင်းသည် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် [SNLD] ၏ ကျင့်သုံးသော မူဝါဒသဘောထားနှင့် ဆန့်ကျင်ဘက်ဖြစ်



ရှမ်းပြည်ယာယီအစိုးရအဖွဲ့မှ စဝ်ခမ်ဖ (ဝဲ)နှင့် စစ်ခွန်ဟုမ် (ယာ)

ဧပြီလ (၁၇)ရက်နေ့က ပြည်ပရောက်ရှမ်းအဖွဲ့၏ ရှမ်းပြည်ယာယီအစိုးရဖွဲ့စည်းကြောင်း ကြေညာလိုက်သည့်အပေါ် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ကကန့်ကွက်ကြောင်း ကြေညာချက်ထုတ်ပြန်လိုက်သည်။

ဧပြီ (၂၃)ရက်နေ့စွဲဖြင့် ထုတ်ပြန်သော ယင်းကြေညာချက်တွင် ပြည်ပရောက်ရှမ်းအဖွဲ့၏ လွတ်လပ်သောရှမ်းနိုင်ငံ ကြေညာခြင်းကို ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)က လုံးဝလက်မခံနိုင်ကြောင်း၊ ရှမ်းအဖွဲ့ချုပ်သည် ပြည်ထောင်စုမှ သီးခြားခွဲထွက်ရေးမူကို မည်သည့်အခါမှ လက်ခံကျင့်သုံးခဲ့ခြင်းမရှိသလို၊ နောင်အခါတွင်လည်း လက်ခံကျင့်သုံးမည်မဟုတ်ကြောင်းနှင့် ရှမ်းအဖွဲ့ချုပ်သည် ယခုလွတ်လပ်ရေးကြေညာသောအဖွဲ့နှင့် ပက်သက်ခြင်းမရှိကြောင်း ဖော်ပြထားသည်။

ပြည်ပရောက်ရှမ်းအဖွဲ့၏ လွတ်လပ်သော ရှမ်းပြည်ကြေညာခြင်းနှင့်ပတ်သက်၍ နဖကသတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး ပြည်ထောင်စုအားဖြိုခွဲသည့် ယင်းလုပ်ရပ်တွင် ဦးခွန်ထွန်း၏ ရှမ်းအဖွဲ့ချုပ် (SNLD)လည်း ပါဝင်နေသည်ဟု စွပ်စွဲခဲ့ပြီးနောက်တနေ့တွင် ရှမ်းအဖွဲ့ချုပ်က ယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

ရှမ်းတိုင်းရင်းများဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၉၀ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြီးလျှင်အမတ်ဦးရေအများဆုံး အနိုင်ရထားသော နိုင်ငံရေးပါတီဖြစ်သည်။

အဖွဲ့ချုပ်ခေါင်းဆောင်များဖြစ်သော ဦးခွန်ထွန်းဦး၊ ဦးစိုင်းညွန့်လွင်နှင့် စဝ်သားဦးတို့ကို နအဖက ဖေဖော်ဝါရီလကတည်းက ဖမ်းဆီးထားပြီး၊ နိုင်ငံတော်ကိုပုန်ကန်ရန် ကြိုးပမ်းသည်ဟု စွဲချက်တင်စစ်ဆေးနေချိန်တွင် ရှမ်းအဖွဲ့တဖွဲ့က ယခုကဲ့သို့လွတ်လပ်ရေးကြေညာလိုက်သည့်အတွက် အခြေအနေပိုမိုရှုပ်ထွေးလာနိုင်သည်ဟု နိုင်ငံရေးကျွမ်းကျင်သူများက ပြောဆိုနေကြသည်။

ထို့အပြင် ပြည်ပရောက်ရှမ်းအဖွဲ့၏ ယခုလုပ်ရပ်သည် "ပြည်ထောင်စုကြီး ပြိုကွဲမည့်အခြေအနေကို အချိန်မှီကယ်တင်လိုက်ရသည်"ဟု အစဉ်တစိုက်ဝါဒဖြန့်ခဲ့သော နအဖအလိုကျဖြစ်သွားသည်ဟု ဒီမိုကရေစီအင်အားစုများဘက်က ယူဆနေကြသည်။

ပြည်ပရောက်ရှမ်းအဖွဲ့တဖွဲ့သည် မြန်မာနိုင်ငံ၏ ပထမဆုံးသမတ ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်၏ သားအကြီးဆုံး စဝ်ခမ်ဖကို သမတအဖြစ်တင်မြှောက်ကာ လွတ်လပ်သော ရှမ်းပြည်ယာယီအစိုးရဖွဲ့စည်းလိုက်ကြောင်း ဧပြီလ (၁၇)နေ့က ကြေညာခဲ့သည်။

ထိုသို့ ရှမ်းအစိုးရဖွဲ့စည်းရခြင်းနှင့်ပတ်သက်၍ ရှမ်းအစိုးရအဖွဲ့မှ နိုင်ငံခြားရေးဝန်ကြီးအဖြစ်တာဝန်ယူထားသူ စဝ်ခွန်ဟုမ်က စစ်အစိုးရအဆက်ဆက်သည် မဟာဗမာလူမျိုးကြီးဝါဒကိုဆုပ်ကိုင်ထားပြီး တိုင်းရင်းသားများကိုဖိနှိပ်အုပ်ချုပ်ခဲ့သဖြင့်၊ တိုင်းရင်းသားများ၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်အတွက် သီးခြားနိုင်ငံထူထောင်ခြင်းသာတစ်ခုတည်းသော ရွေးစရာလမ်းဖြစ်သည်ဟု ဆိုသည်။

လူမျိုးစုအခွင့်အရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေးအတွက် ဦးဆောင်ကြိုးပမ်းနေသော ကရင်အမျိုးသားအစည်းအရုံး ကေအဲန်ယူမှ အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာက "မြန်မာပြည်မှာရှိတဲ့ တိုင်းရင်းသားလူမျိုးစုအားလုံးဟာ အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိကြတယ်လို့ ကျနော်တို့အဲ့သလိုပဲ အသိအမှတ်ပြုထားပါတယ်။ ရှမ်းတွေမှာလည်း သူတို့အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတာပဲ။ အခုဒီလိုဖြစ်သွားတဲ့ကိစ္စက အဓိကအနေနဲ့ကတော့ စစ်အုပ်စုမှာတာဝန်ရှိတယ်လို့ ကျနော်တို့ ယူဆတယ်။ ရှမ်းအမျိုးသားတွေ ဘယ်လောက်ထိ ဖက်ဒရယ်ရေးနဲ့ပက်သက်လို့ ကြိုးပမ်းခဲ့သလဲဆိုတာ တပြည်လုံးသိတာပဲ။ တကမ္ဘာလုံးသိတာပဲ။ ဒါပေမယ့် သူတို့ရဲ့ဒီလိုကြိုးပမ်းမှုတွေဟာ (၅၈) နှစ်အတွင်းမှာ ဘာတစ်ခုမှ အကောင်အထည်ဖော်လို့မရခဲ့ဘူး။ ဒါကြောင့်မို့သူတို့ဟာ တခြားဆန့်ကျင့်ဘက်ကို တွန်းပို့ခံရတဲ့အခြေအနေဟာ တော်တော်ကြီးမားပါတယ်"ဟု ဆိုသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်လ်ဒီ)ကလည်း သီးခြားလွတ်လပ်ရေးကြေညာခြင်းသည် တိုင်းရင်းသားအရေးနှင့်စပ်လျဉ်း၍ အဖွဲ့ချုပ်ကချမှတ်ထားသော မူဝါဒနှင့်မကိုက်ညီ၍ လက်မခံကြောင်း ဧပြီလ (၁၉)ရက်နေ့ကတည်းက ဘောထားထုတ်ပြန်ထားပြီးဖြစ်သည်။

❖



# ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအထူးစာမျက်နှာ အမှတ်စဉ် (၄)

ပြည်သူ့လွှတ်တော်အစည်းအဝေးကို သင့်တော်သောအချိန်တွင်ခေါ်ယူရန် ပြည်သူ့လွှတ်တော်ရေးရာကော်မတီမှ စီအာရ်ပီပီသို့ အကြံပြုစာတမ်း တင်သွင်းခဲ့သည်။ ယင်းစာတမ်းမှာ စီအာရ်ပီပီ၏ သမိုင်းပေးလုပ်ငန်းတာဝန်ကို ညွှန်ပြထားခြင်းဖြစ်သည်ဟု ယုံကြည်သည့်အလျောက် မိုးကြိုးစာဖတ်ပရိတ်သတ် ဖတ်ရှုနိုင်ရန်အတွက် ဖော်ပြအပ်ပါသည်။

# ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသို့ ပြည်သူ့ရေးရာကော်မတီမှ တင်သွင်းသည့် အကြံပြုစာတမ်း




ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ဦးစောမြအောင်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၉၀ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ကျင်းပပြုလုပ်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် (၈၂) ရာခိုင်နှုန်းအားဖြင့် အနိုင်ရခဲ့သော်လည်း ရွေးကောက်ပွဲပြုလုပ်ပေးထားသော အစိုးရသည် ရွေးကောက်ပွဲပြီး (၈)နှစ်ကျော်ကာလတိုင် ပြည်သူ့လွှတ်တော်ကို ခေါ်ယူပေးရန် ပျက်ကွက်ခဲ့သည်။

စစ်မှန်သောဒီမိုကရေစီစနစ်၏ ပဓာနကျသော အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်ရခြင်းဖြစ်၍ လွတ်လပ်၍ တရားမျှတသော ပါတီစုံရွေးကောကပွဲများတွင် ပြည်သူလူထုမှ ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော်တရပ်ကိုဖွဲ့စည်း လျက်တိုင်း ပြည်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့်လည်း တိုင်းပြည်နှင့်ပြည်သူလူထု၏ အကျိုးအတွက် ပြည်သူ့လွှတ်တော် ခေါ်ယူပေးရန် သက်ဆိုင်ရာအစိုးရသို့ အကြိမ်ကြိမ်တောင်းဆိုခဲ့ပေသည်။ သို့ရာတွင် နဝတ/ နအဖဟူသော အစိုးရအဖွဲ့က အမည်ပြောင်းလဲခဲ့ပြီး၊ ပြည်သူ့လွှတ်တော်ခေါ်ယူပေးရမည့်အစား အနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုသာ နည်းမျိုးစုံဖြင့် ဖျက်ဆီးချေမှုန်းလျက်ရှိပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အမျိုးသားညီလာခံတက်ရောက်လျက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် စစ်မှန်သောဒီမိုကရေစီစနစ်အခြေခံမူများ ချမှတ်နိုင်ရန် ဆွေးနွေးရာ ညီလာခံကျင်းပရေးကော်မရှင်သည် ၎င်းတို့ခေါ်ယူထားသည့် ကိုယ်စားလှယ်အများစုနှင့် ဒီမိုကရေစီစနစ်ကို ဆန့်ကျင်သောအခြေခံမူများကိုသာ ချမှတ်ခဲ့ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အခြေခံမူဝါဒများအပေါ်အခြေခံကာ တိုင်းပြည်နှင့် ပြည်သူလူထုအပေါ် အစဉ်အမြဲသစ္စာစောင့်သိလျက် ပူးပေါင်းဆောင်ရွက်သင့်သည့်ကိစ္စများတွင် ဒီမိုကရေစီရေးအတွက် သဘောထားကြီးကြီးဖြင့် ဆောင်ရွက်ခဲ့ပေသည်။

စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်တွင် နိုင်ငံရေးပါတီများ၏ လွတ်လပ်ပိုင်ခွင့်၊ ဖွဲ့စည်းပိုင်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့်များ ဖော်ဆောင်ရပါမည်။ သို့ရာတွင် ယနေ့အခြေအနေသည် တရားဝင်ရပ်တည်ထားသည့်ပါတီများကိုပင် ဖျက်ဆီးလျက် ပါတီများ၏ ရပ်တည်ပိုင်ခွင့်များကို ချေမှုန်းလျက်ရှိခြင်းမှာ ပါတီစုံဒီမိုကရေစီစနစ်ကို စနစ်တကျ ဖျက်ဆီးနေခြင်းသာဖြစ်သည်။

၁၉၉၇ ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့တွင် ပြည်သူ့လွှတ်တော်ခေါ်ယူပေးရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ကြိုတင်အသိပေးအကြောင်းကြားခဲ့သော်လည်း၊ အစိုးရမှ ပြည်သူ့လွှတ်တော်ခေါ်ယူပေးခြင်းမရှိဘဲ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အဖွဲ့ချုပ်ဝင်များကို ဖမ်းဆီးထိန်းသိမ်းခဲ့ပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တာဝန်အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပေးအပ်ထားသည့် (MANDATE) လုပ်ပိုင်ခွင့်ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကိုဖွဲ့စည်းလျက် ပြည်သူ့လွှတ်တော်ပေါ်ပေါက်လာရေးအတွက် ဥပဒေအရ ဆောင်ရွက်ခဲ့ပေသည်။

ယနေ့အချိန်ကာလသည် တိုင်းပြည်နှင့် ပြည်သူလူထု၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေးများပါအကျပ်အတည်းများဖြင့် ဆိုးဆိုးရွားရွားကြုံတွေ့နေရသည့် အချိန်ကာလဖြစ်ပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားထိုခိုက်နေသည့် အခြေအနေများကို ရေရှည်မျက်ကွယ်ပြု၍မရပါ။ ပြည်သူလူထုမှ ရွေးကောက်တင်မြှောက်ထားသည့် အများစုအနိုင်ရပါတီအနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအနေဖြင့် ဒီမိုကရေစီကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ ပေးအပ်ထားသည့်တာဝန်အရ ပြည်သူ့လွှတ်တော်ကို ခေါ်ယူရမည်ဖြစ်ပေသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အများစု၏ ပေးအပ်ထားသည့် (MANDATE) လုပ်ပိုင်ခွင့်အရ၊ ပထမတကြိမ် ပြည်သူ့လွှတ်တော်ခေါ်ယူရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ပြည်သူ့လွှတ်တော်အစည်းအဝေးကို သင့်တော်သောအချိန်တွင် ခေါ်ယူရန်ဖြစ်ပါသည်။

ယင်းကဲ့သို့ခေါ်ယူသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသည် ပူးတွဲဖော်ပြပါ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ (မူကြမ်း) အတိုင်းဆောင်ရွက်သွားရန်အကြံပြုပါသည်။

❖

**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အများစု၏ ပေးအပ်ထားသည့် (MANDATE) လုပ်ပိုင်ခွင့်အရ၊ ပထမတကြိမ် ပြည်သူ့လွှတ်တော်ခေါ်ယူရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ပြည်သူ့ လွှတ်တော်အစည်းအဝေးကို သင့်တော်သောအချိန်တွင် ခေါ်ယူရန်ဖြစ်ပါသည်။**

## မိုးကြိုးစာဖတ်ပရိတ်သတ်များသို့ ....

စတင်ထုတ်ဝေသည်မှ ယနေ့အထိ မိုးကြိုးသည် "ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား ထောက်ခံကြ "ဟူသည့် ဆောင်ပုဒ်ကို နဖူးစီးတွင် မြင့်မားစွာလွှင့်ထူဆဲဖြစ်သည်။ စီအာရ်ပီပီ (ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ) ရည်မှန်းချက်များသည် ပြည်သူတရပ်လုံး၏ အနာဂတ်မျှော်မှန်းချက်များကို ဖြည့်စွမ်းမည်ဟု ယူဆသည့်အပြင် ယနေ့ဒီမိုကရေစီတော်လှန်ရေးကြီး၏ ရှေ့ဆောင်တပ်ပေါင်းစုကြီး သဖွယ်ဖြစ်သည်ဟု ယုံကြည်သည်။

သို့ပါ၍ ၂၀၀၅ ဖေဖော်ဝါရီမှစ၍ စီအာရ်ပီပီ (ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ)စာမျက်နှာကို လစဉ်တင်ဆက်သွား မည်ဖြစ်ပါသည်။

အယ်ဒီတာအဖွဲ့
မိုးကြိုးသတင်းစဉ်
မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီ

# ကုတ်ကြီးကြီး တခေါင်းရယ် အာခိမိဒီရယ်

ဇွန်ပိုင်း

(၁)

'ကြယ်တွေအားလုံး ခြိုးပွဲချ
လမင်းမျက်လုံး အဖောက်ခံရတဲ့ည
မိစ္ဆာမာန်ဖီ စစ်သွေးကြွ
သွေးစွန်းဓါးတွေ အရောင်သ
မိုးခြိမ်းသံတွေ ကိုယ်ထင်ပြ
နှလုံးသားတွေကို ယဇ်ပူဇော်တဲ့ည'

ကျနော် ကြက်သီးဖျန်းဖျန်းထသွားတယ်။

ဆရာထိုက်သူနိုင် စီစဉ်တဲ့ ဒီပဲယင်း ကျောက်စာစီဒီကို ကျနော် ကြည့်မိနေတာပါ။

ဒီဓါး ....သွေးစွန်းခဲ့တာ အတော်တောင်ကြာခဲ့ပြီပဲ။

ရာစု တဝက်နီးနီး။ မဟုတ်သေးဘူး။ ရာစုတဝက်တောင်ကျော်ခဲ့ပါပကောလား။

ဒီတညဟာ ....အဲဒီဓါးကို သူရဲကောင်းတွေရဲ့သွေးနဲ့ အရောင်ထပ်ခဲ့တဲ့ည။ အလွန်ကို အကျည်းတန်ခဲ့တဲ့ ....ည။

ဒီညမှာ ကြယ်တွေအားလုံး ခြိုးပွဲချခဲ့ကြပါတယ်။

(၂)

၂၀၀၂ မေ (၆)ရက်နေ့မှာ နေအိမ်အကျယ်ချုပ်က ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးလိုက်ပါတယ်။

တဆက်တည်းပဲ 'သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်လိုက်ပါပြီ။

'နိုင်ငံသားတိုင်း နိုင်ငံရေးလုပ်ငန်းတွေမှာ ပါဝင်လုပ်ကိုင်ခွင့်ပြုလိုက်ပါပြီ' ဆိုတာတွေကို ကြားလိုက်ရပါတယ်။

ဗိုလ်ချုပ်ခင်ညွန့်ရဲ့သား ရဲနိုင်ဝင်းလုပ်တဲ့ living colour ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်းမှာတောင် ဒီသတင်းဟာ 'ဒီလသတင်းထူး' အဖြစ် ဖော်ပြခံရတဲ့သတင်းပါ။

တယ်ဟုတ်ပါလား ....။

ယုံကြည်မှုတွေ အတော့်ကိုတည်ဆောက်နိုင်ပြီပေါ့။ အဲဒီလိုလား။

'တိမ်တောင်သဖွယ် မင်းရေကျယ်'ဆိုတဲ့စကားကလည်း ရှိနေသေးလေတော့ ....

(၃)

ကုတ်တခုရယ်၊ ကုတ်ထောက်ဖို့ မြေတနေရာရယ်ရရင် ကမ္ဘာကြီးကိုတောင်ရွှေ့ပစ်နိုင်တယ်လို့ အာခိမိဒိကပြောဖူးတယ်။

ဒီအခြေအနေသစ်ဟာ ကုတ်တခုလည်းဖြစ်ပြီး၊ ကုတ်ထောက်စရာ မြေတနေရာလည်းဖြစ်နေပြီလား။

ဘာပဲပြောပြော ကမ္ဘာကြီးကိုတွန်းရွှေ့ဖို့အတွက် ကျနော်တို့အားလုံး အာခိမိဒိဖြစ်ခဲ့ကြပါတယ်။

(၄)

ပိတ်ထားတဲ့ ရုံးခန်းတွေ ပြန်ဖွင့်ဖို့၊ အားလျော့၊ အားပျက်ဖြစ်နေတဲ့ မြို့နယ်စည်းတွေနှင့် လူငယ်လုပ်ငန်းအဖွဲ့တွေကို စနစ်တကျပြန်လည်ဖွဲ့စည်းဖို့ ဒေါ်စုရဲ့ စည်းရုံးရေးခရီးစဉ်ကို စတင်ခဲ့ပါတယ်။

မွန်ပြည်နယ်၊ မကွေးတိုင်း၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ် စတဲ့နေရာအနှံ့အပြား။

မွန်ပြည်နယ်နှင့် မကွေးတိုင်းမှာ သိသိသာသာ အနှောက်အယှက် အပေးမခံရသေးပေမယ့် လူထုနဲ့ဒေါ်စုကို (သို့မဟုတ်)လူထုနှင့် အဲန်အယ်လ်ဒီကို ပေါင်းစပ်သွားမှာကို သေမှာလို ကြောက်နေတဲ့ စစ်အုပ်စုဟာ ....

ရခိုင်ပြည်နယ်ခရီးစဉ်မှာ စပြီးဒုက္ခပေးလာတယ်။

ချင်းပြည်နယ်ကျတော့ ပိုဆိုးလာပြီ။ လမ်းတွေဖျက်ထားတာ၊ တံတားတွေချိုးထားတာ စတဲ့အောက်လမ်းနည်းတွေပါ ပါလာပြီ။

ကချင်ပြည်နယ်ခရီးစဉ်ကျတော့ တော်လှန်ရေးအင်အားစုတွေနှင့်ဒေါ်စုကို မဆုံစည်းနိုင်အောင် ဥာဏ်နီဉာဏ်နက်တွေများပြပြန်တယ်။

အဲဒီကမှ မိုးမိတ်၊ ပြီးတော့ မိုးကုတ်။

(၅)

ဒေါ်စုက မိုးကုတ်မြို့သူမြို့သားတွေကို ဒီစကားနှင့် နှုတ်ခွန်းဆက်ပါတယ်။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နိုင်ငံရေးပါတီအဖြစ်နှင့် ၁၉၈၈ခုနှစ်က မှတ်ပုံတင်စဉ်ကတည်းက ကျမတို့ရဲ့ ရည်ရွယ်ချက်အနေနှင့် မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ထွန်းကားဖို့အတွက်နှင့်၊ မြန်မာနိုင်ငံမှာ အာဏာရှင်စနစ် ဘယ်တော့မှ ထပ်ပြီးတော့ မပေါ်ပေါက်စေရေးအတွက် ဒီအဖွဲ့ကိုဖွဲ့ပါတယ်လို့ ကြေငြာခဲ့တာပါ"

မိုးကုတ်လူထုဟာ ဒေါ်စုတို့ ယာဉ်တန်းကို ကြောက်ခမန်းလိလိ ကြိုဆိုကြပါတယ်။

ရှစ်ဆယ့်ရှစ်အရေးတော်ပုံကြီးအတွင်းက ကျဆုံးသွားခဲ့ရတဲ့ သူတို့ရဲ့ဘော်ကို ....၊

၁၉၉၀ မေ ၂၇ ရက်နေ့က သူတို့ကိုယ်တိုင်ပေးခဲ့ကြတဲ့ မဲတွေကို ....၊

သူတို့ဘယ်မှာ မေ့နိုင်ကြမှာလဲ။

> "မုံရွာလူထုရဲ့ လှိုက်လှဲတဲ့ရင်ထဲက ဒီကြွေးကြော်သံတွေကို ဗိုလ်ချုပ်မြင်းစီး ကြေးသွန်းရုပ်ထုဟာ ပြုံးပြီးများ ကြည့်နေလေမလား။ ဒါမှမဟုတ် ....။ ယိမ်းထိုးနေတဲ့ မီးရောင်တွေဟာ ဗိုလ်ချုပ်ကြေးရုပ်အပေါ် လင်းသွားလိုက် မှိန်သွားလိုက် ....။"

'ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ ....။'

'ဥက္ကဋ္ဌကြီးဦးတင်ဦး ကျန်းမာပါစေ ....'

အသံတွေဟာ မိုးကုတ်တမြို့လုံးကို သိမ့်သိမ့်တုန်သွားတယ်။

မြို့လယ်က အင်းရေပြင်ကလည်း လှိုင်းတွေနဲ့ ခုန်ပေါက်နှုတ်ဆက်တယ်။

တချို့ပြည်သူတွေက မေးမယ်။

ဘာကိစ္စ၊ ပြည်သူလူထုအကျိုးအတွက် ဒီအဖွဲ့က လုပ်နေရတာလဲ။

ဘာဖြစ်လို့ ကျနော်တို့အကျိုးအတွက် ခင်ဗျားတို့အဖွဲ့က လုပ်နေရတာလဲလို့ မေးခွန်းထုတ်ရင်လည်း ထုတ်နိုင်ပါတယ်။

အဲဒီတော့ ....ကျမတို့ကတော့ ယုံကြည်ချက်အရပဲ။

ယုံကြည်ချက်အရဆိုတာ ....

ကျမတို့ မြန်မာနိုင်ငံမှာ တိုးတက်ဖို့ဟာက ဒီမိုကရေစီစနစ်လိုတယ်ဆိုတဲ့ ယုံကြည်ချက်ပဲ။"

ဒေါ်စုဟာ သူ့ယုံကြည်ချက်အပေါ်မှာလည်း သူယုံကြည်တယ်။

သူ့လူထုအပေါ်မှာလည်း သူယုံကြည်တယ်။

အဲဒီယုံကြည်မှုတွေနဲ့ သူမမျက်နှာဟာ လန်းဆန်းတက်ကြွနေတယ်။

အလားတူပဲ မိုးကုတ်တမြို့လုံးဟာလည်း ယုံကြည်မှုတွေနဲ့ လန်းဆန်းတက်ကြွနေပါတယ်။

(၆)

'ပြည်ထောင်စုကို ဖျက်ဆီးသူ တို့ရန်သူ'

'နယ်ချဲ့အားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများကို ဆန့်ကျင်ကြ'

'Get Out'ဆိုတဲ့ပိုစတာတွေ ကိုင်ထားသူများ။

အဲဒီကြွေးကြော်သံတွေကို စိတ်ပါလက်ပါ လိုက်အော်နေသူများ။

အသံချဲ့စက်ကို ဒေါ်စုတို့ ယာဉ်ကြောဘက်ဆီကို၊ ပြီးတော့ ဒီယာဉ်တန်းကို လာကြိုနေသူတွေဆီကို မျက်နှာမူပြီး ကုန်းရုန်းအော်ဟစ်နေသူများ။

သူတို့နောက်မှာ လက်ပိုက်ပြီး မျက်နှာကြောတင်းတင်း၊ မျက်မှန်တဝင်းဝင်းနဲ့ ကြောင်ကိုလက်ကလေးနဲ့သပ်နေတဲ့ ဆရာကြီးများ။

ကျနော်တို့ဘက်ဆီက အသံတစ်ခု ....

'ဗိုလ်ချုပ်အောင်ဆန်းသမီးကို ချစ်တဲ့သူတွေ ဒီဘက်ကိုလာကြပါ။'

မြင်ကွင်းက စုံလာတယ်။ လူတွေကရောနေတယ်။ မိုးကုတ်နှင့်မတ္တရာကြား မြင်ကွင်းဟာ စစ်အုပ်စုက ပြဿနာရှာတဲ့ မြင်ကွင်းပါပဲ။

အခန့်မသင့်ရင် ပြဿနာတက်သွားနိုင်တယ်။

အထိန်းအသိမ်းမတတ်ရင် ရုန်းရင်းဆန်ခတ်ဖြစ်သွားစေနိုင်တယ်။

ဇာတ်ဆရာတွေကတော့ သူဇာတ်ကိုသူ စပြင်နေပါပြီ။

(၇)

၂၀၀၃ မေ (၂၇)ရက်နေ့က မန္တလေးမှာ။

"မန္တလေး ဘယ်လောက်အရေးပါသလဲဆိုတာ ကျမတို့သိပါတယ်။

မန္တလေးဟာ ဒုတိယမြို့တော်ဆိုပေမယ့်လည်း မြန်မာနိုင်ငံသားများရဲ့ နှလုံးသားထဲမှာ ပထမပဲဆိုတာ ကျမတို့ရိပ်မိပါတယ်။"

အစချီတဲ့ နှုတ်ခွန်းဆက်စကားနဲ့ စဖွင့်လိုက်တဲ့အခါမှာတော့ ....

'ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ'ဆိုတဲ့ အသံတွေဟာ ကောင်းကင်တခုလုံး ဟိန်းတက်သွားပါတယ်။

"နဝတရဲ့ပြောဆိုချက်မှာ .... ပြည်သူလူထုကနေပြီးတော့ ဒီရွေးကောက်ပွဲကနေ တဆင့် ရွေးကောက်တင်မြှောက်လိုက်တဲ့အဖွဲ့ဟာ အစိုးရဖွဲ့ရမယ်ဆိုပြီး ကတိကဝတ်ပေးခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ဒီကတိကဝတ်အတိုင်း မလုပ်ခဲ့ပါဘူး။

နဝတဟာ တကယ်က .... ဒီရွေးကောက်ပွဲရလာဒ်တွေကို အကောင်အထည်ဖော်ရမှာ။

ရွေးကောက်ပွဲရလာဒ်တွေကို အသိအမှတ်ပြုရမှာဖြစ်ပါတယ်။

ကျမတို့ ပြည်သူလူထုဟာလည်း ဒီရွေးကောက်ပွဲရလာဒ်တွေကို ဘယ်တော့မှ မမေ့ဖို့လိုပါတယ်။ ကျမတို့ သမိုင်းမှာဆိုလို့ရှိရင် နိုင်ငံရေးအရ မမေ့ရမည့်ကိစ္စတွေထဲမှာ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ဟာလည်း အပါအဝင်ဖြစ်ပါတယ်။

ပြည်သူလူထုကို မျှော်လင့်ချက်ပေးပြီးတော့မှ ဒီမျှော်လင့်ချက်ကို ဖျက်တယ်ဆိုတာ မလုပ်ကောင်းတဲ့ ကိစ္စပါ။

အစကတည်းက ပြည်သူလူထုရဲ့ဆန္ဒကို မလိုက်နာချင်လို့ရှိရင် သတ္တိရှိရှိနှင့် ရွေးကောက်ပွဲကို မလုပ်ပေးဘူးလို့ ပြောရဲရမှာပေါ့။"

လူထုကြီးရဲ့ လက်ခုပ်သံ၊ အော်ဟစ်နှုတ်ဆက်သံတွေကို ကြားလိုက်ရတဲ့အခါ ကျနော့်ရင်တွေ တလှပ်လှပ်ခုန်လာတယ်။

ဒီရင်ခုန်မှုမျိုး ကျနော်ဟာ ရှစ်ဆယ့်ရှစ်အရေးတော်ပုံကာလမှာ ခုန်ခဲ့ဖူးတယ်။

ကြည်နူးမှုတွေ၊ ချမ်းမြေ့မှုတွေ၊ ယုံကြည်မှုတွေနဲ့ ပြည့်နေတဲ့ မန္တလေးရဲ့ညများပါပဲ။

(၈)

'သူရဲကောင်းတွေ ကျောတွေဖြန့်ခင်းကြ။

အမှောင်ထုကို လက်ဆင့်ကမ်းကန်ချ။
အရိုးတွေကို မီးမြှိုက်အလင်းပေးကြ။
အလင်းအတွက် အသက်တွေရင်းတဲ့ည'

မုံရွာညဟာ ဖယောင်းတိုင်မီးပင်လယ်ဖြစ်လို့နေပါတယ်။ ဘာဖြစ်လို့လဲ။ စစ်အုပ်စုဟာ တမြို့လုံးကို မီးဖြတ်ထားလို့ပါ။

မီးပဲ ဖြတ်ဖြတ်၊ ရေပဲ ဖြတ်ဖြတ်။

လူထုရှိရင် မီးလည်းရှိတယ်။ ရေလည်းရှိတယ်။ ဘာမဆို ရှိတယ်။

လူထုရှိရင် သတ္တိရှိတယ်၊ ယုံကြည်ချက်ရှိတယ်၊ ပိုင်းဖြတ်မှုရှိတယ်။ အောင်ပွဲလည်းရှိတယ်။

"ကျမတို့ပါတီကို ဒီမိုကရေစီရရှိရေးအတွက် ဖွဲ့စည်းခဲ့တာဖြစ်တာကြောင့် ကျမတို့ဟာ တာဝန်အရရော၊ ဒီမိုကရေစီ မူပိုင်ခွင့်အရရော ဒီမိုကရေစီရေးအတွက် တတိုင်းပြည်လုံးမှာ လုပ်နေတာဖြစ်ပါတယ်။"

'ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ'

'ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ'

မုံရွာလူထုရဲ့ လှိုက်လှဲတဲ့ရင်ထဲက ဒီကြွေးကြော်သံတွေကို ဗိုလ်ချုပ်မြင်းစီး ကြေးသွန်းရုပ်ထုဟာ ပြုံးပြီးများ ကြည့်နေလေမလား။ ဒါမှမဟုတ် ....။ ယိမ်းထိုးနေတဲ့မီးရောင်တွေဟာ ဗိုလ်ချုပ်ကြေးရုပ်အပေါ် လင်းသွားလိုက် မှိန်သွားလိုက် ....။

ညမှောင်မှောင်ကို မီးရောင်တွေက ဖြိုခွင်းထိုးဖောက်နေတဲ့ ဒီမြင်ကွင်းဟာ ကြည့်လို့ကောင်းလိုက်တာ။

ဒါတွေဟာ လုပ်ယူလို့မရဘူးနော်။

'တအိမ်တယောက် မထွက်မနေရ၊ မလာရင် ဒဏ်ငွေ ၂၀၀'ဆိုတာမျိုးနဲ့ လုပ်လို့မရဘူး။

သူတို့ရဲ့ အသံတွေဟာ သူတို့ရဲ့ရင်ထဲကလာတာဖြစ်ပြီး၊ သူတို့ရဲ့ ဆန့်တန်းလိုက်တဲ့ လက်ရုံးတွေဟာ သူတို့ရဲ့ နှလုံးသားထဲကလာတာဖြစ်ပါတယ်။

"ကျမတို့နိုင်ငံတိုးတက်ဖို့ဆိုတာ တကယ်စဉ်းစားလိုက်မယ် ဆိုလို့ရှိရင် .... ကျမတို့နိုင်ငံသားတွေမှာ လိုအပ်တဲ့အရည်အချင်းဟာ ဒီ (၂)ခုပဲ။

မလုပ်သင့် မလုပ်ထိုက်တာကို မလုပ်ရဲတဲ့သတ္တိ ....။

လုပ်သင့်လုပ်ထိုက်တာကို လုပ်ရဲတဲ့သတ္တိ ....။"

(၉)

'ပန်းတွေသွေးနဲ့ ထောင်းထောင်းထ

စာမျက်နှာ (၉) ကော်လံ (၄) သို့...

# နှစ်ရှည်အကျဉ်းသား ကိုတင်အေးကြူ (ခေါ်) ကဗျာဆရာမောင်မှိုင်းလွင် ပြန်လည်လွတ်မြောက်လာ



အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုပါတီ၏ အထွေထွေအတွင်းရေးမှူး ကိုတင်အေးကြူ

၁၉၈၉ခုနှစ်ကတည်းက အကျဉ်းချခံထားရသူ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုပါတီ၏ အထွေထွေအတွင်းရေးမှူး ကိုတင်အေးကြူသည် ဧပြီလ (၂၆)ရက်နေ့က မန္တလေးအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာပြီးဖြစ်သည်။

ကိုတင်အေးကြူခေါ် ကဗျာဆရာမောင်မှိုင်းလွင်သည် ၁၉၈၉ခုနှစ်က ပုဒ်မ ၅(ည)ဖြင့် ထောင်ဒဏ်အနှစ်(၂၀) ချမှတ်ခံထားရသူဖြစ်သည်။

ထို့နောက် ၁၉၉၂ခုနှစ် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ ထောင်ဒဏ်(၁၀)သို့ ပြောင်းလဲသတ်မှတ်ပေးခဲ့သော်လည်း လွတ်ရက်စေ့သောအခါ ပုဒ်မ(၁၀)ဖြင့် ဆက်လက်ထိန်းသိမ်းခံရပြီး ထောင်ထဲတွင် (၁၆)နှစ်နီးပါးနေခဲ့ရသည်။

ကိုတင်အေးကြူသည် တံတားဦးဇာတိဖြစ်ပြီး ရန်ကုန်စက်မှုတက္ကသိုလ်တွင် ကျောင်းတက်နေစဉ် (၁၉၇၅–၇၆)ခုနှစ်က ဖြစ်ပွားသော မှိုင်းရာပြည့်အရေးတော်ပုံတွင် ရှေ့တန်းက ပါဝင်ခဲ့သဖြင့် ထောင်ချခံခဲ့ရပြီး "အနှစ်(၆၀)လွတ်ငြိမ်းချမ်းသာခွင့်အမိန့်"ဖြင့် ပြန်လွတ်လာခဲ့သည်။

ပြန်လွတ်လာပြီးနောက် ကျောင်းဆက်တက်ခွင့်မရတော့သဖြင့် HGPစာမေးပွဲကို ဖြေဆိုကာ ရှေ့နေအဖြစ်လုပ်ကိုင်ခဲ့သည်။

၁၉၈၈ အရေးတော်ပုံကြီးတွင် ရှေ့နေသပိတ် ကော်မတီက ဦးဆောင်ဖွဲ့စည်းသော အမျိုးသား နိုင်ငံရေးတပ်ပေါင်းစုပါတီ၏ ပါတီအတွင်းရေးမှူးဖြစ်ခဲ့ပြီး၊ ၁၉၈၉ခုနှစ်တွင် အဖမ်းခံခဲ့ရသည်။

ဦးတင်အေးကြူသည် ကျန်းမာရေးအခြေအနေကောင်းမွန်နေပြီး၊ မြန်မာနိုင်ငံရေးအပေါ် အချိန်ယူလေ့လာဦးမည်ဟု ပြောဆိုကြောင်းညီဖြစ်သူကို ကိုးကားသော ဒီဗွီဘီသတင်းတပုဒ်တွင် ဖော်ပြထားသည်။ ❖

# ဦးကျော်ခင်အား နှစ်ရှည်ထောင်ဒဏ်ချမှတ်နေသည့်အပေါ် အေအေပီပီက ကြေညာချက်ထုတ်ပြန်

ဧပြီလ (၈)ရက်နေ့က တောင်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင်ကို အာဏာပိုင်များက ထောင်ဒဏ် (၁၄)နှစ် ချမှတ်ခံလိုက်ရသည့်အပေါ် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့က ကြေညာချက်တစောင် ထုတ်ပြန်လိုက်သည်။

ဧပြီလ (၁၂)နေ့ နေ့စွဲဖြင့် ထုတ်ပြန်သော ယင်းကြေညာချက်တွင် ဦးကျော်ခင်အား ယခုကဲ့သို့ ထောင်ဒဏ်ချမှတ်ခံရခြင်းသည် (၈)နှစ်နီးပါးထောင်ကျခံရရာ ပြန်လွတ်လာသည့်နေ့မှစ၍ ရေတွက်လျှင် တလနှင့် (၂၂)ရက်သာရှိသေးကြောင်း ဖော်ပြထားသည်။

နအဖက စစ်ထောက်လှမ်းရေးအဖွဲ့အား "ပြည်သူများကို ဖိနှိပ်သည်"ဟုဆိုကာ ယမန်နှစ်က ဖျက်သိမ်းပစ်ခဲ့သော်လည်း နိုင်ငံရေးသမားများကို ဆက်လက်ဖမ်းဆီးနေသည့်အပြင် ပြည်သူများအပေါ် အပြစ်ကျူးလွန်နေသည့်အတွက်ယခင် စစ်ထောက်လှမ်းရေးများနှင့် လက်ရှိနအဖမှာ သဘောထားတစ်ခုတည်းဟု ဆိုနိုင်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် နအဖသည် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်သူကိုယ်စားလှယ်များကို အမျိုးသားညီလာခံတွင် ပါဝင်ခွင့်မပြုဘဲ ပြည်သူ့တို့၏ဆန္ဒဖြစ်သော ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ် မပြုရုံသာမက ဒီမိုကရေစီလိုလားသူများကို ဖမ်းဆီးထောင်ချနေသည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ကြောင့် နအဖ၏ "ဥပဒေအထက်တွင် ဘယ်သူမှ မရှိစေရ"ဟူသော အပြောနှင့် လက်တွေ့လုပ်ဆောင်နေမှုများသည် အပြောတမျိုးအလုပ်တစ်မျိုးဖြစ်နေပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် အကျိုးမရှိသည့်အပြင် နိုင်ငံတကာဥပဒေများကို ချိုးဖောက်နေရာရောက်သည်ဟု အေအေပီပီက ထောက်ပြထားသည်။

ဦးကျော်ခင်သည် တောင်ကြီးတက္ကသိုလ်မှ ကျောင်းသူတဦးအား ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံဖြန့်ဝေခဲ့သဖြင့် အာဏာပိုင်များ၏ ဖမ်းဆီးခြင်းကိုခံခဲ့ရပြီး၊ ဓာတ်ပုံကို လက်ဝယ်တွေ့ရှိသူဟု စွပ်စွဲခံထားရသူ ကျောင်းသူကိုယ်တိုင်နှင့် တရားလိုပြရှေ့နေများက ဦးကျော်ခင်က မိမိအားသဘောရိုးဖြင့် ပေးခြင်းဖြစ်ပြီး သင်တန်းအတွင်း နိုင်ငံရေးစည်းရုံးခြင်းမပြုလုပ်ခဲ့ပါဟု ထွက်ဆိုသော်လည်း နိုင်ငံရေးစာရွက်စာတမ်းဖြန့်ဝေမှုပုဒ်မ၊ ပုံနှိပ်ထုတ်ဝေမှုပုဒ်မတို့ဖြင့် ပြစ်မှုမထင်ရှားဘဲ မတရားထောင်ချခဲ့ခြင်းဖြစ်သည်ဟု ဦးကျော်ခင်၏ ရှေ့နေက သတင်းဌာနများကို ပြောဆိုထားသည်။

တရားရုံးတွင် ဦးကျော်ခင်က ပြည်သူ့ပြည်သူ့ကိုယ်စားလှယ်ပီပီ ရောက်သည့်နေရာတွင် ပြည်သူ့အကျိုးအတွက် အစွမ်းကုန်ဆောင်ရွက်သွားမည်ဟု ထွက်ဆိုသွားကြောင်း သိရှိရသည်။ ❖

# နိုင်ငံရေးအကျဉ်းသားများနှိပ်စက် ညှဉ်းပန်းခံနေရ

နအဖ အကျဉ်းထောင်ထဲတွင် နိုင်ငံရေးအကျဉ်းသားများကို အာဏာပိုင်များက နည်း အမျိုးမျိုးဖြင့် ညှဉ်းပန်းခံနေရသည်ဟု သတင်းများအရ သိရှိရသည်။

ထောင်ကကျွေးသော ထမင်းသိုးနေသဖြင့် လဲပေးရန်ပြောဆိုမိ၍ မတ်လ (၈)ရက်နေ့က ကိုမျိုးမင်းဇော်၊ ကိုမောင်မောင်မြတ်၊ ကိုကျော်ညွန့်တို့ကို မန္တလေးထောင် အာဏာပိုင်များက တိုက်ပိတ်လိုက်သည်ဟု နိုင်ငံအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)ကဧပြီလ (၆)ရက်နေ့ နေ့စွဲဖြင့် ကြေညာချက်ထုတ်ပြန်ထားသည်။

မတ်လ (၂၆)ရက်နေ့ကလည်း ကိုဘိုဘိုနှင့် ကိုရဲထွန်းကျော်တို့ကို ထောင်ပုံစံထိုင်ရာတွင် ပုံစံမကျသောကြောင့်ဟုဆိုကာမန္တလေးထောင်အာဏာပိုင်တို့က တိုက်ပိတ်လိုက်သည်။ ပုံစံမထိုင်၍တိုက်ပိတ်ခံရသူ နောက်တဦးမှာ (၂၀၀၂)ခုနှစ်က ဒေါ်အောင်ဆန်းစုကြည်အတွက် ရွှေခမောက်ပြုလုပ်ပေး၍ အင်းစိန်ထောင်တွင် ထောင်ချခံထားရသူ ဦးရွှေမောင်းဖြစ်သည်။

ဦးရွှေမောင်းက သူ့အားချမှတ်ထားသော ထောင်သက်တမ်းပြည့်သွားပြီးဖြစ်သည့်အတွက် ထောင်ပုံစံမထိုင်ခြင်းဖြစ်ကြောင်း ထောင်ဝင်စာသွားတွေ့သော ဇနီးဖြစ်သူကို ကိုးကား၍ သတင်းဌာနများကဆိုသည်။ ဦးရွှေမောင်သည် ပြီးခဲ့သည့်နိုဝင်ဘာလကတည်းထောင်ဒဏ် (၃)နှစ်ပြည့်သွားပြီးဖြစ်သော်လည်း အာဏာပိုင်များက ပြန်လွှတ်မပေးခဲ့ပေ။

ထို့အပြင် (၁၉၉၈)ခုနှစ်က အဖမ်းခံထားရသော ကိုဇော်မင်းဦးကို အင်းစိန်ထောင်အာဏာပိုင်များရိုက်နှက်ထားပြီး ဒဏ်ရာကြောင့် အသက်အန္တရာယ်စိုးရိမ်ရသောအခြေအနေတွင်သူ့ကို စစ်ခွေးတိုက်သို့ ပြောင်းရွှေ့ချုပ်နှောင်ထားသည်ဟု သိရှိရသည်။ ဤအတောအတွင်း ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ (ဗကသ)၏ ထုတ်ပြန်ကြေညာချက်တွင် မြင်းခြံထောင်တွင် အကျဉ်းကျခံနေရသော ကိုရဲကျော်စွာသည် စိတ်ရောဂါ အခြေအနေဆိုးရွားနေပြီး ကျန်းမာရေးအခြေအနေဆိုးနေသော ကိုသက်နောင်စိုး၊ ကိုကျော်လင်းထွန်း၊ ကိုသန့်စင်အောင်နှင့် ကိုမျိုးမင်းဇော်တို့ကို အာဏာပိုင်များက လုံလောက်သောဆေးဝါးအကူအညီမပေးကြောင်း ဖော်ပြထားသည်။

ထို့အပြင် (၂၀၀၃) ခုနှစ်က ဆိုင်ကယ်တိုက်မှုဖြင့် အမှုဆင်ပြီး အင်းစိန်ထောင်တွင် ထောင်ချခံထားရသူ ပဲခူးတိုင်း တောင်ငူလွှတ်တော်အမတ်ဦးအောင်မြင့်စိုးသည် ဆီးချိုနှင့် သွေးတိုးရောဂါများ အပြင်းအထန်ခံစားနေရသည်ဟု သတင်းများကဆိုသည်။

နအဖထောင်ထဲတွင် အကျဉ်းချခံနေရသူ နိုင်ငံရေးအကျဉ်းသား (၁၄၀၀)ရှိပြီး ၁၉၈၈ ခုနှစ်မှ ယခုနှစ်အထိထောင်ထဲတွင် အသက်ဆုံးခဲ့ရသူ နိုင်ငံရေးအကျဉ်းသား (၉၀)ကျော်သွားပြီးဖြစ်သည်။ ❖

# ရခိုင်တော်လှန်ရေးသမားကြီး ရဲဘော်ကျော်မြ ကွယ်လွန်ရှာပြီ

မြန်မာနိုင်ငံရေးလှုပ်ရှားမှုသမိုင်းတွင် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု သမိုင်းစဉ်တလျှောက်လုံး ရှေ့တန်းက ပါဝင်ခဲ့သူ၊ ရခိုင်အမျိုးသား နိုင်ငံရေးခေါင်းဆောင်ကြီး ရဲဘော်ကျော်မြ (၉၀–နှစ်)သည် ဧပြီလ (၂၁)ရက်နေ့၊ ညနေ (၃ နာရီ ၁၃ မိနစ်က)အချိန်က တရုတ်ပြည်၊ ခွန်မင်မြို့၊ ဆေးရုံတခုတွင် ကွယ်လွန်အနိစ္စရောက်သွားရှာပြီဖြစ်သည်။

ဦးကျော်မြကို ၁၉၁၅ ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်နေ့တွင် အဘဦးကျော်ထွန်း၊ အမိဒေါ်စံသူတို့မှ ပလက်ဝမြို့တွင် မွေးဖွားခဲ့ပြီး၊ ၁၉၃၃ ခုနှစ်တွင် စစ်တွေမြို့၊ အစိုးရအထက်တန်းမှ (၁၀)တန်းအောင်မြင်ခဲ့သည်။

၁၉၄၀ နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်စာဂုဏ်ထူးဖြင့်အောင်ပြီး ကျောက်ဖြူမြို့တွင် အထက်တန်းပြဆရာအဖြစ် (၂) နှစ် အမှုထမ်းခဲ့တယ်။

၁၉၃၃ ခုနှစ် ဆယ်တန်းကျောင်းသားဘဝကစ၍ နဂါးနီအသင်းမှထုတ်ဝေသော လက်ဝဲစာပေများလိုက်စားခဲ့ပြီး၊ ကျောင်းသားနိုင်ငံရေးလှုပ်ရှားမှုတွင် စတင်ပါဝင်လာခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းဥက္ကဋ္ဌအဖြစ်ဦးဆောင်သော ဗကသတွင် ပါဝင်ခဲ့ပြီး စစ်တွေ ဗကသကို ဦးဆောင်ဖွဲ့စည်းပေးခဲ့သူလည်းဖြစ်ပါသည်။

၁၉၄၄ ခုနှစ် ဖက်ဆစ်တော်လှန်ရေးကာလအတွင်းက ဦးညိုထွန်း၊ ဦးကျော်ရင်တို့ကဲ့သို့ ထင်ရှားသောရခိုင်ခေါင်းဆောင်တဦးဖြစ်ပြီး ၁၉၄၆ ခုနှစ်၊ ရခိုင်ဒေသတွင် ဗမာပြည်ကွန်မြူနစ်ပါတီဖွဲ့စည်းရာတွင် တာဝန်ယူဆောင်ရွက်သည်။

၁၉၄၈ ခုနှစ် ရခိုင်ဒေသ ခုခံရေးစစ်ပွဲ၏ ခေါင်းဆောင်တဦးဖြစ်ခဲ့သူ ဦးကျော်မြသည် ၁၉၅၈ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အရံဗဟိုကော်မတီဝင်၊ ၁၉၆၂ ခုနှစ်တွင် တင်းပြည့်ဗဟိုကော်မတီဝင်၊ ၁၉၇၅ ခုနှစ်တွင် ဗဟိုကော်မတီ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် စသည်ဖြင့် အဆင့်ဆင့်တာဝန်ပေးအပ်ခံရသည်။

၁၉၇၉ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၌ ပါတီဗဟို ဝါဒဖြန့်ချီရေးဌာနနှင့် ပညာရေးဌာနတာဝန်ခံ၊ ထို့နောက်ဗဟိုတပ်ပေါင်းစုဌာနတာဝန်ခံတို့ကို ထမ်းဆောင်ခဲ့သည်။

၁၉၈၅ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီ တတိယအကြိမ် ပါတီကွန်ဂရက်တွင် ပါတီဗဟိုကော်မတီ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်အဖြစ် ရွေးကောက်တင်မြောက်ခြင်း ခံခဲ့ရသည်။

ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ဦးစိန်နဲ့အတူ၊ သားတယောက်၊ သမီး (၄)ယောက် ကျန်ရစ်ခဲ့သည်။ ❖



ရခိုင်တော်လှန်ရေးသမားကြီး ရဲဘော်ကျော်မြ

# မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့် ကျန်းမာရေးဆိုးရွားနေ



မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေဝင်းမြင့်

မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့်သည် လည်ပင်းကျဉ်းပေါင်းတက်ရောဂါကြောင့် ပြီးခဲ့သည့်လက ရန်ကုန်ဆေးရုံကြီးတွင်ဆေးကုသမှုခံယူခဲ့ရပြီး ယခုအခါ ကျန်းမာရေးဆိုးရွားနေကြောင်း သိရှိရသည်။

ဒေါ်မေဝင်းမြင့်သည် လည်ပင်းကျဉ်းပေါင်းတက်ရောဂါအပြင်၊ နှလုံးရောဂါ၊ သွေးကြောကျဉ်းရောဂါများကို လည်းခံစားနေရပြီး၊ မျက်စိရောဂါလည်း သက်သာမှု မရှိသေးကြောင်းဒေါ်မေဝင်းမြင့်၏ ခင်ပွန်းဖြစ်သူကို ကိုးကား၍ ဒီဗွီဘီသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဒေါ်မေဝင်းမြင့်ကို အဖွဲ့ချုပ်လူငယ်များဖွဲ့စည်းရန်ကြိုးပမ်းမှုဖြင့် နအဖက ထောင်ဒဏ် (၇)နှစ်ချမှတ်ခဲ့ပြီး၊ လွတ်ရက်စေ့သောအခါ နိုင်ငံတော်လုံခြုံရေးပုဒ်မဖြင့် ဆက်လက်ချုပ်နှောင်ခဲ့သည်။ ❖

# “တို့ ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးသလေ”



တချိန်က ကမ္ဘာ့ထေရဝါဒဗုဒ္ဓဘာသာ၏ အသည်းနှလုံးဖြစ်ခဲ့သော မြန်မာတို့၏ ရှေးဟောင်းမြို့တော် ပုဂံမြေ

● ၁၃ ရာစုနှောင်းမှာ ပုဂံမြေကို ရောက်လာတဲ့ ခရီးသည်ကြီး မာကိုပိုလိုက “ခေါင်းလောင်းသံတွေက တချွင်ချွင်၊ ရွှေပိန်းချထားတဲ့ စေတီပုထိုးတွေစီရရီနဲ့ ခမ်းနားထည်ဝါ လှပါပေရဲ့”လို့ ဖော်ပြခဲ့ပါတယ်။ အဲ့ဒီအချိန်က ပုဂံဟာ ခက်ခဲကျပ်တည်းတဲ့အခြေအနေအောက် ရောက်နေရချိန်ပါ။ ကူဗလိုင်ခန့်ရဲ့ မွန်ဂိုတပ်တွေက ဒီအင်ပါယာကို ဝင်ရောက်ကျူးကျော်ကြလို့ တိုင်းပြည်မငြိမ်မသက်ဖြစ်နေရချိန်ပါ ......●

ငြိမ့်ငြိမ့်ညင်သာစွာ ကွေ့ချိုးစီးဆင်းသွားတဲ့ ဧရာဝတီမြစ်ကြီးရဲ့အနီး၊ ဟောဒီနေရာမှာ အုတ်ချပ်တွေနဲ့ တည်ထားခဲ့တဲ့ (၁၃)ရာစုက စေတီပုထိုးအမျိုးမျိုးဟာ မိုးဆီသို့ ငွားငွားစွင့်စွင့်တည်ရှိနေပါတယ်။ ဒါဟာ ဗုဒ္ဓဘာသာယဉ်ကျေးမှုထွန်းကားရာ ဒီနိုင်ငံရဲ့ ကြီးကျယ်ခမ်းနားခဲ့တဲ့ အထိမ်းအမှတ်၊ အဆောက်အဦးတွေတည်ရှိရာ ပုဂံမြေပါ။ တချိန်က ဒီနေရာဟာ“ကမ္ဘာ့ထေရဝါဒ ဗုဒ္ဓဘာသာရဲ့အသည်းနှလုံး” ဖြစ်ခဲ့တယ်။ ဟောဒီနေရာမှာ အင်ပါယာတစ်ခု ထူထောင်ခဲ့တယ်ဆိုတဲ့အကြောင်းကို ဒီအဆောက်အဦးတွေက သက်သေခံနေကြပါတယ်။

အခုအချိန်မှာတော့ ဒီစေတီပုထိုးတွေ၊ ဘုံပြာသာဒ်တွေ၊ စုလစ်မွမ်းချွန်တွေဟာ ပုဂံမြို့ရဲ့ ဆည်းဆာချိန်မိုးကုတ်စက်ဝိုင်းကိုစိုးမိုးမယ့် တစ်ခုတည်းသောပုံရိပ်တွေ မဟုတ်ကြတော့ပါဘူး။

ဒီနေရာနဲ့ မီတာ(၁၀၀)လောက်အကွာမှာ အသစ်ဆောက်လိုက်တဲ့ ပေ (၂၀၀) အမြင့်ကွန်ကရစ်မျှော်စင်ကြီးက ရှေးဟောင်းအဆောက်အဦးတွေ ထောင်နဲ့ချီတည်ရှိတဲ့ လွင်ပြင်ထက်မှာ မားမားရင့်ရင့်ကြီး ဝင်ရောက်နေရာယူလို့နေပါပြီ။ ရှေးခေတ် ပဒေသရာဇ်မင်းများက သူတို့ရဲ့ ဘုန်းမီးနေလတောက်ပမှုကို မြင့်မားတဲ့အဆောက်အဦးတွေ၊ အုတ်ချပ်တွေ ဖောဖောသီသီသုံးစွဲထားတဲ့ ဗိမာန်နန်းဆောင်တွေ၊ ပန်းပုရုပ်ထုတွေ၊ နံရံဆေးရေးပန်းချီတွေနဲ့ စီရင်ချယ်သခဲ့ကြပါတယ်။ အခုလဲ ဒီနိုင်ငံကို လွှမ်းမိုးချယ်လှယ်နေတဲ့ စစ်အာဏာရှင်တွေက သူတို့ရဲ့မြင့်မားတဲ့ ကွန်ကရစ်မျှော်စင်ကြီးကို အားကျမခံ ဝင်ရောက်တည်ဆောက်နေကြလေရဲ့။ ဒီမျှော်စင်နေရာဟာ ကုလသမဂ္ဂအဖွဲ့ကြီးက လွန်ခဲ့တဲ့ဆယ်ခုနှစ်များစွာကတည်းက ကမ္ဘာ့အမွေအနှစ်အဖြစ်သတ်မှတ်ပြီး ထိန်းသိမ်းစောင့်ရှောက်ဖို့ကြိုးစားခဲ့တဲ့ ဧရိယာအတွင်းမှာရှိပါတယ်။

ဒီမျှော်စင်ကို စတင်တည်ဆောက်တော့ ဝေဖန်သံတွေက အုတ်အော်သောင်းသဲပါ။ သဘာဝဝန်းကျင်ချစ်မြတ်နိုးသူတွေ၊ ခရီးသွားလုပ်ငန်းအမှုဆောင်တွေကလည်း ဒီစီမံကိန်းကို ဝေဖန်ပြစ်တင်ခဲ့ကြပါတယ်။ ဒါပေမယ့် ဘယ်သူတစ်ဦးတစ်ယောက်ကမှ အစိုးရကို ပြစ်တင်ဝေဖန်ဖို့ မဝံ့ရဲခဲ့ကြပါဘူး။ မင်းပြစ်မင်းဒဏ်သင့်ခံရမှာ ကြောက်ရွံ့ကြလို့ပါ။

“ကျနော်တို့ဒီအစိုးကို မတိုက်ခိုက်ရဲပါဘူးဗျား။ သူတို့က အကြွင်းမဲ့အာဏာနဲ့ ထိန်းချုပ်ထားတာ” ဒါက မြန်မာပြည်က သဘာဝဝန်းကျင် ထိမ်းသိမ်းစောင့်ရှောက်ရေးအရာရှိတစ်ဦးရဲ့ ပြောစကားပါ။

ဒီမျှော်စင်အပြင် ရှေးခေတ်နန်းတော်နဲ့ပုံစံတူ ကွန်ကရစ်အဆောက်အဦးတစ်ခုကိုလည်းအာဏာပိုင်တွေက ဆောက်လုပ်နေပါ

## စေ၁မင်းထိုက်ကျော်

တယ်။ ဒါဟာ တစ်ချိန်က အရှေ့တောင်အာရှအင်ပါယာကို စိုးမိုးအုပ်ချုပ်နိုင်ခဲ့တဲ့ ကေရာဇ်ဘုရင်ရဲ့ခြေရာကိုနင်းဖို့ ပလ္လင်နေရာကို သူတို့ရဲ့ဖန်တီးဉာဏ်လေးနဲ့လုပ်နေကြတာ ထင်ပါရဲ့။

“ရေကူးကန်တွေ ဂေါက်ကွင်းတွေနဲ့ သူတို့ရဲ့ စိတ်ကူးယဉ်နန်းတော်ကြီးကို တည်ဆောက်ဖို့အတွက် ရှေးဟောင်းယဉ်ကျေးမှုအမွေအလွန်ကြွယ်ဝတဲ့ဒီမြေကြီးကို သူတို့က တူးကြဆွကြတယ်။ ခင်ဗျား ဒါတွေကို မြင်ရင် လန့်ဖျန့်ပြီး ထအော်မိလိမ့်မယ်”လို့ အမည်မဖော်လိုတဲ့ထိုင်းနိုင်ငံက သဘာဝဝန်းကျင်ချစ်မြတ်နိုးသူတစ်ဦးက ဆိုပါတယ်။

၁၃ ရာစုနှောင်းမှာ ပုဂံမြေကို ရောက်လာတဲ့ ခရီးသည်ကြီး မာကိုပိုလိုက “ခေါင်းလောင်းသံတွေက တချွင်ချွင်၊ ရွှေပိန်းချထားတဲ့ စေတီပုထိုးတွေစီရရီနဲ့ ခမ်းနားထည်ဝါလှပါပေရဲ့”လို့ ဖော်ပြခဲ့ပါတယ်။ အဲ့ဒီ အချိန်က ပုဂံဟာ ခက်ခဲကျပ်တည်းတဲ့အခြေအနေအောက်ရောက်နေရချိန်ပါ။ ကူဗလိုင်ခန့်ရဲ့ မွန်ဂိုတပ်တွေက ဒီအင်ပါယာ ကိုဝင်ရောက်ကျူးကျော်ကြလို့ တိုင်းပြည်မငြိမ်မသက်ဖြစ်နေရချိန်ပါ။ ဒီစစ်တပ်တွေက ဘုရားတွေဖောက်၊ ဌာပနာတွေယူတဲ့ ရတနာမုဆိုးတွေရဲ့နောက်က လိုက်လာခဲ့ကြတဲ့အချိန်ပေါ့။

၁၉၇၅ မှာ မြေငလျင်အကြီးအကျယ်လှုပ်တော့ အဆောက်အဦးတော်တော်များများ ပြိုကျပျက်စီးခဲ့ရပြန်ပါတယ်။ အခုတစ်ခါ ကမ္ဘာ့အကြီးကျယ်ဆုံးနဲ့ သမိုင်းဝင်စိတ်ကူးယဉ် ဒစ်စနေ (Disney style)နယ်မြေကြီးတစ်ခုကို အာဏာရှင်တွေက တလွဲဉာဏ်နဲ့ တီထွင်ဖန်ဆင်းနေကြပြန်ပါပြီ။ သူတို့ဟာ တကယ့်ကို အံ့ချီးလောက်တဲ့ ရှေးဟောင်းစေတီပုထိုးတွေ ဘုံပြာသာဒ်တွေရဲ့ကြားမှာ ကရော်ကမယ်ပစ္စည်းပစ္စယတွေသုံးထားတဲ့ သူတို့ရဲ့ ပုံပန်းမကျတဲ့အဆောက်အဦးတွေကို အယွင်းယွင်းအချွတ်ချွတ်တည်ဆောက်နေကြပြန်ပါပြီ”လို့ ယူနက်စကိုအဖွဲ့ကြီးရဲ့ အစီအစဉ်ကျွမ်းကျင်သူ ခရစ်စတီယန်မန်ဟတ်က ပြောပါတယ်။

ဒီလိုကန့်ကွက်ဝေဖန်လို့ ခရစ်ခတီယန်မန်ဟတ်ဟာ နအဖကမနှစ်မြို့တဲ့ နာမည်ဆိုးစာရင်းဝင် (Persona Non Grata)ဖြစ်သွားပါတယ်။

ဒီမျှော်စင်ကြီးရဲ့ပုံသဏ္ဍာန်က စီးကရက်တလိပ်နဲ့တူပြီး အပြင်ကနေ ကြောင်လိမ်လှေကားနဲ့ ရစ်ခွေထားပါတယ်။ အထက်မှာ ပတ်ဝန်းကျင်ကိုကြည့်ရှုဖို့ နေရာသုံးခုရှိပြီး အမိုးထက်ကိုတော့ လွန်လွန်ကဲကဲအပြောက်အမွှမ်းတွေနဲ့ ချယ်သထားပါတယ်။ ဒီမျှော်စင်ဝန်းကျင်မှာ အပန်းဖြေဟိုတယ်တစ်ခုရှိပြီး ၂ဒါဇင်လောက်ရှိတဲ့ အပန်းဖြေ ဇိမ်ခံတစ်ထပ်တိုက်ကလေးများကလည်း ဆောက်လုပ်ဆဲပါ။

ဒီဒေသဟာ ရေပြတ်လပ်မှုဒဏ်ကို ကာလနှစ်ရှည်ခံခဲ့ရပေမယ့် အစိုးရတူးဖော်ထားတဲ့ ရေကူးကန်တွေကတော့ “ရေအေးကြည်စွာ ကန်ပိုင်မာနှင့် မြကန်သာဖြစ်နေပါပြီ။ မကြာလှတော့တဲ့ကာလအတွင်းမှာ ဒီမျှော်စင်ကို ခရီးသွားများအတွက် ဖွင့်လှစ်ပါတော့မယ်။ ခရီးသွားလာရေးစည်းမျဉ်းစည်းကမ်းတွေကလည်း ဒီနယ်မြေတစ်ခုလုံးမှာ အသက်ဝင်လာတော့မှာပါ။

“ဒီမျှော်စင်ဆိုတာက တကယ့်ကို ကျော်မကောင်းကြားမကောင်းပါဗျာ။ ကမ္ဘာကြီးရဲ့ တကယ့်အဖိုးဖြတ်မရတဲ့ အဆောက်အဦးတွေ အခုလိုဖြစ်ပျက်နေတာကို လူတွေသိရင် ယမ်းပုံမီးကျဖြစ်ကြမှာ”လို့ အငြိမ်းစားအရာရှိတစ်ဦးက ဆိုပါတယ်။

“တကယ်တော့ ပုဂံကို ပြန်ပြီးပြုပြင်လိုက်၊ မွမ်းမံလိုက်နဲ့ ပုဂံမြို့ကြီးဟာလည်း နိုင်ငံရေးသမားတွေရဲ့ အသုံးချခံလက်နက်တခုလိုဖြစ်ခဲ့ရတာ ကြာလှပေါ့”တဲ့။

(Intermational Heral Tribane မှ Thomas Crampton ၏ သတင်းဆောင်းပါးကို ပြန်လည်တင်ပြခြင်းဖြစ်သည်။) ❖



ပုဂံ အလှကို ဝင်ရောက်ဖျက်ဆီးနေသော နအဖ၏ နန်းမြင့်မျှော်စင်

# ညောင်နှစ်ပင်ညီလာခံကို ယခုနှစ်ကုန်ပိုင်းအထိ ရပ်နားထားမည်

ရန်ကုန်တိုင်း မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကွင်းတွင် ယခုနှစ် ဖေဖော်ဝါရီ (၁၇)ရက်နေ့ကပြန်လည်စတင်ခဲ့သော နအဖ၏ညောင်နှစ်ပင်အမျိုးသားညီလာခံကို ပြီးခဲ့သည့်ဧပြီလကုန်ပိုင်းတွင် ရုတ်တရက်ထပ်မံရပ်နားလိုက်ပြီဟု သိရှိရသည်။

ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုဗိုလ်ချုပ်ကြီး သိန်းစိန်က“ညီလာခံကိုယ်စားလှယ်များ၏ တင်ပြထားမှုများကို အချိန်ယူပြီး ပြုစုရမည်ဖြစ်သောကြောင့် အမျိုးသားညီလာခံအား ခေတ္တရပ်နားပြီး ယခုနှစ် နှစ်ကုန်ခါနီးခန့်တွင် ပြန်လည်ကျင်းပသွားမည်ဟု ညီလာခံကိုယ်စားလှယ်များကို ရှင်းလင်းချက်ပေးသည်။

ယခုညီလာခံကာလအတွင်း ဥပဒေပြုရေးနှင့်ပက်သက်၍ အခြေခံမူများ ချမှတ်နိုင်ခဲ့ပြီး ပြန်လည်ကျင်းပသည့်အခါ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးမည်ဟု သိရှိရသည်။

နအဖသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ချက်ကို ကြေညာခဲ့ပြီး ပထမအဆင့်အဖြစ် အမျိုးသားညီလာခံကို မိမိစိတ်ကြိုက် ကိုယ်စားလှယ်များနှင့် ကျင်းပနေခဲ့သည်။

(၁၉၉၀)ရွေးကောက်ပွဲတွင် ပြည်သူများက ရွေးချယ်ထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့ကိုယ်စားလှယ်များ တက်ရောက်ခြင်းမရှိသော နအဖ၏အမျိုးသားညီလာခံကို ကမ္ဘာ့ကုလသမဂ္ဂ၊ အီးယူ ဥရောပသမဂ္ဂ၊ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့ကလည်း စစ်မှန်ခြင်းမရှိသော ညီလာခံအဖြစ် ကန့်ကွက်ထားသည်။

ညီလာခံတွင် နအဖကတင်ပြထားသော အနာဂတ်နိုင်ငံရေးဦးဆောင်မှုအခန်းတွင် တပ်မတော်က ဦးဆောင်ပါဝင်နိုင်ရေး ဦးတည်ချက်ကို ငြိမ်းချမ်းရေးယူထားသော လက်နက်ကိုင်အဖွဲ့များက ကျေနပ်မှုမရှိဘဲ၊ ငြိမ်းအဖွဲ့များကတင်ပြထားသော ဖက်ဒရယ်မှုနှင့်ပက်သက်၍လည်း နအဖကသဘောမတူနိုင် ဖြစ်နေဆဲဖြစ်သည်။ ❖

**ရှေ့ဖုံးမျက်နှာ သတင်း မှ အဆက် ...**

တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ဆိုးရွားသောလူ့အခွင့်အရေးမှတ်တမ်းများကြောင့် အမေရိကန်၊ ဥရောပသမဂ္ဂနိုင်ငံများနှင့်၊ အာရှနိုင်ငံတချို့က မြန်မာကို အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ပေးရေးကိစ္စကို ကန့်ကွက်ထားပြီး အာဆီယံအဖွဲ့အတွင်း၌လည်း သဘောတူညီမှုမရဖြစ်နေဆဲဖြစ်သည်။

သို့သော် နအဖက အာဆီယံဥက္ကဋ္ဌဖြစ်ရေးသည် မိမိနိုင်ငံ၏ပြည်တွင်းရေးကိစ္စဖြစ်ပြီး နိုင်ငံတကာဖိအားကြောင့် လမ်းလွှဲသွားမည်မဟုတ်ဟု ဆိုသည်။ ❖

တကယ်တော့ ဦးစိုးဝင်းအကြောင်း ရေး ဖို့ ရည်ရွယ်ထားတာ ကြာပါပြီ။ ဦးစိန်ဝင်း၊ ဦးတင်မောင်ဝင်း၊ ဦးညိုဝင်းတို့နဲ့ ရှေ့ဆင့် နောက်ဆင့် ဆက်တိုက်ဆိုသလို ကွယ်လွန်ခဲ့ သူဟာ ဦးစိုးဝင်းဖြစ်ပါတယ်။ သူတို့အားလုံး ဟာ စစ်အစိုးရရဲ့ အကျဉ်းထောင်တခုဖြစ် တဲ့ 'အင်းစိန်ထောင်'မှာ အကျဉ်းကျခံနေရ စဉ်မှာ ကွယ်လွန်သွားခဲ့ကြပါတယ်။ သူတို့ လေးဦးစလုံး ၁၉၉၁ ခုနှစ်အတွင်း ရက်ပိုင်း လပိုင်းလောက်သာခြားပြီး ကွယ်လွန်သွားခဲ့ ဦးညိုဝင်းကို ကျနော်သွားပြီးတွေ့ခဲ့ပါသေး တယ်။ အခု ဦးစိုးဝင်းကို ကျနော် သွားတွေ့ ရပြန်ပြီ။ ဦးညိုဝင်းကို သတိရနေမိတယ်။ တဆက်တည်း ဦးညိုဝင်းရဲ့ ဘဝနိဂုံးအဖြစ် မျိုးနဲ့ ဦးစိုးဝင်းမတိုးပါစေနဲ့လို့ စိတ်ထဲက ဆန္ဒပြုဆုတောင်းနေမိပါသေးတယ်။ ဒါပေ မယ့် ဦးညိုဝင်းနဲ့ ဦးစိုးဝင်းတို့ရဲ့ ကံကြမ္မာက ထပ်တူဖြစ်ခဲ့ပါပြီ။ ကွယ်လွန်ချိန်ဟာ တယောက် နဲ့တယောက် ၂လတောင်မကွာပါ။ ဦးညို ဝင်းက ၁၉၉၁ ခုနှစ်၊ မတ်လ (၈)ရက်နေ့မှာ တယ်။ ကွယ်လွန်သူ ဦးညိုဝင်း (၁)လပြည့် ဆွမ်းကျွေးတဲ့နေ့မှာ ဦးစိုးဝင်း အင်းစိန်ဆေး ရုံ စတက်ရပါတယ်။ (၈၊ ၄၊ ၁၉၉၁)နေ့ ဖြစ် တယ်။ အင်းစိန်ဆေးရုံကို ကျနော်သွားပြီး ဦးစိုးဝင်းအတွက် ရဲဘော်များ မိတ်ဆွေများ က စုပေါင်းကူညီတဲ့ ဆေးဘိုးငွေကို ပို့ပေးခဲ့ ပါသည်။ အားလုံးကိုယ်စား အားပေးစကား ပြောခဲ့ပါတယ်။ မြင်လိုက်တာနဲ့ပဲ ဦးစိုးဝင်းရဲ့ ကျန်းမာရေးကို အားမရတော့ပါ။ အသည်း ရောဂါဝေဒနာ ခံစားနေရပြီ။ အစာ ကောင်း အောင်ဆန်း၊ သခင်ဗဟိန်း၏နိဂုံး' ဆောင်း ပါးကို ဖတ်မိတဲ့အခါမှာ ဦးလေးဦးစိုးဝင်းရဲ့ မျက်နှာကို ကျနော် ဖျတ်ခနဲမြင်လာပါတယ်။ ဦးစိုးဝင်းရဲ့အသံကိုလည်း ပဲ့တင်ထပ် ပြန် ကြားမိပါတယ်။

"ကျနော် သမိုင်းဖြစ်ရပ်မှန်တွေကို ဖော်ထုတ်ချင်သေးတယ် ....။ ဖော်ထုတ်ချင် သေးတယ်...."

'ရွှေဝ (ဟသ်ာတ)'ရဲ့ သဘောထား အမြင်ဟာ ဦးစိုးဝင်းနဲ့ တစ်ထပ်တည်းဖြစ် ပေါက်ပြီး တိုင်းပြည်ချောက်ထဲကျဖို့ လက် နှစ်လုံးသာ လိုတော့တယ်။ ဒါကြောင့် တပ်မ တော်က တော်လှန်ရေးကောင်စီကိုဖွဲ့ပြီး နိုင်ငံတော်အာဏာကို ထိန်းသိမ်းလိုက်ရတယ်။ ကယ်တင်လိုက်ရတယ်'ဆိုတဲ့ ဗိုလ်နေဝင်းရဲ့ လိမ်ညာမှု၊ ဖန်တီးလှည့်ဆယ်မှု၊ ဖောက်ပြန်တဲ့ အာဏာသိမ်းမှုဖြစ်စဉ်အကြောင်း ....။

၂။ (၅၆)နှစ်ရှည်ကြာခဲ့ပြီဖြစ်တဲ့ မြန်မာ ပြည်ပြည်တွင်းစစ် ဖြစ်ပေါ်ရတဲ့ဖြစ်စဉ်အ ကြောင်း ....

# အလွမ်းကဗျာ

ညိဇိ

> "လွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာ ဆုံးရှုံးတော့
> မယ့်အန္တရယ်များ နေ့လား၊ ညလားပေါ်ပေါက်ပြီး တိုင်းပြည်
> ချောက်ထဲကျဖို့ လက်နှစ်လုံးသာလိုတော့တယ်။ ဒါကြောင့်
> တပ်မတော်က တော်လှန်ရေးကောင်စီကိုဖွဲ့ပြီး
> နိုင်ငံတော်အာဏာကို ထိန်းသိမ်းလိုက်ရတယ်။
> ကယ်တင်လိုက်ရတယ်'ဆိုတဲ့ ဗိုလ်နေဝင်းရဲ့လိမ်ညာမှု၊
> ဖန်တီးလှည့်ဆယ်မှု၊ ဖောက်ပြန်တဲ့
> အာဏာသိမ်းမှုဖြစ်စဉ်အကြောင်း ....။"

# အလွမ်းစာ (၈)

ကြတာဖြစ်တယ်။ ထူးခြားမှုလား၊ တိုက်ဆိုင် မှုပဲလား သံသယပွားစရာပါပဲ။ အဲဒီနှစ်က "ဝင်း–ကိုးဝင်း" စတေးမယ်ဆိုတဲ့ ကော လာဟလကလည်း ထွက်နေတယ်။ အကျဉ်း ကျခံနေရသူများရဲ့ မိသားစုတွေဟာ စိုးရိမ် ထိတ်လန့်နေကြတယ်။ အထူးသဖြင့် 'ဝင်း' အမည်ပါတဲ့ အကျဉ်းသားမိသားစုတွေ ဖြစ်ပါ တယ်။ နိုင်ငံရေးအကျဉ်းသားတယောက်ရဲ့ သမီးငယ်လေးက "သမီးအဖေနာမည်မှာ ဝင်းမပါလို့ တော်သေးရဲ့"လို့ ပြောတယ် ဆိုပြီး ကြားရပါတယ်။

ဦးစိုးဝင်းက ကျနော်တို့ထက် အသက် အများကြီး ကြီးပါတယ်။ ကျနော်တို့နဲ့ ခေတ် ပြိုင်မဟုတ်ပါ။ ဦးလေးသားချင်းအရွယ် ဦးလေးတယောက်သဖွယ်သာ ဖြစ်ပါတယ်။ ဦးစိုးဝင်းရဲ့မိသားစုနဲ့တော့ ခင်မင်ရင်းနှီး မှုရှိပါတယ်။ ဦးစိုးဝင်းက ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇေယျ (ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟို ကော်မတီဝင်)ရဲ့ ညီအငယ်ဆုံးပါ။ ဦးစိုးဝင်း ရဲ့ အကိုကြီး ဗိုလ်ဇေယျ (ခေါ်)ကိုလှမောင် ဟာ ၁၃၀၀ပြည့်အရေးတော်ပုံ ကျောင်းသား ခေါင်းဆောင်တယောက်ဖြစ်တယ်။ ပြီးတော့ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများ ဥက္ကဋ္ဌလည်း ဖြစ်ခဲ့တယ်။ ဦးစိုးဝင်းဟာ သမိုင်းခေတ်များနဲ့ နီးစပ်ပတ်သက်ဆက်နွယ် တဲ့ အသိုင်းအဝိုင်းရှိသူဖြစ်တယ်။ သူကိုယ် တိုင်လည်း သမိုင်းခေတ်များအတွင်း တွေ့ ကြုံ ပါဝင်ဖြတ်သန်းခဲ့ဖူးတယ်။ ဗိုလ်ဇေယျဟာ ကျောင်းသားဘဝကစပြီး ဆက်တိုက် နိုင်ငံ ရေးလောကမှာ ပါဝင်လှုပ်ရှားသူ ထင်ရှားတဲ့ ခေါင်းဆောင်တဦးဖြစ်ပြီး ညီဖြစ်သူ ဦးစိုး ဝင်းဟာလည်း သမိုင်းခေတ်များနှင့်ပတ် သက်ရင် ရှေ့မှီနောက်မှီ သိရှိသူတယောက် ဖြစ်ပါတယ်။

ဦးစိုးဝင်းကို အသက်ရှင်လျက် နောက် ဆုံး ဆုံတွေ့ခဲ့ရတာဟာ အင်းစိန်ဆေးရုံမှာ ဖြစ်ပါတယ်။ ဆေးရုံ မျက်နှာစာတန်း အရှေ့ ဘက် ထောင့်ခန်းမှာဖြစ်တယ်။ ဒီဆေးရုံ၊ ဒီနေရာမှာပဲ လွန်ခဲ့တဲ့တစ်လလောက်က ကွယ်လွန်ပြီး ဦးစိုးဝင်းက ၁၉၉၁ ခုနှစ်၊ မေလ (၃)ရက်နေ့မှာ ကွယ်လွန်ပါတယ်။ မေလ (၅)ရက်နေ့မှာ ကြံတောသုသာန်မှာ မီးသဂြိုဟ် ခဲ့တယ်။ ၂၀၀၄ ခုနှစ်၊ မေလ (၃)ရက်နေ့က ၁၃ နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ အခုအခါမှာ တော့ ဦးစိုးဝင်းရော ကြံတောသချိုင်းရော မရှိတော့ပါဘူး။ ပျောက်ကွယ်သွားခဲ့ပါပြီ။

စစ်တပ်က အာဏာသိမ်းပြီးတဲ့နောက် ၁၉၈၉ ခုနှစ်ကစပြီး လူဖမ်းပွဲကြီးတွေ ကျင်း ပခဲ့တယ်။ အင်မတန်ကြမ်းတဲ့ လူဖမ်းပွဲကြီး တွေပါပဲ။ အဲဒီလူဖမ်းပွဲတော်ကြီးမှာ ဦးစိုးဝင်း လည်းမလွတ်၊ ပါဝင်အဖမ်းခံခဲ့ရတယ်။ ၁၉၈၉ ခုနှစ် ဇူလိုင် (၁၅)ရက်နေ့မှာ အဖမ်းခံခဲ့ရပြီး ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာ (၆)ရက်နေ့မှာ ပြစ်ဒဏ်ချမှတ်ခံခဲ့ရပါတယ်။ အဲဒီအချိန်က ဦးစိုးဝင်းအပါအဝင် နိုင်ငံရေးမှုအားလုံး တည်ဆဲဥပဒေအရ ဘာအကျိုးအခွင့်မှ မခံ စားကြရပါဘူး။ အမှုစစ်ဆေးတာကိုလည်း သက်ဆိုင်ရာမိသားစုတွေ သိခွင့်မရှိ။ တရား ရုံးကို တက်ရောက်နားထောင်ခွင့်မရှိ။ တွေ့ ဆုံခွင့်မရှိ။ ဥပဒေအကျိုးဆောင်ငှားခွင့် မရှိ။ ဘာမှမရှိ ....မရှိ ....။ အင်းစိန်ထောင်ဘူးဝ မှာ အထူးစစ်ခုံရုံးဖွဲ့ပြီး တိတ်တဆိတ်အမှု စစ်ဆေး၊ လျှို့ဝှက်အမိန့်ချမှတ်တာ ဖြစ်ပါ တယ်။ ဒါ့အပြင် နိုင်ငံရေးသမားတွေကို စစ်ခုံ ရုံးက ပုဒ်မ ၅ (ည)၊ ပုဒ်မ ၁၇ (၁/၂)နဲ့ ပုံနှိပ်ဥပဒေ၊ နိုင်ငံတော်ပုန်ကန်မှု၊ လက်နက်မှု ဆိုတဲ့ပုဒ်မတွေနဲ့ ကြမ်းခင်းဈေး ထောင်ဒဏ် အနှစ် (၂၀)အထိ ချမှတ်ခဲ့တယ်။ ဦးစိုးဝင်း နဲ့အတူ ပြစ်ဒဏ်ချမှတ်ခံရသူတွေထဲမှာ ဦးစိုး ဝင်းရဲ့သား ကိုမိုးဝင်း၊ ချွေးမဖြစ်သူ ခင်ညို လွင် (မဒုံ)နဲ့ ဒေါ်ကြည်ကြည် (သခင်ဇင်ရဲ့ ဇနီး)တို့လည်း ပါဝင်ခဲ့ပါတယ်။

ဦးစိုးဝင်း စစ်အကျဉ်းထောင်တွင်း ရောက်ပြီးနောက် ကြားရတဲ့သတင်းတွေက မကောင်းလှပါ။ အသက်အရွယ်၊ ထောင်တွင်း နေထိုင်ရတဲ့ဘဝ၊ အစားအသောက်ညံ့ဖျင်းမှု၊ ဆေးဝါးကုသမှု တာဝန်မဲ့မှုတွေကြောင့် တဖြည်းဖြည်း ကျန်းမာရေးဆိုးဝါးလာခဲ့ ကောင်းမဝင်တော့။ ဝမ်းဗိုက်က တင်းမာ နေပြီ။ ဒါပေမယ့် စိတ်ဓာတ်ကတော့ မာ ကျောဆဲ။ လဲလျောင်းနေရင်းကနေ ကျနော့် လက်ကို တင်းတင်းဆုပ်ကိုင်ပြီး ပြောလိုက် တဲ့စကားသံဟာ ကျနော့်နားထဲက မထွက် တော့ပါဘူး။ ရင်ထဲမှာ ပဲ့တင်ထပ်လျက်။ ဘယ် တော့မှလည်း မေ့ပျောက်နိုင်မှာမဟုတ်ပါ။

"ကျနော် မသေချင်သေးဘူး။ သေရ မှာ ကြောက်လို့မဟုတ်ဘူး။ သမိုင်းဖြစ်ရပ်မှန် တွေကို ဖော်ထုတ်ချင်သေးတယ်။ သမိုင်းကို လိမ်ညာနေကြတယ်။ သမိုင်းဖြစ်ရပ်မှန်တွေကို ဖျောက်ဖျက် ဖုံးကွယ်နေကြတယ်။ ပြည်သူ တွေသိအောင် ဖော်ထုတ်ရဦးမယ်။"

"သမိုင်းမှန်ဖော်ထုတ်ရေးတာဝန်ကို ကျနော်ယူချင်သေးတယ်"

ဦးစိုးဝင်းရဲ့မျက်နှာမှာ ကြေကွဲရိပ်တွေ၊ အလိုမကျမှုတွေ၊ အားမလိုအားမရဖြစ်မှုတွေ၊ လေးနက်မှုတွေ ရောယှက် ထင်ဟပ်နေပါ တယ်။ နောက်တော့ .... မျက်ဝန်းက မျက် ရည်တစ်ပေါက် လိမ့်ဆင်းစီးကျလာပါတယ်။ ကျနော့်ရင်ထဲမှာ ဆို့နစ်တင်းကြပ်လျက်။ ယိုစိမ့်ကျလု မျက်ရည်တွေကို အားတင်းကြိုး စားပြီး မျိုချပစ်ရတယ်။ ကျနော် မျက်ရည် ကျလို့ မဖြစ်ပါ။ လေးစားဖို့ကောင်းတဲ့ ဦးစိုး ဝင်းရဲ့ခံစားချက်နဲ့ ဆန္ဒမွန်။ ပြီးတော့ အမှန် တရားစိတ်ဓာတ်။ ဒါဟာ ရှားပါးလှတဲ့ အ ရည်အချင်းတခု၊ စိတ်ဓာတ်တခုဖြစ်တယ်။ ဒါကို ကျနော်အားပေးရမယ်ဆိုတဲ့ အသိက ရင်ထဲမှာ လှုပ်ခတ်နေပါတယ်။ ဦးစိုးဝင်းရဲ့ လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး အတတ်နိုင်ဆုံး ပြုံးပြလိုက်တယ်။ အားတက်စေမယ့် စကား လုံးတွေကို ရွေးချယ်ပြီး ဆက်တိုက်ပြောချ ပစ်လိုက်ပါတယ်။

မိတ်ဆွေတွေ ရဲဘော်တွေအားလုံးက ဦးစိုးဝင်း ပြန်ပြီးကျန်းမာလာဖို့ ဆန္ဒအပြည့် အဝရှိနေတာမို့ ကျန်းမာရေးကို အထူးဂရု စိုက်ပါလို့ ပြောကြားနှုတ်ဆက်ပြီး ပြန်ခဲ့ပါ တယ်။အားတက်တဲ့မျက်နှာနဲ့ ပြုံးရောင်သန်း နေတဲ့ ဦးစိုးဝင်းရဲ့နောက်ဆုံးပုံရိပ်က အင်းစိန် ဆေးရုံပေါ်မှာ ကျန်ရစ်ခဲ့ပါပြီ။ ဒီပုံရိပ်က ကျနော့်ရင်ထဲမှာ အမြဲရှင်သန်ထင်ဟပ်လျက်။

၁၉၉၈ ခုနှစ်၊ ဇွန်လထုတ် 'မိုးဂျာနယ်' က 'ရွှေဝ (ဟသ်ာတ)'ရေးတဲ့ 'သခင် နေပါတယ်။ သမိုင်းအစစ်အမှန် ဖော်ထုတ် ရေးတာဝန်ကို ဘယ်သူကမှ မအပ်နှင်းပါပဲနဲ့ လိုလိုလားလား ထက်ထက်သန်သန်ယူချင်နေ သူဟာ ဦးစိုးဝင်းဖြစ်ပါတယ်။ ဦးစိုးဝင်းဟာ အမှန်တရားကို ရှာဖွေဖော်ထုတ်လိုသူ၊ သစ္စာ တရားမြတ်နိုးသူ၊ နိုင်ငံရေးအသိ၊ နိုင်ငံရေး ယဉ်ကျေးမှုကြီးသူ တဦးပါကလား။

"'ရွှေဝ (ဟသ်ာတ)'က သူ့ဆောင်းပါး မှာ ....

"သမိုင်းမှတ်တမ်းများကို အခိုင်အမာရှိ ဖို့ လိုပါတယ်။ နိုင်ငံတော်က သမိုင်းအချက် အလက်ကို လက်လှမ်းမှီသလောက် ရှာဖွေ မှတ်တမ်းတင်ရေးသားထားသလို သမိုင်းကို ဖြတ်သန်းခဲ့တဲ့ ကာယကံရှင်တွေကလည်း မိမိ ကြုံတွေ့သိရှိသလောက်ကို အာဃာတကင်း ကင်း၊ ဂိုဏ်းဂဏကင်းကင်း၊ အဂတိမလိုက်ပဲ ရေးသားပြောဆိုကြဖို့ လိုပါတယ်။ ဒါမှပဲ သမိုင်းရဲ့ ဖြစ်ရပ်မှန်တွေကို နောက်မျိုးဆက် တွေက သိရှိရပြီး၊ နိုင်ငံအတွက် အကောင်း ဆုံးလုပ်သင့်တာကို သူတို့ လုပ်သွားကြပါလိမ့် မယ်။ ကွန်မြူနစ်ဖြစ်လို့ နှိမ်လိုက်မယ်၊ ဆို ရှယ်လစ်ဖြစ်လို့ ပုတ်ခတ်လိုက်မယ်ဆိုတဲ့ ယုတ် ညံ့တဲ့စိတ်ထားတွေရှိနေရင်တော့ ဆက်ခံမယ့် မျိုးဆက်တွေမှာလည်း စိတ်ဓာတ်အမွေဆိုး တွေ ရသွားလိမ့်မယ်။ သမိုင်းအမှန်ကို သိမှိတဲ့ လူတွေက မှတ်တမ်းတင်နိုင်ရင် သားစဉ်မြေး ဆက်က ကျေးဇူးတင် ပူဇော်ကြလိမ့်မယ်။ သမိုင်းအမှားကြီးကို လိမ်ညာထားခဲ့ရင်တော့ အမှန်ကို သိလာတဲ့အခါ (သိလည်း သိလာမှာ သေချာတဲ့အတွက်) အပြစ်တင် ကျိန်ဆဲကြ လိမ့်မယ်"

ဒီဆောင်းပါးပါ အချက်အလက်တွေဟာ မြန်မာနိုင်ငံအတွက် အလိုအပ်ဆုံးအရာတွေ ပါပဲ။ ဒီနေရာမှာ ဦးစိုးဝင်းရဲ့ သမိုင်းဖြစ်ရပ် မှန်ဖော်ထုတ်ချင်တဲ့ဆန္ဒဟာ ဘယ်အကြောင်း အရာတွေ ဘယ်အချက်အလက်တွေ ဖြစ်လေ မလဲလို့ ကျနော်အတွေးဝေမိပါတယ်။

၁။ ၁၉၆၂ ခုနှစ်၊ မတ်လ (၂)ရက်နေ့ ဗိုလ်နေဝင်း အာဏာသိမ်းမှုနဲ့ ပတ်သက်ပြီး 'ပထစအစိုးရဟာ ပြတ်ပြတ်သားသား မဖြေ ရှင်းနိုင်လို့ ပြည်ထောင်စုကြီးပြိုကွဲပြီး လွတ် လပ်ရေးနဲ့အချုပ်အခြာအာဏာ ဆုံးရှုံးတော့ မယ့်အန္တရာယ်များ နေ့လား၊ ညလား ပေါ်

၃။ သမိုင်းမှာ မှတ်တမ်းဝင်ခြင်းမရှိခဲ့တဲ့ 'ဗိုလ်ဇေယျထံမှ ဗိုလ်နေဝင်းသို့ ပေးစာတစ် စောင်'အကြောင်း ....။

အခြားအခြားသော သမိုင်းဖြစ်ရပ်မှန် တွေအကြောင်း ဦးစိုးဝင်းက ဖော်ထုတ်တင် ပြချင်တာလား .... လား .... လား ပေါင်း များကို ကျနော် အတွေးပွားနေမိပါတော့ တယ်။

တကယ်တော့ ဦးစိုးဝင်းဟာ အစ်ကိုရင်း ဖြစ်သူဗိုလ်ဇေယျရဲ့ အပါးတော်မြဲ ကိုယ်ရေး အတွင်းရေးမှူးသဖွယ်ဖြစ်ခဲ့တာမို့ မြန်မာ့ သမိုင်းဇာတ်ခုံမှာ ဖြစ်ပွားပေါ်ပေါက်ခဲ့သော ဖြစ်ရပ်မှန်တွေနဲ့ပတ်သက်လို့ အတော်အ သင့်သိရှိမှာပါ။ ကိုယ်တိုင်ဖြတ်သန်းကြုံတွေ့ ဘူးမှာပါ။ အဲဒီခေတ် သမိုင်းဖြစ်ရပ်မှန်တွေ ကို ဦးစိုးဝင်းက ဖော်ထုတ်တင်ပြလိုတဲ့ ဆန္ဒ ပြင်းပြနေတာပဲဖြစ်မှာပါ။ ဒါပေမယ့်လို့ ကံကြမ္မာက ဦးစိုးဝင်းကို မျက်နှာသာမပေး ခဲ့ပါဘူး။ အင်းစိန်ဆေးရုံမှာ (၂၆)ရက် နီး ပါး ဆေးကုခံပြီးနောက် ကွယ်လွန်သွားခဲ့ပါ တယ်။ သမိုင်းဖြစ်ရပ်မှန်တချို့ဟာလည်း ဦးစိုးဝင်းနဲ့အတူ ကွယ်ပျောက်သွားခဲ့ရပါပြီ။ နှမြောစရာ ကောင်းလေစွ။

ဦးစိုးဝင်းကို အဘ ဦးချစ်မောင်၊ အမိ ဒေါ်စိန်ဒိုင်တို့ကနေ (၄၊ ၃၊ ၁၉၁၉) ခုနှစ် သာစည်မြို့ ဘူတာမှာ မွေးဖွားခဲ့တယ်။ ဖခင် ဖြစ်သူ မီးရထားရုံးစာရေးကြီးဘဝနဲ့ သာ စည်ဘူတာမှာ တာဝန်ထမ်းဆောင်နေခိုက် မွေးဖွားခဲ့တာဖြစ်တယ်။ မြန်မာလူမျိုး ဗုဒ္ဓ ဘာသာဝင်ဖြစ်ပြီး မွေးချင်း (၇)ဦးအနက် အငယ်ဆုံးသားဖြစ်တယ်။ ရန်ကုန်မြို့မှာ ကြီးပြင်းပြီး မြို့မ အထက်တန်းကျောင်းကနေ ၁၀ တန်းအောင်မြင်ခဲ့တယ်။ ၁၉၄၁ ခုနှစ်မှာ ဒေါ်ခင်စိန်နဲ့လက်ထပ်ပြီး သားသမီး (၅) ယောက် ထွန်းကားလာခဲ့တယ်။ ဂျပန်ခေတ် မှာ 'ကျခါဝချစ်ခု' သင်္ဘောတည်ဆောက်ရေး အင်ဂျင်နီယာသင်တန်းကို တက်ရောက်ခဲ့ တယ်။ သံဖြူဇရပ် ယိုးဒယား–မြန်မာ မီးရ ထားလမ်းဖောက်လုပ်ရေးစခန်းကို အဖော် (၃)ဦးနဲ့အတူ အတင်းအကြပ်ပို့ဆောင်ခြင်း ခံခဲ့ရတယ်။ အဲဒီ ငရဲစခန်းကနေ ထွက်ပြေး

စာမျက်နှာ (၈) ကော်လံ (၄) သို့ ...

# ဘန်ဒေါင်းလှုပ်ရှားမှုနဲ့ ဗမာနိုင်ငံ

## ဗညြ

နအဖစစ်အစိုးရအဖို့ အင်ဒိုနီးရှားမှာ ကျင်းပတဲ့ ဘန်ဒေါင်းကွန်ဖရင့် အနှစ်ငါးဆယ် မြောက်အခမ်းအနားက သူတို့ကိုတက်ရောက်ဖို့ဖိတ်လိုက်တာဟာ ရေငတ်တုန်း ရေတွင်းထဲကျဖြစ်သွားတာပဲ။ ကမ္ဘာမှာ တကောင်ကြွက်ဖြစ်နေတဲ့ နအဖ။ အေစီယံ ဥက္ကဋ္ဌလုပ်ရတော့မယ်ဆိုတော့မှ အနိုင်နိုင်ငံက ဝိုင်းအပြစ်တင်တာခံနေရပြီး ဘူးခံခံနေရတဲ့ စစ်အစိုးရ။ အခုတော့ သမိုင်းဝင် ဘန်ဒေါင်းလှုပ်ရှားမှုကြီးကို ကမကထပြုခဲ့တဲ့ နိုင်ငံရဲ့ အကြီးအကဲအနေနဲ့ တက်ရောက်ရပြီ။ နိုင်ငံ (၄၃)နိုင်ငံက ခေါင်းဆောင်တွေဆိုတဲ့အကြားမှာ ဗိုလ်သန်းရွှေတယောက် လူရာဝင်သွားတယ်။

ဒီတော့ ဗိုလ်သန်းရွှေတို့ကို ဗမာပီပီမေးစရာ တခုရှိလာတယ်။ ရေကြည်သောက်တဲ့အခါ ရေတွင်းတူးသူကို သတိရပါရဲ့လားလို့။ သူတို့ရဲ့ကျေးဇူးကို ဖော်မပြနိုင်ဘူးလားလို့။ အခုအထိတော့ နအဖရဲ့ မီဒီယာမျိုးစုံထဲမှာ ဒီဘန်ဒေါင်းညီလာခံရဲ့ နောက်ခံသမိုင်းကြောင်းအကြောင်း ရေးတာလည်း တခါမှ မတွေ့ရသေးပါဘူး။ သူတို့တတွေဟာ သူများစိုက်ခဲ့တဲ့ အပင်ရဲ့အသီးအပွင့်တွေကို ခူးယူစားသုံးနေတာပဲ၊ ရေလောင်းတာတောင် လုပ်တာမဟုတ်ဘူး။

တကယ်က ဘန်ဒေါင်းညီလာခံမှာ ဦးနုရပ်တည်လိုက်တာဟာ လွတ်လပ်ကာစ ဗမာနိုင်ငံကို ကမ္ဘာ့အလယ်မှာ ပွဲလယ်တင့်သွားစေခဲ့ပါတယ်။ ဂုဏ်နဲ့ ဒြပ်နဲ့ညီတဲ့ အဆင့်နေရာတခု ရရှိခဲ့တယ်။ အဲဒီမတိုင်မီက ဗမာပြည်အစိုးရရဲ့ ကိုရီးယားစစ်ပွဲတုန်းက ရပ်တည်ချက်ကနေ အများကြီးပြောင်းသွားတာဖြစ်တယ်။ ဒီလို ဖွံ့ဖြိုးဆဲနိုင်ငံတခုအတွက် အရေးပါတဲ့အစည်းအဝေးကြီးတခုကို ကမကထပြုသူများစာရင်းဝင်သွားတဲ့အတွက်လည်း နောင်မှာ ဦးသန့်ဟာ ကုလသမဂ္ဂမှာ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ကိုယ်စား အတွင်းရေးမှူးချုပ်ဖြစ်လာခဲ့ပါတယ်။ ဒါဟာ နိုင်ငံတကာ့အလယ်မှာ ဗမာနိုင်ငံရဲ့ ဂုဏ်သိက္ခာအထွတ်အထိပ်ရောက်တာပဲလို့ ပြောနိုင်ပါတယ်။ ဒါပေမယ့် လက်ရှိ ဗမာပြည်ရဲ့ အနေအထားကတော့ အဲဒါနဲ့ လုံးဝပြောင်းပြန်ပဲ။ ရှင်းနေတာက ဗမာပြည်ကို ဒီလိုဂုဏ်သိက္ခာတက်အောင် လုပ်ခဲ့တာဟာ ဘယ်စစ်အစိုးရမှ မဟုတ်ပါဘူး။ အရပ်သား အစိုးရဖြစ်တယ်။ စစ်အစိုးရတွေလက်ထက်ကျတော့ နိုင်ငံဂုဏ်သိက္ခာဟာ အရှိန်အဟုန်လျှင်မြန်စွာနဲ့ ထိုးကျလာခဲ့တယ်ဆိုတာပဲ။ ဗမာနိုင်ငံရဲ့ ဂုဏ်သိက္ခာဟာ မွဲတေလို့သာမက နိုင်ငံရေး၊ လူမှုရေးအခြေအနေတွေ စုတ်ပြတ်လွန်းလို့လည်း တမျိုးသားလုံး ကမ္ဘာ့အလယ်မှာ သိမ်ငယ်နေရတယ်။

အခုဆိုရင် ဘန်ဒေါင်းညီလာခံကာလဆီတုန်းက ကိုယ့်ကိုမော်မကြည့်နိုင်တဲ့ အေစီယံနိုင်ငံတချို့က အမိန့်ပေးညွှန်ကြားတာကို တောင်ခံနေရတဲ့ဘဝ ဖြစ်ပါတယ်။ နအဖခေါင်းဆောင်တွေဟာ နိုင်ငံစုံကွန်ဖရင့်တွေကို တက်သာတက်တယ်။ လူပုံလယ်မှာ မျက်နှာမဖော်ဝံ့ဘူး။ သူများက ကိုယ့်နိုင်ငံအရေးမေးလာမှာကို တထိတ်ထိတ်လန့်နေရတဲ့ဘဝရောက်နေရတယ်။ ဒါတွေဟာ ဗိုလ်နေဝင်းလက်ထက်ကစလို့ ကနေ့အထိ ကြာလေဆိုးလေသာ ဖြစ်လာခဲ့ပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်နဲ့ပဲတွေ့တွေ့၊ တခြားနိုင်ငံတွေက ခေါင်းဆောင်တွေနဲ့ပဲတွေ့တွေ့၊ ဆုံးမခံနေရတဲ့ အခြေမျိုးဆိုက်နေတဲ့ စစ်ဗိုလ်ချုပ်တွေ၊ ယိုသူမရှက်ပေမယ့် မြင်သူရှက်တာ အမှန်ပဲ။ မဲခေါင်မြစ်ဝှမ်း အတာရေသဘင်တဲ့။

> ● ဒီတော့ ဗိုလ်သန်းရွှေတို့ကို ဗမာပီပီမေးစရာ တခုရှိလာတယ်။ ရေကြည်သောက်တဲ့အခါ ရေတွင်းတူးသူကို သတိရပါရဲ့လားလို့။ သူတို့ရဲ့ကျေးဇူးကို ဖော်မပြနိုင်ဘူးလားလို့။ အခုအထိတော့ နအဖရဲ့ မီဒီယာမျိုးစုံထဲမှာ ဒီဘန်ဒေါင်းညီလာခံရဲ့ နောက်ခံသမိုင်းကြောင်းအကြောင်း ရေးတာလည်း တခါမှမတွေ့ရသေးပါဘူး။ ●

တကယ်က မဲခေါင်မြစ်ဟာ ဗမာပြည်အထဲကို ဖြတ်စီးတဲ့မြစ်မဟုတ်ဘူး။ သူက နယ်စပ်မျဉ်းအဖြစ်နဲ့ပဲ စီးတာ။ အဲဒါကို ကိုယ့်နိုင်ငံရဲ့ အခရာမြစ်သဖွယ် ဂုဏ်ယူပြီး ဗမာပြည်ရဲ့ ယဉ်ကျေးမှုမြို့တော်မှာ သင်္ကြန်လာကျင်းပတယ်။ ရေဝတီမြစ်ကြီးရဲ့ ဘေးမှာ။ အေစီယံကို မျက်နှာလုပ်ချင်လို့ ဒါဟာရေဝတီကို စော်ကားတာပဲဆိုပြီး ဗမာပြည်သားတွေက နာကျည်းကြတယ်။

ဘန်ဒေါင်းညီလာခံဟာ ကိုလိုနီဘဝက လွတ်မြောက်လာကာစနိုင်ငံတွေ ကမ္ဘာ့အသိုင်းအဝိုင်းအလယ်မှာ မျက်နှာငယ်ငယ်နဲ့ ရပ်တည်နေရတဲ့အနေအထားကို ပြောင်းလဲသွားစေခဲ့တယ်။ ကိုယ့်အင်အား၊ ကိုယ့်အစွမ်းကို ဆုပ်ကိုင်သွားမိစေခဲ့တယ်။ အမေရိကန်က ဖွဲ့ထားတဲ့ ဆီးတိုးနဲ့စင်တိုး စစ်အုပ်စုတွေအထဲမှာ မပါနိုင်ကြောင်း ရဲရဲပြောလို့ရခဲ့ကြတယ်။ ကိုယ့်နိုင်ငံခြားရေးဝါဒကို ကိုယ့်ဟာကိုဆုံးဖြတ် အကောင်အထည်ဖော်နိုင်ခဲ့ကြတယ်။ အဲဒီတုန်းက ကုလသမဂ္ဂဆိုတာက အမေရိကန်နဲ့ သူ့မဟာမိတ်တွေက အုပ်စီးထားတာ။ လူဖြူများရဲ့ ကလပ်လို့တောင် တချို့ကပြောကြသေးတယ်မဟုတ်လား။ အဲဒီတုန်းက နိုင်ငံစုံအဖွဲ့အစည်းဆိုတာဟာ အမေရိကန်နဲ့ အင်္ဂလိပ်တို့က ဦးစီးဖွဲ့တာလောက်ပဲရှိခဲ့တာ။ နောက်ပြီး ဆိုဗီယက်ရဲ့ ဝါဆောအုပ်စုရှိခဲ့တယ်။ ဒီလိုကြားထဲကနေ လွတ်လပ်ကာစနိုင်ငံတွေက အခုလို အုပ်စုဆံဆံလှုပ်ရှားမှုတခုဖော်ထုတ်လိုက်တာဟာ အနောက်ကမ္ဘာကို ပြောင်အာခံလိုက်တာဖြစ်ပြီး၊ တတိယကမ္ဘာနိုင်ငံတွေကို အားတက်သွားစေခဲ့တယ်။

ဦးနုတို့ဟာ လွတ်လပ်ကာစမှာ ကိုရီးယားစစ်ပွဲအကြောင်းပြုပြီး အမေရိကန်ကို ထောက်ခံမိတာကို (၃–၄) နှစ်အတွင်း ပြန်ပြင်နိုင်ခဲ့လို့ အခုလိုနေရာရခဲ့တာ။ စစ်အေးကာလမှာ ဘယ်လိုနိုင်ငံခြားရေးဝါဒ ကိုင်စွဲရမယ်။ အထူးသဖြင့် ကြားနေဝါဒကို တိတိကျကျကိုင်စွဲရမယ်ဆိုတာ သဘောပေါက်ခဲ့တယ်။ ဒီနေ့ နအဖလို တဖက်က အင်္ဂလိပ်–အမေရိကန်ဆန့်ကျင်ရေးစကားတွေ ကုန်းအော်ပြီး တဖက်က အမေရိကန်အစိုးရဆီ တိတ်တိတ်လော်ဘီလွှတ်နေတာ မဟုတ်ဘူး။ ကြားနေရေးဝါဒကို တည်တည်ကြည်ကြည့် ကိုင်စွဲတာဖြစ်တယ်။ နအဖကတော့ စစ်အာဏာရှင်တွေရဲ့ထုံးစံအတိုင်း နိုင်ငံခြားရေးဝါဒကို ကိုယ့်အာဏာအကျိုးစီးပွားကနေ စဉ်းစားကျင့်သုံးတယ်။ တိုင်းပြည်ရဲ့ အကျိုးစီးပွားအပေါ် အခြေခံတာမဟုတ်ဘူး။ မလယ်ရှုပ်လုပ်ချင်ကြတယ်။ နိုင်ငံခြားရေးဝါဒဆိုတာ ကိုယ့်တိုင်းပြည် အင်အားကြီးမှ၊ တနည်း ခနတော့်ထင်းမှ ကိုယ်ကစားချင်သလို ကစားနိုင်တာ။ ဒါတောင် အပြည့်အဝမဟုတ်ဘူး။ နအဖအစိုးရလို ကမ္ဘာ့အမွဲဆုံးနိုင်ငံတခု တည်ထောင်ထားသူတွေဟာ နိုင်ငံတာကာဇာတ်ခုံမှာ ဝေလေလေလောက်ပါရရင်တောင် မဆိုးဘူးဆိုရမှာ။ အခုသူတို့က ဒါရိုက်တာလုပ်ချင်နေတယ်။ ဒီလိုရှေ့နောက် မဆင်ခြင်နိုင်တာဟာ ဒီနေ့လို ကမ္ဘာ့အခင်းအကျင်းသစ်ကြီးတခုအတွက် တာစူနေချိန်မှာ အင်မတန်အမြော်အမြင်မဲ့တာ၊ မိုက်ကန်းတာပဲ။ ကိုယ်နေတတ်ရင် ဒီအကွေ့မှာ ကိုယ့်နေရာလည်းရမယ်။ စီးပွားရေးလည်း တက်မယ်။

ဒီနေ့ ကာလဟာ ဘန်ဒေါင်းကာလနဲ့ မတူတော့တာ အမှန်ပဲ။ အင်အားကြီးနိုင်ငံနှစ်ခုဆိုတဲ့ အနေအထားမရှိတော့ဘူး။ နိုင်ငံတိုင်းဟာ အဲဒီလို ပြောင်းလဲမှုနဲ့အတူ ကိုယ့်မူပေါ်လစီတွေကို လိုက်ညှိနေရတယ်။ ပျော့ပျော့ပျောင်းပျောင်း၊ သွက်သွက်လက်လက် လုပ်နေကြရတယ်။ နအဖမှာတော့ အဲဒီလိုမလုပ်နိုင်ဘူး။ အကြောင်းက သူတို့ကျောပေါ်မှာ သူတို့ရဲ့ စစ်အာဏာတည်မြဲရေး၊ ဒီမိုကရေစီစနစ် မပေါ်ပေါက်စေရေးဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီး ထမ်းထားလို့ပဲ ….။ ။

❖



# “နွေဦးသီချင်း ……နှစ်”

■အရောင်ပြောင်းနေတဲ့ ဆောင်းဟာ
သူကိုယ်တိုင်ခြွေခဲ့တဲ့
ကြွေရွက်တွေကို နင်းရင်း
တရွေ့ရွေ့ဆုတ်ခွာ ……..။
■ကြည့်စမ်းပါဦး
လမ်းရဲ့အစ
ဗလာကုက္ကိုလ်
သစ်ပင်အိုကြီး ……..
အခုတ်ခံ၊ အထစ်ခံ
မြပုရစ်ဖူးတွေနဲ့
ရှန်းကြွရှင်သန် ……..။
■ကပိုကရိုလေညှင်းကလည်း
လက်ကျန်ဆောင်းရဲ့အငွေ့အသက်
အေးတစက်စက် ……..
တပါတည်းပွေ့ဖက်ခေါ်လာတဲ့
နွေးတသက်သက်လေနှင့်အတူ ……..။
■နေ့ဦးကျေးငှက်လေးတွေက
သူတို့ဖြတ်ပျံလာတဲ့ လမ်းတလျှောက်မှာ
တက်ကြွနေခြည် နုနုတွေရဲ့အကြား
ဗျာများနေတဲ့
အိပ်မက်အတုတွေကို တွေ့လိုက်တယ် ……..။
■လယ်ကွင်းတွေရှေ့ကိုရောက်မှ
ရပ်လိုက်ရတဲ့လမ်း
ဗတာပန်းကလေးတွေရဲ့ ဥယျာဉ်မှာတော့
“ပြည်မှာဆောင်းနဲ့လမ်းရဲ့သယ်ဆောင်ရာ”
ဥပေက္ခာ ဝေဒနာတွေနဲ့ဆိုဖွဲ့
နွေဦးရဲ့နွေဦးကိုသာ
ယုံယုံကြည်ကြည် ……..ပျိုးလို့။ ။

(■)ကိုခင်ဝမ်းရဲ့ သီချင်းနှစ်ပုဒ်။
(ကမာပုလဲ)
ကျောင်းသားတပ်မတော်
၁၂–၂–၀၅

### အလွမ်းကဗျာ အလွမ်းစာမှ ….

လွတ်မြောက်ခဲ့သည်။ ဂျပန်စကားပြန်အဖြစ် အပို့ခံခဲ့ရတာဖြစ်တယ်။ အာရှလူငယ်အစည်းအရုံးမှာလည်း ဝင်ရောက်တာဝန်ယူခဲ့တယ်။

စစ်ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းဖွဲ့စည်းတဲ့ ‘ပြည်သူ့ရဲဘော်’ တပ်ဖွဲ့ကို ဝင်ခဲ့တယ်။ ၁၉၄၇ ခုနှစ်မှာ အင်းစိန် တိရစ္ဆာန်ဆေးကုသင်တန်းကို တက်ရောက်ခဲ့ပြီးနောက် ၁၉၄၉ ခုနှစ်မှာ တိရစ္ဆာန်ဆေးကုဘွဲ့ ရရှိခဲ့တယ်။ နောက် အင်းစိန် တိရစ္ဆာန်ဆေးကုသုတေသနရုံး ဓာတ်ခွဲခန်းမှာ အလုပ်လုပ်ကိုင်ခဲ့တယ်။ ၁၉၅၅ ခုနှစ်မှာ ထိုင်းနိုင်ငံ ‘ကက်ဆာဆက် တက္ကသိုလ်’ မှာ ကြက်မွေးမြူရေး (၆)လသင်တန်း တက်ရောက်ခဲ့တယ်။ ၁၉၅၆ ခုနှစ်မှာ ရန်ကုန်မြို့၊ ဆယ်မိုင်ကုန်း ကြက်မွေးမြူရေးစခန်းရဲ့ မန်နေဂျာအဖြစ် လုပ်ကိုင်ခဲ့တယ်။ မြန်မာနိုင်ငံရဲ့ ပထမဆုံး ဘီလပ်ကြက်မွေးမြူရေးလုပ်ငန်းဖြစ်တယ်။ ၁၉၅၈ ခုနှစ်မှာ အစိုးရဝန်ထမ်းအဖြစ်ကနေ နှုတ်ထွက်ပြီး ဥပဒေတွင်း ပြန်လည်ရောက်ရှိလာတဲ့ ‘ပြည်သူ့ရဲဘော်အဖွဲ့ချုပ်’မှာ စည်းရုံးရေးမှူးတာဝန်ယူခဲ့တယ်။ ဖဆပလက ကျင်းပတဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲမှာ ပြည်သူ့ရဲဘော်အဖွဲ့ချုပ်ကိုယ်စားလှယ် ‘ဗိုလ်ညို’ (ယခု ဝါရင့်နိုင်ငံရေး (၂၃)ဦးအဖွဲ့ဝင်)အောင်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့တယ်။

ဦးစိုးဝင်းဟာ ၁၉၆၃ ခုနှစ် ‘ပြည်တွင်းငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲ’၊ ‘(၆)ခရိုင်ငြိမ်းချမ်းရေးဆန္ဒပြပွဲ’တို့မှာ ပါဝင်လှုပ်ရှားမှုကြောင့် အထိန်းသိမ်းခံခဲ့ရတယ်။ ပုဒ်မ ၅ (ည)နဲ့ ထောင် (၇)နှစ် အကျဉ်းကျခံခဲ့ရတယ်။ ၁၉၇၁ ခုနှစ်မှာ ပြန်လည်လွတ်မြောက်ပြီး မြို့နယ်သမဝါယမဥက္ကဋ္ဌအဖြစ် လုပ်ကိုင်တယ်။ ရှစ်လေးလုံးအရေးတော်ပုံကြီးမှာ ပါဝင်ခဲ့ပြီး ‘ပြည်သူ့ ရဲဘော်အဖွဲ့ချုပ် (ဗမာပြည်)’ကို ဖွဲ့စည်းတဲ့အခါမှာ အတွင်းရေးမှူးတာဝန်ယူခဲ့ပါတယ်။

၁၉၈၉ ခုနှစ်၊ ဇူလိုင် (၁၅)ရက်နေ့မှာ စစ်အစိုးရရဲ့ ဖမ်းဆီးမှုကိုခံရပြီး၊ ၁၉၉၁ ခုနှစ်၊ မေလ (၃)ရက်နေ့မှာ အင်းစိန်အကျဉ်းထောင်မှာ ကွယ်လွန်ပါတယ်။ ၁၉၉၁ ခုနှစ် မေလ (၅)ရက်နေ့မှာ ကြီးတောသချိုင်းမှာ မီးသင်္ဂြိုဟ်ခဲ့တယ်။

ဦးစိုးဝင်းအတွက် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုလုပ်ထားတာမရှိပါ။ ဦးစိုးဝင်းရဲ့ အကျဉ်းချခံ ခန္ဓာကိုယ်ဟာ သေဆုံးပျောက်ကွယ်ခဲ့ပါပြီ။ ဒါပေမယ့် ဦးစိုးဝင်းရဲ့ ဒီမိုကရေစီမြတ်နိုးတဲ့စိတ်ဓာတ်နဲ့ သမိုင်းမှန်ဖော်ထုတ်ရေး မွန်မြတ်တဲ့ဆန္ဒတို့ကတော့ သေဆုံးကွယ်ပျောက်ခြင်းမရှိ။ ရှင်သန် ကျန်ရစ်နေပါတယ်။ မျိုးဆက်သစ်တို့က ဆက်လက် လက်ဆင့်ကမ်း တာဝန်ယူကြမှာ မလွဲပါ။

ညီဇံ

# ဥရောပနိုင်ငံများသမဂ္ဂအဖွဲ့ (အီးယူ)က မြန်မာနိုင်ငံအပေါ် နောက်ထပ်တနှစ် အရေးယူဒဏ်ခတ်ရန်ဆုံးဖြတ်ချက်ချ

မြန်မာနိုင်ငံ၏ ဆိုးရွားသောလူ့အခွင့်အရေးမှတ်တမ်းများကြောင့် ဥရောပနိုင်ငံများ သမဂ္ဂအဖွဲ့ (အီးယူ)က မြန်မာနိုင်ငံအပေါ်ပိတ်ဆို့အရေးယူမှုများ ဆက်လက်လုပ်ဆောင်သွားရန် ဧပြီလ (၂၄)ရက်နေ့ကျင်းပသော အီးယူနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးက ဆုံးဖြတ်လိုက်သည်။

မြန်မာနိုင်ငံတွင် အီးယူ၏ပိတ်ဆို့အရေးယူမှုများကို ပြန်လည်ရုပ်သိမ်းပေးရလောက်အောင် ထိုက်တန်သောတိုးတက်မှုတစုံတရာမှ မရှိသည့်အပြင်၊ အပြုသဘောဆောင်သောအပြောင်းအလဲများလည်းမတွေ့ရကြောင်း ဥရောပသံတမန်များ ပြောဆိုသည်။



အီးယူနိုင်ငံများမှ ခေါင်းဆောင်များ အစည်းအဝေးကျင်းပနေစဉ်

အီးယူ၏ယခုဆုံးဖြတ်ချက်တွင် ဗိုလ်မှူးချုပ်နှင့် အထက်စစ်ခေါင်းဆောင်များနှင့် ၎င်းတို့၏မိသားစုဝင်များကို ဥရောပနိုင်ငံများသို့ပြည်ဝင်ခွင့်မပေးရန်၊ ဥရောပကုမ္ပဏီများနှင့် အဖွဲ့အစည်းများ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ရန်စသည့်အချက်များ ပါဝင်သည်။

နအဖ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် အီးယူနိုင်ငံများက မြန်မာနိုင်ငံအား (၁၉၉၆)ခုနှစ်မှစ၍ စီးပွားရေးဒဏ်ခတ်မှုများပြုလုပ်ခဲ့သည်။

နအဖသည် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးခြင်းအပါအဝင်၊ ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းများလုပ်ဆောင်ရန် ပေးထားသောကတိကဝတ်များပျက်ကွက်ခဲ့သဖြင့် ပြီးခဲ့သည့် အောက်တိုဘာလကစ၍ ပိုမိုပြင်းထန်သောအရေးယူမှုများကို အီးယူက ပြုလုပ်ခဲ့သည်။

ထို့အပြင် အီးယူနိုင်ငံများက (၂၀၀၆) ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံအလှည့်ကျသဘာပတိဖြစ်လာလျှင် အာဆီယံနှင့်ကျင်းပရန်ရှိသော အစည်းအဝေးများကို သပိတ်မှောက်မည်ဟုပြောဆိုထားပြီး နအဖအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးပြီး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အားလုံးပါဝင်နိုင်သော ဆွေးနွေးပွဲများပြုလုပ်ရန် ကုလသမဂ္ဂ၊ အီးယူ၊ အမေရိကန်ပြည်ထောင်စုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက နအဖကို တိုက်တွန်းနေကြသည်။❖

# အိန္ဒိယရှိ အလုပ်လုပ်သူမြန်မာဒုက္ခသည်များအိန္ဒိယအစိုးရက သတ်မှတ်ထားသောအနိမ့်ဆုံးလစာရမည်

အိန္ဒိယနိုင်ငံရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးက အိန္ဒိယရှိအလုပ်လုပ်သူ မြန်မာဒုက္ခသည်များကို အိန္ဒိယ၏ အနိမ့်ဆုံးလုပ်အားခ သတ်မှတ်နှုန်းအတိုင်း လုပ်အားခရရှိအောင် စီစဉ်ပေးလျက်ရှိသည်။

အိန္ဒိယနိုင်ငံရှိ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးလက်အောက်ခံ အဖွဲ့တဖွဲ့ဖြစ်သော ဒွန်အောစကိုအဖွဲ့က မြန်မာဒုက္ခသည် အလုပ်သမားများကို အနိမ့်ဆုံးလစာ အိန္ဒိယရူပီးငွေ (၂၇၄၆)ရရှိအောင် အလုပ်အကိုင်များရှာဖွေပေးမည်ဖြစ်ပြီး အနိမ့်ဆုံးလုပ်အားခမရသောသူများကိုလည်း ထိုပမာဏပြည့်အောင် အဖွဲ့က ထပ်လောင်းဖြည့်စွက်ပေးသွားမည်ဖြစ်ကြောင်း UNHCR ၏ ကြေညာချက်တွင် ဖော်ပြထားသည်ဟု အိန္ဒိယအခြေစိုက် မဇ္ဈိမသတင်းစာ၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။

ယခု မေလတွင် စတင်မည့်အစီအစဉ်တွင် ပထမ (၆)လကို အစမ်းကာလအဖြစ် သတ်မှတ်ထားပြီး၊ နောင်တွင် ဒုက္ခသည်များအနေဖြင့် ဒွန်အောစကိုအဖွဲ့၏ အကူအညီမပါဘဲ မိမိတို့၏ အရည်အချင်းအလိုက် လုပ်အားခပိုရသော အလုပ်အကိုင်အခွင့်အလမ်းများ လမ်းပွင့်လာအောင် ရည်ရွယ်စီစဉ်ပေးခြင်းဖြစ်သည်ဟုလည်း သိရှိရသည်။

ဒွန်ဘောစကို ရိုမန်ကက်သလစ်အသင်းသည် နယူးဒေလီမြို့တွင်အခြေစိုက်ပြီး မြန်မာဒုက္ခသည်များကို ကွန်ပြူတာ၊ ဟိန္ဒူဘာသာစကားသင်တန်းများ သင်ကြားပေးနေပြီး၊ အလုပ်အကိုင်ရရှိရေးအတွက်ပါ ဆောင်ရွက်ပေးနေသောအဖွဲ့ဖြစ်သည်။

❖

# မြန်မာ့အရေးဆောင်ရွက်ရန် နယူးဇီလန်လွှတ်တော်၌ သီးခြားအဖွဲ့ ဖွဲ့စည်းမည်


နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီး ဖဲလ်ဂေါ့ဖ်

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့တွင် ဧပြီလ (၂၃)ရက်နေ့ကကျင်းပသော နယူးဇီလန်လွှတ်တော်အမတ်များအစည်းအဝေးက မြန်မာ့အရေးဆောင်ရွက်ရန်အတွက် လွှတ်တော်၌ သီးခြားအဖွဲ့ ဖွဲ့စည်းရန် ဆုံးဖြတ်လိုက်သည်။

မြန်မာ့အရေးဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံရေးပါတီပေါင်းစုံမှ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ကို အာဆီယံနိုင်ငံတချို့တွင် ဖွဲ့စည်းထားသလို နယူးဇီလန်နိုင်ငံတွင်လည်း ဖွဲ့စည်းနိုင်ပြီဖြစ်ကြောင်း နယူးဇီလန်လွှတ်တော်၏ ဒုတိယ ဥက္ကဋ္ဌ Ms Ann Hartley က သတင်းထောက်များကို ပြောဆိုသည်။

ယင်းအစည်းအဝေးသို့ နယူးဇီလန်နိုင်ငံ အာဏာရပါတီ လေဘာပါတီအမတ်များက ဦးဆောင်ပြီး Green ပါတီ၊ Progressive ပါတီအပြင် National ပါတီမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး၊ နယူးဇီလန်နိုင်ငံ သို့ စည်းရုံးရေးခရီးစဉ်အဖြစ် ရောက်ရှိနေသော (၁၉၉၀)ရွေးကောက်ပွဲတွင် ရွေးကောက်ခံထားရသူ ပြည်ပရောက် ပြည်သူ့လွှတ်တော်ကိုယ်စားများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်တို့လည်း တက်ရောက်ခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယူးဇီလန်အလုပ်သမားသမဂ္ဂများအဖွဲ့ (NZ CTA)၊ နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့နှင့်တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ရှိလူ့အခွင့်အရေးအခြေအနေများအပေါ် ဆွေးနွေးခဲ့သည်ဟုသိရှိရသည်။

နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီး (Phil Goff)က ကုလသမဂ္ဂကချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းအတွင်းက ရှိသမျှအခွင့်အရေးများကိုအသုံးချပြီး မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအခြေအနေများတိုးတက်လာအောင် အစွမ်းကုန်ကူညီဆောင်ရွက်သွားမည်ဟု ပြောဆိုသည်။

နယူးဇီလန်အလုပ်သမားသမဂ္ဂအဖွဲ့ကလည်း မြန်မာနိုင်ငံအပေါ်ချမှတ်ထားသော နိုင်ငံတကာ၏ စီးပွားရေးဒဏ်ခတ်မှုများကို ထောက်ခံရန် နယူးဇီလန်အစိုးရနှင့် ပြည်သူများကို တိုက်တွန်းလိုက်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်က ဦးဆောင်သွားပြီး၊ အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ကျောက်တံခါးမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှဦး၊ မိုင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒယ်နီအောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၏ ဒါရိုက်တာ ဒေါက်တာမြင့်ချိုတို့ လိုက်ပါသွားကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပြီးခဲ့သည့်လဆန်းပိုင်းကလည်း ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပသော နိုင်ငံတကာလွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး၊ မြန်မာနိုင်ငံအား (၂၀၀၆)အာဆီယံအလှည့်ကျသဘာပတိမပေးရေးအတွက် တင်ပြဆွေးနွေးခဲ့ဟုသိရှိရသည်။ ❖

● စာမျက်နှာ (၄) ဇွန်မှိုင်းမှ ...

စမ်းတွေစီးရင်း ခမ်းခြောက်ရ
အံကြိတ်ရင်းနဲ့ နှုတ်ခမ်းတွေပြတ်တဲ့ည'

မန္တလေး၊ မုံရွာ၊ ရေဦး၊ ကလေးဝကားလမ်း။

ဒီလမ်းကို ကျနော် အကြိမ်ပေါင်းများစွာ သွားဖူးတယ်။

ဘယ်မြို့ပြီးရင် ဘယ်မြို့ရောက်မယ်။

ဘယ်ရွာပြီးရင် ဘယ်ရွာကိုရောက်မယ်။ ကျနော် အလွတ်တောင်ရနေတယ်။

ဒီမြို့ဒီနယ်က နယ်သူနယ်သားတွေရဲ့ စိတ်အတွေး၊ ခံစားမှု ရင်ခုန်သံ၊ အငိုအရှိုက်၊ အရယ်အမော အားလုံးကို ကျနော် အတော်ပဲ ရင်းနှီးတယ်။

သူတို့ စိတ်ရင်းကောင်းကြတယ်။

သူတို့ ရိုးဖြောင့်ကြတယ်။

သူတို့ ဆင်းရဲကြတယ်။

ဒီလူတွေရဲ့ စိတ်ရင်းကို ကျနော်ကောင်းကောင်း အကဲခတ်လို့ရတယ်။

ဒေါ်စုကို ရိုက်သတ်ဖို့နေနေသာသာ ပါးစပ်နဲ့တောင် ဒါမှမဟုတ် စိတ်နှင့်တောင် မုန်းကြည့်လို့ရမယ့် လူတွေမဟုတ်ဘူး။

ဒါ ကျနော့်ဖက်က သေချာမှုပဲ။

ဒီပဲယင်းမြို့မဝင်ခင် ကြည်ရွာနားမှာမှ ဒီအဖြစ်ဆိုးကြုံရတယ်ဆိုတာ ကျနော် စဉ်းစားလို့ကိုမရဘူး။

ဒီလူတွေဟာ ဒေသခံတွေဖြစ်ဖို့ထက် စစ်အုပ်စုက ရှာကြံစုဆောင်းထားတဲ့ အရက်ကိုးမောင်းတိုက်ထားတဲ့ လက်မရှိ့တွေပဲဖြစ်မယ်။

(၁၀)

'ဘယ်ဖက် ၃ ယောက်၊ ညာဖက် ၃ ယောက် ....ဒေါ်အောင်ဆန်းစုကြည်လုံခြုံရေးအတွက် ကာဘာပေးတယ်။

အဲဒီလို ကာဘာပေးတဲ့အခါမျိုးတွေမှာ သူတို့တတွေဟာ ပစ်ပစ်ပြီး ရိုက်လိုက်တဲ့ အခါကျတော့ ကာပေးတဲ့သူတွေက ကျသွားလိုက်၊ နောက်တဆင့်ကာလိုက်၊ ကာပေးတဲ့သူ ထပ်ကျသွားလိုက် နောက်တဆင့်ကာလိုက်နဲ့ အဲဒီနားမှာပဲ .... တော်တော်လူများတယ်။'

'ရိုက်တာမှ ခေါင်း ....

ခေါင်းကိုအဓိကထားပြီး ရိုက်တာ၊ အသေသဘောမျိုးကို ရိုက်တာဖြစ်ပါတယ်၊

အဲဒီမှာ ကားတစီးလုံးကိုလှုပ်လို့၊ မဆင်းဘူးလား၊ ဆင်းမှာလား၊ မဆင်းရင် မီးရှို့ပစ်မယ်ဆိုပြီးတော့ ကျမတို့အဖွဲ့တွေကို အကုန်ဆင်းခိုင်းပါတယ်။

ဆင်းခိုင်းတဲ့ အခါမှာလည်း ....'

'ဒိုင်နာကားလေးစီးနဲ့ သေတဲ့အလောင်းတွေကို ကားပေါ်ပစ်တင်၊

လူနာတို့၊ မသေမရှင်တို့ကို အဲဒီမှာ သယ်သွားပြီး၊ အဲဒီထဲမှာ ....'

(၁၁)

ဒါတွေရဲ့ လက်သည်ဟာ ဘယ်သူလဲ။

ဗိုလ်စိုးဝင်းလား၊ သူက ဒီပဲယင်းစိုးဝင်းလို့တောင် နာမည်ရနေပြီ။

ဒါပေမယ့် အမေရိကန်ပြည်ထောင်စုရောက် ဗိုလ်အောင်လင်းထွန်းကတော့ .... ဗိုလ်သန်းရွှေတဲ့။

တကယ့်အဆောက်အဦးကိုဖြိုတာ ဘယ်သူလဲဆိုတဲ့မေးခွန်းအတွက် လက်ညှိုးတွေ တောင်ထိုး မြောက်ထိုးထိုးခဲ့ကြတာ ဘာကြာသေးလို့လဲ။

အခုလည်း လုပ်နေကြပြန်ပြီ။

ဒီလူတွေကို ကျနော်အံ့သြတယ်။ သမိုင်းဆိုတာ ညာလို့ရတဲ့အမျိုးမှ မဟုတ်တာ။

(၁၂)

"ကျမတို့ ဒီလူငယ်တွေကို ကျမတို့ လိုပါတယ်။

ဒီလူငယ်တွေကို ကျမတို့ အားကိုးပါတယ်။ ပြီးတော့ ....

ကျမတို့နိုင်ငံအတွင်းမှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့အပြောင်းအလဲတွေဖြစ်ဖို့ အဓိကအားဖြင့် ကြိုးစားကြပါ။

အဲဒါမှ .... ကျမတို့နိုင်ငံအတွင်းမှာနေပြီးတော့ ဒီနိုင်ငံမှာရှိတဲ့ လူတွေအားလုံး လုံလုံခြုံခြုံနဲ့ လွတ်လွတ်လပ်လပ်နေနိုင်ဖို့ ကျမတို့ ဖန်တီးနိုင်မှာဖြစ်ပါတယ်။"

မုံရွာလူငယ်တွေကိုပြောတဲ့ ဒေါ်စုရဲ့ စကားပါ။

ဒါဟာ မြန်မာနိုင်ငံအနှံ့အပြားက လူငယ်တွေကို ပြောလိုက်တာလည်းဖြစ်ပြီး၊

ကျနော်တို့ ပြည်သူတရပ်လုံးကို ပြောလိုက်တာလည်းဖြစ်ပါတယ်။

(၁၃)

ကျနော်တို့ ဘာလုပ်ကြမလဲ။

စစ်အုပ်စုကဖွင့်လိုက်တဲ့ စာမျက်နှာအသစ်ဆိုတာကတော့ လမ်းတဝက်မှာတင် သူတို့ကိုယ်တိုင် ပြန်ပိတ်လိုက်ပါပြီ။

ဘယ်အရာမှ လွယ်လွယ်နှင့် အလကားမရနိုင်တာ သေချာပါတယ်။

ကမ္ဘာကြီးကို တွန်းရွှေ့ဖို့ဆိုရင် ကုတ်ကြီးကြီးတချောင်းရယ်၊ ထောက်စရာ မြေခိုင်ခိုင်တနေရာရယ်။

အဲဒါကို စိတ်ချလက်ချ ယုံကြည်မှုရှိရှိနဲ့ ကော်မကြမယ့် အာခိမိဒိတွေရယ် အသေအချာ လိုအပ်ပါတယ်။ ။

ဆရာထိုက်သူနိုင်နှင့် ဒီပဲယင်းကျောက်စာ ဝိုင်းတော်သားအားလုံးကို အထူးကျေးဇူးတင်စွာဖြင့် ....။

**ဇွန်မှိုင်း**
**၂၇၊ ၄၊ ၂၀၀၅။**

ဒါပေမယ့် အမေရိကန်ဇာတ်အသွင်းခံထားရသူတွေဟာ နိုင်ငံခြားတိုင်းပြည်မှာရောက်နေပေမယ့် မေရိကန်နိုင်ငံသားတွေက သူတို့ရဲ့အမေရိကန်အစိုးရအပေါ် ရှုမြင်ပုံမျိုးကို သဘောပေါက်နေတတ်ကြပါတယ်။ ဒါဟာ တကယ့်ကို မြင်သာထင်သာရှိလှပြီး အင်မတန်စိုးရိမ်စရာကောင်းပါတယ်။ အမေရိကန်အစိုးရတည်ဆောက်ထားတဲ့ပုံစံကိုက အမေရိကန်ပြည်သူတွေရဲ့ အကျိုးစီးပွားကာကွယ်ရေးအတွက် ပုံဖော်ထားတာဖြစ်ပြီး အမေရိကန်ဇာတ်သွင်းခံထားရသူတွေဖြစ်တဲ့ အခြားသောကမ္ဘာ့အထက်တန်းလွှာတွေရဲ့ အကျိုးစီးပွားအတွက်မဟုတ်ပါဘူး။

ဒါဟာ အမေရိကနဲ့ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းစဉ်းစားဖို့ အင်မတန်ခက်စေတဲ့အကြောင်းတခုလို့ ဆိုရပါမယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး စိတ်အပျက်ကျဆုံးကတော့ အမေရိကန်ဇာတ်နာနာသွင်းခံသူက နာနာပိုပြီးစိတ်ပျက်ကျတယ်လို့ ဆိုပါတယ်။ သူတို့က အကျပ်အတည်းကြားကနေပြီး ထိုးဖောက်စဉ်းစာလေ့ရှိတဲ့သီရဲ့ အကျိုးဆက်လို့ ဆိုရပါမယ်၊ အမေရိကက သူတို့ကို ကျိုးကြောင်းမှန်ကန်အောင်ကြည့်ဖို့ ပညာတတ်မျက်စိတတ်ပေးလိုက်သလို အသိတရားတွေကို သူတို့ရဲ့ဦးနှောက်ထဲကို ထည့်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုနဲ့ အဲဒီအတတ်ပညာတွေကြောင့် သူတို့တတွေဟာ အမေရိကန်ကြတာဟာ အချိန်ကာလတခုထိတော့ ကြာမြင့်နေပါလိမ့်မယ်၊ ဒါပေမယ့် (၉)လ (၁၁)ရက်ကိစ္စက ညွှန်းပြနေတာကတော့ အခြားသောသူတွေရဲ့ အမေရိကန်အစိုးရအပေါ် ရှုမြင်ချဉ်းကပ်တဲ့နေရာမှာ အချို့သော အခြေခံတွေဟာ ပြောင်းလဲသွားပြီဆိုတာပါပဲ။

(၉)လ (၁၁)ရက် ဖြစ်ခဲ့ပြီး သုံးနှစ်အတွင်းမှာ ကမ္ဘာတဝှမ်းက ပြည်သူတွေကို ဒီ(၉)လ (၁၁)ရက် ကမ္ဘာ့စီးပွားရေးအဆောက်အဦးကြီး နှစ်ခုအတိုက်ခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးဖို့ အခွင့်အလမ်းတွေရရှိခဲ့ပါတယ်။ အများအမြင်မှာတော့ အစိုးရတော်တော်များများနဲ့ ပြည်သူတွေဟာ (၉)လ၊ (၁၁)ရက် ကိစ္စကြောင့် သေဆုံးခဲ့ကျသူတွေအပေါ် စာနာမှု၊ ထောက်ခံအားပေးမှုတွေ ပြခဲ့ကြပါတယ်။ ဒါပေမယ့်လည်း ပုဂ္ဂလိကပိုင်းဆိုင်ရာထောင့်ကနေကြည့်ရင်တော့ တဦးချင်းအမြင်နဲ့ ဒီကိစ္စအပေါ်တုန့်ပြန်မှုတွေကတော့ အတော်လေးကိုကွဲလွဲချက်တွေရှိနေပါတယ်။ တကယ်တမ်းပြောရရင်အချို့ဟာ အတော်လေးကို တိတ်တိတ်ကလေးကြိတ်ပြီး ကျေနပ်နေတဲ့သဘောတောင်ရှိကြပါတယ်။ အမေရိကဟာ နောက်ဆုံးမှာအလားတူနာကျင်ထိခိုက်မှုဆိုတဲ့ ကမ္ဘာ့ပြည်သူတွေဖြစ်ပေါ်ခံစားနေရတဲ့အခြေအနေကို ခံစားနားလည်လိုက်ရတဲ့ အတွက်ဖြစ်တယ်လို့ ဆိုပါတယ်။

အမေရိကန်ရဲ့ အာဏာပါဝါတွေ တဖြေးဖြေးအသိမှတ်ပြုမှု ပါးလာတာကြောင့် နိုင်ငံရေးနဲ့ စီးပွားရေးပိုင်းတွေသာမက စစ်ရေးနဲ့ လုံခြုံရေးပိုင်းဆိုင်ရာတွေမှာပါ ထိုက်သင့်တဲ့တန်ဖိုးတွေ ပေးဆပ်ဖို့ဖြစ်လာပါလိမ့်မယ်။ ဒါပေမယ့် တကယ့် ရေတိုကာလမှာတင် သေးကြုံလာတဲ့ကမ္ဘာ့အခင်းအကျင်းကြောင့် အမျိုးသားရေးဂုဏ်မာနတွေ တဖြေးဖြေးပျောက်ဆုံးနေကြတာကို အမေရိကန်တွေကိုယ်တိုင် ပထမဆုံး နာနာကြည်းကြည်းနဲ့ ရင်ဆိုင်ရပါမယ်။

ကျနော်တို့အားလုံးဟာ အခုချိန်မှာ တလှေတည်းစီး၊ တခရီးတည်းသွားနေကြတဲ့ ဘဝတူခရီးသည်တွေပါဆိုတဲ့ အမြင်အပေါ် အချို့သော အမေရိကန်တွေက လက်မခံကြပါဘူး။ အခြားသူတွေရဲ့ကိစ္စတွေကို သူတို့ရဲ့ နေ့တဓူဝ ဘဝထဲကို ဆွဲထည့်တာဖြစ်တယ်လို့ သူတို့ဘက်က ခံစားနားလည်ကြပါတယ်။ ကျနော်တို့အားလုံးဟာ တလှေတည်းစီး၊ တခရီးတည်းသွား ဘဝတူခရီးသည်တွေပါ ဒီခရီးသည်တွေအားလုံးအတွက် မာလိမ်မှူးတယောက်နဲ့ လှေထိုးသားတွေတော့ ကျနော်တို့ လိုအပ်နေပြီမဟုတ်ပါလားလို့ပြောတိုင်း သူတို့မသက်မသာခံစားကြရပါတယ်။ စဉ်းစားတာကဒီလိုပါ။ ကမ္ဘာ့ရေးရာကိစ္စအားလုံးနဲ့ဆိုင်တဲ့ ပိုမိုကောင်းမွန်တဲ့ စီမံခန့်ခွဲမှုကို အမေရိကန်တွေလက်ထဲကို ထိုးအပ်ရမယ်လို့ အမေရိကန်အစိုးရရဲ့ တင်ပြမှုမက်စေ့ချ်တွေဟာ အမြဲတမ်းရှင်းလင်းမှုမရှိခဲ့ပါဘူး။ ရှုတ်ရှုတ်ထွေးထွေးတွေ ဖြစ်နေတတ်ပါတယ်။

အဓိကပြဿနာက ကမ္ဘာ့ရေးရာကိစ္စတွေမှာ အမေရိကန်ပေါ်လစီတွေဟာ အမြဲတမ်း စုစုစည်းစည်းနဲ့ ကျိုးကြောင်းဆက်စပ်မှုမရှိခဲ့တဲ့အတွက် ဖြစ်ပါတယ်။ ဒီလို စုစုစည်းစည်းနဲ့ ကျိုးကြောင်းဆက်စပ်နိုင်ဖို့အတွက် အဓိကကျတဲ့ မဟာဗျူဟာဆိုင်ရာ ဆုံးဖြတ်ချက်တွေလည်း မချနိုင်တဲ့အတွက်ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်တိုင်းဟာ ရေတိုစဉ်းစားချက်တွေအပေါ်ကနေအခြေခံပြီး ချမှတ်ခဲ့ကြတာဖြစ်ပါတယ်။ မြောက်ကာရိုလိုင်းနားက အထည်အလိပ်လုပ်ငန်းတွေက တွန်းအားပေးလို့၊ အထည်အလိပ်နဲ့ပတ်သက်တဲ့ အခွန်အကောက်ဆိုင်ရာကိစ္စတွေကို ဥပဒေပြုချမှတ်တာမျိုးတွေကို ဥပမာ ပေးချင်ပါတယ်။

ဒီတော့ မဟာဗျူဟာတခုချမှတ်ဖို့ကို အခုချက်ချင်း စတင်ရပါမယ်။ ကမ္ဘာကြီးက အမေရိကန်အစိုးရကို အလုံးစုံမဆန့်ကျင်နိုင်ပါဘူး။ အမေရိကန်အစိုးရအနေနဲ့ ကမ္ဘာကို လုပ်ပေးခဲ့တဲ့ အကျိုးပြုမှုတွေထဲက တကယ့်အကောင်းဆုံးတခုရှိပါတယ်။ ကမ္ဘာပေါ်က အထက်တန်းလွှာတွေရဲ့ အသိပညာနဲ့ ခေတ်မှီဖွံ့ဖြိုးမှုတွေက ဒီနေရာမှာ အမေရိကန်အစိုးရအပေါ် ဝိုင်းဝန်းထိန်းကြောင်းပေးနိုင်တဲ့ အတိုင်းကို ချမှတ်တဲ့အခါတိုင်းလိုလိုမှာ နောက်ဆက်တွဲဖြစ်လာမယ့် နိုင်ငံတကာအပေါ် ရိုက်ခတ်မှုတွေကို ထည့်သွင်းစဉ်းစားသင့်ပါတယ်။ ဒါကို လွယ်လွယ်ရှင်းရှင်း လုပ်နိုင်ပါတယ်။ နိုင်ငံတကာအပေါ် အကျိုးသက်ရောက်မှုကာကွယ်ရေးဥပဒေတွေကို လိုက်နာကျင့်သုံးရပါလိမ့်မယ်။

ဒီနေရာမှာ လုပ်ဆောင်မှုတိုင်းမှာ ဖြစ်ပေါ်လာတဲ့ နိုင်ငံတကာအကျိုးသက်ရောက်မှုတွေဟာ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်တာဟုတ်မဟုတ်ဆိုတာ ဘယ်လိုမှ ရှင်းရှင်းလင်းလင်းသိဖို့မလွယ်ပါဘူး။ အချိန်အများစုမှာ အမေရိကန်အစိုးရဟာ သူ့ရဲ့ဆုံးဖြတ်ချက်တွေကြောင့် အခြားသူတွေထိခိုက်ဖို့ ဖြစ်လိမ့်မယ်ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ ချမှတ်ခဲ့တာမဟုတ်ပါဘူး။ တကယ့်ကိုသတိရှိရှိနဲ့ စဉ်းစားလုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ 'ဝါ' တောင်သူတွေကို ငွေကြေးအကူအညီတွေ ပေးခဲ့တုန်းကဆိုရင် အနောက်ဘက်က အာဖရိကန်လူမျိုး 'ဝါ'တောင်သူတွေတော့ ဒုက္ခရောက်ပါတော့ဟဲ့ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ လုပ်ခဲ့တာမဟုတ်ဘူး။ အမေရိကန်နိုင်ငံရေးသမားတွေပြန်လည်းပြီး ရွေးကောက်ခံရဖို့ ရေနံဈေးနှုန်းတွေကို အနည်းဆုံးထိမ်းထားဖို့ လုပ်တဲ့အချိန်မှာ အခြား ကမ္ဘာ့ပြည်သူ ပြည်သားတွေကို ထိခိုက်စေလိုတဲ့ရည်ရွယ်ချက်

# နာလန်ထအောင် ကြိုးပမ်းနေရတဲ့ အမေရိကာ

သံဒိုင်းဖေ

"ကျနော်တို့အားလုံးဟာ တလှေတည်းစီး၊ တခရီးတည်းသွား ဘဝတူခရီးသည်တွေပါ ဒီခရီးသည်တွေအားလုံးအတွက် မာလိမ်မှူးတယောက်နဲ့ လှေထိုးသားတွေတော့ ကျနော်တို့ လိုအပ်နေပြီမဟုတ်ပါလားလို့ပြောတိုင်း သူတို့မသက်မသာခံစားကြရပါတယ်။ စဉ်းစားတာကဒီလိုပါ။ ကမ္ဘာ့ရေးရာကိစ္စအားလုံးနဲ့ဆိုင်တဲ့ ပိုမိုကောင်းမွန်တဲ့ စီမံခန့်ခွဲမှုကို အမေရိကန်တွေလက်ထဲကို ထိုးအပ်ရမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။"

အစိုးရအပေါ်ကနေပြီး အကောင်းဆုံး၊ အဆင့်မြင့်ဆုံးအမေရိကန်ပုံစံ ဖြစ်ပေါ်လာရေးဆိုတဲ့ မျှော်လင့်ချက်တွေကလည်း ရှိနေတော့တာပေါ့။

အမေရိကတက္ကသိုလ်တွေကို အခြားနိုင်ငံက သူတွေအတွက်ပါ ရက်ရက်ရောရော အသုံးချခွင့်ပြုလာတာကြောင့် ကမ္ဘာကြီးရဲ့ အထက်တန်းလွှာလူတန်းစားတွေအပေါ် အမေရိကန်ဇာတ်သွင်းခံကြရတာ တနေ့တခြား တိုးလာနေပါတယ်။ နောက်ပြီး သေးကြုံလာတဲ့နိုင်ငံတကာအသိုင်းအဝိုင်းအခြေအနေအောက်မှာ အမေရိကန်အစိုးရက သူ့အမျိုးသား အကျိုးစီးပွားတခုတည်းကိုသာကာကွယ်ဖို့ ဒါမှမဟုတ် အားပေးဖို့အတွက် သူ့ရဲ့အာဏာကို အသုံးပြုနေမယ်ဆိုရင်တော့ သေသေချာချာပြောနိုင်တာကတော့ အခုလို စိတ်ရှုတ်ထွေးစရာတွေဟာ ပိုပြီးများလာစရာအကြောင်းရှိပါတယ်။ အချိန်ကြာလာမယ်ဆိုရင်တော့ ဒီစိတ်ရှုတ်ထွေးမှုတွေကနေပြီး အမေရိကန်ရဲ့ အာဏာပါဝါအပေါ် အခြားကမ္ဘာသူကမ္ဘာသားတွေရဲ့အမြင်မှာ တရားဝင်မှုရှိမရှိဆိုတဲ့အထိ သက်ရောက်သွားနိုင်ပါတယ်။

ဒီကိစ္စမျိုးဆိုတာ ရုတ်တရက်ကောက်ကာငင်ခါ ဖြစ်တတ်တာမျိုးတော့ မဟုတ်ပါဘူး။ ဒီကနေ့ရှိနေတဲ့ အမေရိကန်ရဲ့ အာဏာပါဝါအပေါ် တရားဝင်အသိမှတ်ပြုလက်ခံနေ တဖြေးဖြေးနဲ့ အမေရိကန်အစိုးရရဲ့ အာဏာပါဝါအပေါ် အသိအမှတ်ပြုမှု ကျဆင်းလာတာပုံဖော်ပြချင်ပါတယ်။ အမေရိကန်လူမျိုးတွေ နိုင်ငံခြားတိုင်းပြည်တွေကို ခရီးထွက်တဲ့အခါ နောက်ပြီး သူတို့ကိုဘယ်လိုအကဲခတ်သလဲဆိုတာတဖြေးဖြေး စတင်နားလည်လာတဲ့အခါမှာပေါ့။ သူတို့အနေနဲ့ အခြားသူတွေနဲ့ ဆက်ဆံတဲ့နေရာမှာ မတူကွဲပြားတာက အမေရိကန်ဆိုတာ အင်မတန်စိတ်ကောင်းနှလုံးကောင်းရှိတဲ့ ကမ္ဘာ့နိုင်ငံသားလို့ သူတို့ကိုသူတို့ပုံဖော်ထားပြီး အခြားတဖက်မှာတော့ အမေရိကန်ဆိုတာ အလွန်ကိုကြောက်စရာကောင်းတဲ့ အာဏာပါဝါတွေကိုင်ထားနိုင်တဲ့ နိုင်ငံသားလို့ အခြားနိုင်ငံသားတွေက ရှုမြင်ခံနေရတာကိုလည်း သတိပြုလာပါတယ်။ ဘယ်လိုမှ ဆက်စပ်လို့မရတဲ့ မျက်နှာနှစ်ခုဖြစ်နေပါတယ်။

အချိန်ကြာလာတာနဲ့အမျှ အခုလိုအမေ ဆိုလိုတာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမေရိကန်တွေဟာလည်း ပိုမိုတည်ငြိမ်တဲ့ ကမ္ဘာ့အစီစဉ်အသစ်တခု လိုချင်သလို ဒါကို ဘယ်လိုလုပ်ယူကြမလဲဆိုတဲ့ နေရာမှာတော့ မစဉ်းစားချင်သလိုဖြစ်နေပါတယ်။

ဒီနေရာမှာ ထိုးဖောက်ထွက်နိုင်မယ့် မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်အချို့ကို အမေရိကန်တွေ ဆုံးဖြတ်လုပ်ကိုင်နိုင်ပါတယ်။

၁။ တည်ငြိမ်သည့် ကမ္ဘာ့အစီစဉ်အင်မတန်ရိုးစင်းပြီး သာမန်လူတွေတောင် တွေးနိုင်တဲ့ကိစ္စဖြစ်ပါတယ်။ ပထမဆုံး အမေရိကန်အစိုးရစဉ်းစားရမယ့် ကိစ္စဖြစ်ပါတယ်။ ဒါဟာ သူ့ရဲ့ ကိုယ်ကျိုးစီးပွားကိစ္စလည်း ဖြစ်နေလို့ပါ။ သူတို့အနေနဲ့ ကမ္ဘာကြီးတည်ငြိမ်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဖို့ဆိုရင် ဘယ်တုန်းကမှ လက်မတွန့်ခဲ့ကြောင်း အမေရိကန်ခေါင်းဆောင်တွေအားလုံးပဲ ပြောဆိုခဲ့ကြပါတယ်၊ ဒါပေမယ့် တကယ့်လက်တွေ့မှာတော့ တွက်ဖြစ်ပါတယ်။ အမေရိကန်ပေါ်လစီတွေဟာ သူတို့အကျိုးစီးပွားအတွက် ချမှတ်ပြဋ္ဌာန်းထားတာဟုတ်မဟုတ်နဲ့ စိုးရိမ်ဖွယ်ရာဖြစ်မဖြစ်ဆိုတာ သူတို့အနေနဲ့ မြင်နိုင်စွမ်းရှိပါတယ်။ အကာနဲ့ အနှစ်၊ အပြောနဲ့ လက်တွေ့အလုပ်တို့ကို သေသေချာချာ ခွဲခြားနိုင်ပါတယ်။ အခုလို အသိတရားနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ မြင့်မားနေတာကို အမေရိကန်အစိုးရအနေနဲ့ အခွင့်အလမ်းတရပ်အနေဖြင့်သာမက အချက်အလက်တခုအနေနဲ့ပါ လက်တွေ့ အသုံးချသင့်ပါတယ်။

၂။ နိုင်ငံတကာအပေါ် သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားခြင်း ဒုတိယမဟာဗျူဟာမြောက် ဆုံးဖြတ်ချက်နဲ့ဆိုင်တာကတော့ အမေရိကန်တွေရဲ့ ဆုံးဖြတ်ချက်ချမှတ်ရာမှာ ကိုယ့်ကိုယ်ကို ဗဟိုပြုစဉ်းစားချက်ကြတာနဲ့သက်ဆိုင်ပါတယ်။ အမေရိကန်အစိုးရတွေအနေနဲ့ အရေးကြီးတဲ့ဆုံးဖြတ်ချက် မရှိခဲ့ပေမယ့် အကျိုးသက်ရောက်မှုကတော့ တကမ္ဘာလုံးပူနွေးတဲ့ ရာသီဥတုဖောက်ပြန်မှုတွေ ခံခဲ့ကြရပါတယ်။ သေခြာတာကတော့ ရည်ရွယ်ချက်မရှိပဲ လုပ်ဆောင်မိတာပါလို့ဆိုထားပေမယ့်လည်း အခုလိုဖြစ်လာတဲ့ နောက်ဆက်တွဲမလိုလားအပ်တဲ့ နိုင်ငံတကာ အကျိုးဆက်တွေကို ပိုမိုပြီး တိတိကျကျထည့်သွင်းစဉ်းစားသင့်ပါတယ်။

ကျနော်တို့ရဲ့ လုပ်ရပ်တွေကြောင့် ဖြစ်ပေါ်လာတဲ့ သက်ရောက်မှုတွေကို မျက်ကွယ်ပြုမသိကျိုးကျွန်ပြုနေကြမယ်ဆိုရင်တော့ ဒီနောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးတွေဟာ ရည်ရွယ်ချက်မရှိပါဘူးလို့ ဆင်ခြေပေးနေတာကို လက်ခံလိုက်သလိုဖြစ်နေပါတယ်။ ဒါပေမယ့် အမေရိကန်အစိုးရအနေနဲ့ ဒီလို မသိကျိုးကျွန်ပြုမူနေတဲ့ ကမ္ဘာ့အခြေအနေကို ပြုပြင်ဖို့အတွက် အခြားနိုင်ငံတွေထက်စာရင် အများကြီးပိုပြီး ကြိုးစားလုပ်ဆောင်ခဲ့ပါတယ်။ သတင်းအချက်အလက်တွေကို တောင်ပုံယာပုံ လွယ်လွယ်ကူကူရရှိနေတဲ့ ဒီနေ့ခေတ်မှာ ရည်ရွယ်ချက်မရှိပါဘူး။ မသိလို့ဖြစ်ခဲ့တာပါဆိုတဲ့ အသုံးအနှုန်းဟာ တာရှည်ခံမယ့် ဆင်ခြေပေးမှုမျိုးမဟုတ်ပါဘူး။

နောက်လ ဆက်လက်ဖော်ပြပါမည်။

# သန်းရွှေစစ်အုပ်စု၏ ခေါင်းမာမှုအားလုံးကို စည်းလုံးမှုနဲ့ ရိုက်ခွဲမည်၊

## အဲန်အယ်လ်ဒီဟာရပ်တည်ရေးအတွက်ရပ်တည်နေတာဖြစ်ရင်မကောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီမှ ထုတ်ပြန်ကြေညာ



ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ရဲဘော်ထွန်း (ခ) ဗိုလ်ကျင်မောင်

အဲန်အယ်လ်ဒီနှင့် စီအာရ်ပီပီသည် လူထုအခွင့်အာဏာအပ်ခံ ရသည်ကိုထောက်ပြပြီး အဲန်အယ်လ်ဒီ၏ ရပ်တည်ရေးအတွက် ရပ်တည်နေတာဖြစ်ရင်မကောင်းပါဟု ဝေဖန်ပြောဆိုထားသည်။ ညောင်နှစ်ပင်ညီလာခံကို ပျက်အောင်လုပ်နိုင်သည်မှာ လူထု၊ စီအာရ်ပီပီ၊ အဲန်အယ်လ်ဒီနှင့် တပ်မတော်ထဲက အမြော်အမြင်ရှိသူများ စည်းလုံး ညီညွတ်မှုနဲ့သာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း....

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီမှ ၂၀၀၅ခုနှစ် ဧပြီလ (၅)ရက်နေ့စွဲဖြင့် **“ဒီမို ၂၀၀၆”** ထီးရိပ်အောက်မှ တိုက်ဖော်တိုက်ဖက်များသို့ တင်ပြချက် ခေါင်းစဉ်ဖြင့် ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် စစ်အုပ်စု၏ ရပ်တည်ချက် (သို့)ပြည်သူလူထုသို့ကမ်းလှမ်းချက်မှာ စစ်အုပ်စုလက်အောက်မှာ စစ်အုပ်စုချမှတ်မည့် စည်းကမ်းအတိုင်းနေမည်၊ မနေမည်ကို စဉ်းစားရန်ဖြစ်ကြောင်း အခြားနည်းလမ်းမရှိကြောင်း သုံးသပ်ထားသည်ကို တွေ့ရှိရသည်။ ထို့အပြင် စစ်အုပ်စုဆန့်ကျင်ရေးအင်အားစုအားလုံး ဘာလုပ်ကြမလဲဟူသော မေးခွန်းကိုဖော်ထုတ်လိုက်ပြီး ယင်းခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲများကို အဆင်ပြေသည့် အခြေအနေအောက်တွင် ကျင်းပရန်၊ ၎င်းတို့ပါတီမှ ဖိတ်ခေါ်ကြောင်း ဖော်ပြပါရှိသည်။

ထူးခြားသည်မှာ ဗကပမျိုးဆက်ဟောင်းများ၏ “အတိတ်ကို အတိတ်မှာထားခဲ့မယ်”ဟူသည့် အယူအဆသည် အဲန်အယ်လ်ဒီခေါင်းဆောင်များ၏ “သင်ပုန်းချေရေး” အယူအဆနှင့်တထပ်တည်း အနှစ်သာရ တူညီနေကြောင်း အကဲခတ်သူတဦးက မိုးကြိုးသို့ ထုတ်ဖော်ပြောဆိုသည်။ သို့သော် ဗကပမျိုးဆက်သစ်များက “အတိတ်ကို အတိတ်မှာ ထားခဲ့ချင်သည်”ဟု ပြောင်းလဲသုံးနှုန်းမှုသည် သင်ပုန်းချေရေးကျင့်သုံးလိုသော်လည်း လက်တွေ့မှာ မဖြစ်နိုင်ပါဟု ဆိုလိုရာရောက်ကြောင်း ကြေညာချက်တွင်ပါရှိသည့် “သန်းရွှေစစ်အုပ်စုရဲ့ခေါင်းမာမှုကို အားလုံးတစည်းတလုံးနဲ့ ရိုက်ခွဲပစ်ဘို့ပဲ”ဟူသည့် စကားရပ်ကို ကိုးကား၍ ၎င်းက ထပ်မံပြောဆိုခဲ့သည်။

ကြေညာချက်တွင် လက်ရှိအခြေအနေကို သုံးသပ်ဝေဖန်ရာ၌ အဲန်အယ်လ်ဒီနှင့် စီအာရ်ပီပီသည် လူထုအခွင့်အာဏာအပ်ခံ ရသည်ကိုထောက်ပြပြီး အဲန်အယ်လ်ဒီ၏ ရပ်တည်ရေးအတွက် ရပ်တည်နေတာဖြစ်ရင်မကောင်းပါဟု ဝေဖန်ပြောဆိုထားသည်။ ညောင်နှစ်ပင်ညီလာခံကို ပျက်အောင်လုပ်နိုင်သည်မှာ လူထု၊ စီအာရ်ပီပီ၊ အဲန်အယ်လ်ဒီနှင့် တပ်မတော်ထဲက အမြော်အမြင်ရှိသူများ စည်းလုံးညီညွတ်မှုနဲ့သာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သုံးသပ်ပြောဆိုထားသည်။

ဗမာပြည်ကွန်မြူနစ် ပါတီကို၊ ၁၉၃၉ ခုနှစ်က သခင်အောင်ဆန်း ဦးဆောင်ဖွဲ့စည်းခဲ့ပြီး၊ မြန်မာ့ နိုင်ငံရေးသမိုင်းတွင် ဖက်ဆစ်တော်လှန်ရေး အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများ၌ အစဉ်အလာကြီးမားခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ဖဆပလအစိုးရအား လက်နက်ကိုင် တော်လှန်ပုန်ကန်ခဲ့သည်။ ၁၉၆၉ ကျော် ခုနှစ်များအတွင်း ကျင့်သုံးခဲ့သော လမ်းစဉ်အမှားကြောင့် အကြီးအကျယ် အင်အားကျဆင်းခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ပါတီတွင်း ပုန်ကန်မှုကြောင့် မြေအောက်ပါတီအဖြစ် ဖွဲ့စည်းခဲ့ပြီး ယခု အခါ ရဲဘော်ထွန်း (ခ) ဗိုလ်ကျင်မောင်က အထွေထွေအတွင်းရေးမှူး (ယာယီ)အဖြစ် ဦးဆောင်လျက်ရှိသည်။ ဒီမို ၂၀၀၆ ဟူသောအမည်ဖြင့် စစ်အုပ်စုပြုတ်ကျရေး လူထုတိုက်ပွဲများဖန်တီးရန် ပြင်ဆင်လျက်ရှိသည်ဟု ကြေညာချက်များအရ လေ့လာသိရှိရသည်။ ❖

# THE VOICE ဂျာနယ်တလ အပိတ်ခံရ

မြန်မာနိုင်ငံတွင် Living Color ဂျာနယ်ပြီးလျှင် လူကြိုက်အများဆုံး စီးပွားရေးစာစောင်ဖြစ်သော The Voice စာစောင်ကို ယခုလ (၁၀)ရက်နေ့မှစ၍ စာပေစိစစ်ရေးက ထုတ်ဝေခွင့်တလ ပိတ်လိုက်ကြောင်း သိရှိရသည်။

မတ်လ (၂၈)ရက်နေ့ထုတ် The Voice စာစောင်ပါ “မန္တလေးမဲခေါင်သင်္ကြန်ပွဲတော် ဗီယက်နမ်နိုင်ငံ မဆင်နွဲနိုင်” မျက်နှာဖုံးဆောင်းပါးကြောင့် ယခုကဲ့သို့ အပိတ်ပင်ခံရခြင်းဖြစ်ကြောင်း ဂျာနယ်၏အယ်ဒီတာချုပ် ဦးကျော်မင်းဆွေက အာရ်အက်ဖ်အေသတင်းဌာနကို ပြောဆိုသည်။

အဆိုပါဆောင်းပါးကို စာပေစိစစ်ရေး၏ ခွင့်ပြုချက်ဖြင့်ထုတ်ဝေခဲ့ခြင်းဖြစ်သော်လည်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဆောင်းပါးနှင့်ပတ်သက်၍ စာပေစိစစ်ရေးကို တိုင်ကြားသောအခါ စာပေစိစစ်ရေးက သတင်းအရင်းအမြစ်မှားယွင်းဖော်ပြသည်ဟု အကြောင်းပြအရေးယူခြင်းဖြစ်ကြောင်း၊ ဆောင်းပါးပါအချက် အလက်များနှင့်ပက်သက်၍ သက်သေအခိုင်အလုံ ရှိသော်လည်း၊ မြန်မာနိုင်ငံ၏အခြေအနေအရ သတင်းပေးသူများက ၎င်းတို့၏ အမည်များမသုံးစေချင်သောကြောင့် သတင်းအရင်းအမြစ်ကို ဖော်ပြမထားခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဖေဖော်ဝါရီနှင့် မတ်လပထမပတ်အတွင်းကလည်း ချင်းပြည်နယ်၊ မင်းတပ်မြို့တွင် ဟိုတယ်အသစ်တလုံး ဆောက်လုပ်သည့်သတင်းကို ရေးသားဖော်ပြခဲ့သဖြင့် ဂျာနယ်အပိတ်ခံရဖူးကြောင်း၊ ထိုဖြစ်ရပ်တွင်လည်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကပဲ စာပေစိစစ်ရေးကို တိုင်ကြားခဲ့ကြောင်း သူကပြောဆိုသည်။

“ကျနော်တို့ သတ်မှတ်ထားတဲ့စည်းမျဉ်းတွေကို အတိအကျလိုက်နာပါတယ်။ တခြားရည်ရွယ်ချက်လည်းမရှိပါဘူး။ သတင်းမီဒီယာစစ်စစ်တခုအဖြစ် နိုင်ငံကို အကျိုးပြုဖို့ကို ပဲအမြဲဦးတည်ပါတယ်”ဟု သူကဆိုသည်။

The Voice အပတ်စဉ်ထုတ် စီးပွားရေးစာစောင်ကို LivingColor ဂျာနယ်ထုတ်ဝေသောအယ်ဒီတာအဖွဲ့နှင့် သတင်းထောက်များက ၂၀၀၄ခုနှစ် ဩဂုတ်လ (၁၅)စတင်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

❖

# ပုဂ္ဂလိကဘဏ်ကြီး ၂ခု လိုင်စင်အသိမ်းခံရ



မူးယစ်မှောင်ခိုဂိုဏ်းများနှင့် ဆက်စပ်လုပ်ကိုင်သည်ဟု စွပ်စွဲခံရသော အာရှဓနဘဏ်ပိုင်ရှင် ဦးအိုက်ထွန်း

နအဖ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက မြန်မာမေဖလားဝါးဘဏ်နှင့် အာရှဓနဘဏ်တို့သည် နိုင်ငံတော်၏ ငွေကြေးဆိုင်ရာဥပဒေများကိုလိုက်နာရန် ပျက်ကွက်ခဲ့သဖြင့် မတ်လ (၃၁)ရက်နေ့မှစတင်၍ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရုပ်သိမ်းလိုက်ကြောင်း ဧပြီလ(၁)ရက်နေ့က တရားဝင်ကြေငြာလိုက်သည်။

ယခု ဖျက်သိမ်းခံလိုက်ရသော ဘဏ် (၂)ခုစလုံးသည် အရှေ့တောင်အာရှရှိ မူးယစ်မှောင်ခိုဂိုဏ်းဝင်များနှင့် ဆက်စပ်လုပ်ကိုင်လျက်ရှိကြောင်း အမေရိကန်ဘဏ္ဍာရေး ဝန်ကြီးဌာနက ကြေငြာပြီး (၁၆) လအကြာတွင် နအဖ၏ ကြေညာချက်ထွက်ပေါ်လာခြင်း ဖြစ်ကြောင်း သိရှိရသည်။

နအဖက ထုတ်ပြန်သောကြေညာချက်တွင် မြန်မာမေဖလားဝါးဘဏ်နှင့် အာရှဓနဘဏ်တို့ကိုသာ အရေးယူခြင်းဖြစ်ပြီး၊ နိုင်ငံတော်ပိုင်ဘဏ်များ၊ တခြားပုဂ္ဂလိက ဘဏ်များနှင့် မသက်ဆိုင်ကြောင်း ဖော်ပြထားသော်လည်း ပြည်သူလူထုက အယုံအကြည်မရှိဘဲ လက်ရှိလည်ပတ်နေဆဲဘဏ်များမှ ၎င်းတို့၏ အပ်နှံငွေများကို ပြန်လည်ထုတ်ယူနေကြကြောင်းသိရှိရသည်။

ဖျက်သိမ်းခံလိုက်ရသောဘဏ် (၂)ခုမှ ပြည်သူတို့၏ အပ်နှံငွေများက ဧပြီလဆန်းပိုင်းက ပြန်လည်ထုတ်ပေးခဲ့ပြီး ငွေချေးထားသူများကိုလည်း ငွေများပြန်ဆပ်ကြရန်၊ အချိန်မှီပြန်မဆပ်နိုင်ပါက ပေါင်နှံထားသည့် တိုက်တာခြံမြေများကို သိမ်းယူမည်ဖြစ်ကြောင်း အကြောင်းကြားထားကြောင်း သိရှိရသည်။

နအဖသည် ၁၉၉၀၊ ဇူလိုင်လ (၄)ရက်နေ့မှစ၍ ပုဂ္ဂလိကဘဏ်များကို ဥပဒေပြဌာန်းပြီး လုပ်ကိုင်ခွင့်ပေးခဲ့သည်။

ဦးအိုက်ထွန်းပိုင် အာရှဓနဘဏ်သည် ငွေကျပ်သန်းပေါင်း (၂၅၁,၃၄၉)သန်းကို ပိုင်ဆိုင်ထားပြီး၊ ဦးကျော်ဝင်း၏ မြန်မာမေဖလားဝါးဘဏ်က ငွေကြေးပမာဏ (၁၅၆, ၆၈၀)သန်းကို ပိုင်ဆိုင်ကာ နအဖထံသို့ ငွေအမြောက်အမြား ထုတ်ချေးပေးထားသောဘဏ်များ ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် ၂၀၀၂ ခုနှစ်အတွင်းကလည်း သစ္စာပန်းခင်း၊ ရွှေရည်လင်း၊ နိုင်အောင်၊ ရောမြေ စသည့် အသေးစားငွေစုငွေချေးလုပ်ငန်းများ ငွေကြေးကမောက်ကမဖြစ်ပြီး ဒေဝါလီခံခဲ့ကြသည်။ ❖

# ငွေကြေးဖောင်းပွမှုများနှင့် ဝင်ငွေမမျှမှုများဖြစ်ပေါ်၊ မြန်မာ့စီးပွားရေးကျဆင်းနေဆဲ

စစ်တပ်အုပ်ချုပ်သူများ၏ အစီအမံညံ့ဖျင်းမှုကြောင့် မြန်မာ့စီပွားရေးဆက်လက်ကျဆင်းနေသည်ဟု ဖိလစ်ပိုင်အခြေစိုက် “အာရှဖွံ့ဖြိုးရေးဘဏ်”က ဧပြီလ (၆)ရက်နေ့တွင် အစီအရင်ခံစာ တစောင်ထုတ်ပြန်လိုက်သည်။

“အာရှစီးပွားရေးဝန်ကျင်”အမည်ရှိ ယင်းအစီအရင်ခံစာတွင် မြန်မာနိုင်ငံသားများ၏ တဦးချင်းဝင်ငွေသည် အာရှဒေသတွင်း ရှိ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် များစွာနိမ့်ကျနေပြီး နအဖ၏ လူမှုဖူလုံရေးအသုံးစရိတ်နည်းပါးခြင်းနှင့် အလုပ်လက်မဲ့ဦးရေ တိုးများလာခြင်းတို့ကြောင့် ဆင်းရဲသားများ၊ ဒုက္ခတွင်း ပိုမိုနက်လာကြောင်း ဖော်ပြထားသည်။

ထို့အပြင် ငွေကြေးဖောင်းပွမှုများနှင့် ဝင်ငွေမမျှတခြင်းတို့သည် နိုင်ငံထုတ်ကုန်ကျဆင်းနေခြင်းကို ဖော်ပြရာရောက်ပြီး အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော လယ်ယာလုပ်ငန်းတွင်ပင် မြေဩဇာနှင့်စက်မှုစွမ်းအင်တို့ကို အစိုးရက မထောက်ပံ့နိုင်ဖြစ်နေသည်ဟုဆိုသည်။

စီးပွားရေးအဆောက်အအုံတွင် ဝင်စွက်နေသော စစ်တပ်၏ ဗျူရိုကရေစီယန္တရားကြောင့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များမှန်မှန်ကန်ကန် မစုဆောင်းနိုင်ရုံမက ရာထူးအဆင့်ဆင့်တွင်း ချစားမှုများကို တိုးပွားစေသည်ဟု ဆိုသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင် လွန်ခဲ့သော (၅)နှစ်ကနှင့် နှိုင်းယှဉ်လျှင် (၈၁) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး နိုင်ငံခြားငွေ လဲလှယ်ရာတွင်လည်း အစိုးရက သတ်မှတ်ထားသော ငွေကြေးဈေးနှုန်းများသည် ဈေးကွက်ပေါက်ဈေးနှင့် အဆ (၁၅၀) ကွာဟနေသဖြင့် ဘဏ္ဍာရေးစာရင်းဇယားတွက်ချက်ရာတွင် မှန်ကန်မှုမရနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

သို့သော် မကြာမီကမှ ထုတ်ပြန်ထားသော နအဖ၏ (၂၀၀၃-၂၀၀၄)ဘဏ္ဍာရေး အစီရင်ခံစာတွင် မြန်မာ့စီးပွားရေးသည် ယမန်နှစ်ကထက် ၁၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ဆင်းရဲမွဲတေမှုနှုန်းမှာ လူဦးရေ၏ (၂၃) ရာခိုင်နှုန်းသာရှိသည်ဟု ဆိုထားသည်။

❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# နိုင်ငံတကာ

## သတင်းတိုထွာ

### ပုပ်ရဟန်းမင်းသစ်

[IHT]

ရိုမန်ကက်သလစ် ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါ (၂) ကွယ်လွန်ပြီးနောက် ဗာတီကန်နိုင်ငံ စစ္စတင်း ဘုရားကျောင်း၌ ကျင်းပပြုလုပ်သည့် လျှို့ဝှက်အစည်းအဝေး၌ နိုင်ငံအသီးသီးမှ ကာဒီနယ် (၁၁၅)ဦးတို့က ဂျာမဏီနိုင်ငံမှ အသက် (၇၈)နှစ်ရှိသူ ကာဒီနယ်ဂျိုးဇက်ရာဇင်ဂျာအား ပုပ်ရဟန်း မင်းသစ်အဖြစ် လျှို့ဝှက်ဆန္ဒမဲဖြင့် (၁၉)ရက်နေ့က ရွေးကောက်တင်မြှောက်လိုက်သည်။ (၂၆၅)ယောက်မြောက် ပုပ်ရဟန်းမင်းဖြစ်လာသူ ဂျာဇင်ဂျာသည် ရာစုနှစ်များအတွင်း ပထမဆုံး ဂျာမန်ပုပ်ရဟန်းမင်းဖြစ်ပြီး (၂၄)ရက်နေ့တွင် ပုပ်ရဟန်းမင်းအဖြစ်ခန့်အပ်မည်ဖြစ်သည်။❖

### စစ်ရာဇဝတ်ခုံရုံးသို့ လက်နက်ချမည့် ဗိုလ်ချုပ်ကြီး

[NYT]

(၁၉၉၈–၉၉)ခုနှစ်ကဖြစ်ပွားခဲ့သည့် ကိုဆိုဗိုပဋိပက္ခကာလ ကျူးလွန်မှုများအတွက် အဓိက တာဝန်ရှိသူ ယခင်ယူဂိုဆလပ် တပ်မတော်၏ဦးစီးချုပ်ဟောင်းဖြစ်သူ ဗိုလ်ချုပ်ကြီး နေဘိုဆာပက်ကိုဗစ်က နယ်သာလန်နိုင်ငံရှိ ကုလသမဂ္ဂစစ်ရာဇဝတ်မှုဆိုင်ရာဟိတ်သ်ခုံရုံး (The Hague)သို့ လက်နက် ချရန်သဘောတူလိုက်ပြီဟု ဆားဘီးယန်းအစိုးရက မေ(၂၂)ရက်နေ့က ပြောကြားခဲ့သည်။ ၎င်းသည် တိုင်းရင်းသား အယ်လ်ဘေးနီးယန်းခွဲထွက်ရေးသမားများအပေါ် (၂)နှစ်ကြာဆင်နွှဲခဲ့သည့် ချေမှုန်းသုတ်သင်မှုအတွက် အလိုရှိနေသည့် စစ်ရာဇဝတ်သား ဗိုလ်ချုပ်ကြီး (၄)ဦးအနက် အဆင့်မြင့်ဆုံးသူဖြစ်သည်။ ❖

### ဆီးရီးယားတပ်ဖွဲ့များ အပြီးသတ်ဆုတ်ခွာ

[အေပီ]

လက်ဘနွန်နိုင်ငံတွင် (၂၉)နှစ်ကြာတပ်စွဲခဲ့သည့် ဆီးရီးယားတပ်ဖွဲ့များသည် ဧပြီလ(၂၄) ရက်နေ့တွင် အပြီးသတ်ဆုတ်ခွာခဲ့သည်။ ဆီးရီးယားတပ်ဖွဲ့များသည် (၁၉၇၆)ခုနှစ်မှစ၍ လက်ဘနွန်နိုင်ငံ ပြည်တွင်းစစ်အတွင်းသို့ ဝင်ရောက်ပါဝင်ခဲ့ရာ စစ်ပွဲပြီးဆုံးသည့် (၁၉၉၀)ခုနှစ်တွင် လက်ဘနွန်၌ တပ်ဖွဲ့ဝင်ပေါင်း (၄၀,၀၀၀)ကျန်နေခဲ့သည်။ (၂၀၀၄)ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထိုအချိန်က လက်ဘနွန်၌တပ်စွဲထားသည့် ဆီးရီးယားစစ်သား (၁၄,၀၀၀)အား ဆုတ်ခွာပေးရန်တောင်းဆိုခဲ့သည်။ ကုလသမဂ္ဂလုံ ခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ ဧပြီလ (၃၀)ရက်နေ့နောက်ဆုံးထား၍ ဆုတ်ခွာရမည်ဖြစ်သော်လည်း ဆီးရီးယားတို့က (၄)ရက်စော၍ ဆုတ်ခွာခဲ့သည်။ ❖

### ကမ္ဘာစစ်ဒုတိယအောက်မေ့ဘွယ်နေ့

[ရိုက်တာ]

ပထမကမ္ဘာစစ်ကာလ အော်တိုမန်အင်ပါယာခေတ်အတွင်းက အာမေးနီးယန်းများအစုလိုက်အပြုံလိုက် သတ်ဖြတ်ခံခဲ့ရသည့် နှစ် (၉၀)မြောက် အထိမ်းအမှတ်အခန်းအနားကို ဧပြီလ (၂၄) ရက်နေ့က အာမေနီးယားနိုင်ငံ၌ ထောင်ပေါင်းများစွာသောပြည်သူများချီတက်ကာ ဂုဏ်ပြုခဲ့ကြပြီး ဝမ်းနည်းသည့်အထိမ်းအမှတ်အဖြစ် တနိုင်ငံလုံး တမိနစ်ငြိမ်သက်ကာ အထိမ်းအမှတ်ပြုကြသည်။ အလားတူ ပြင်သစ်ပြည်၌လည်း ဒုတိယကမ္ဘာစစ်ကာလက နာဇီအကျဉ်းစခန်းများသို့ အပို့ခံရသောသူများအားအောက်မေ့ဘွယ်နေ့အဖြစ် ပါရီရှိအီဖဲမျှော်စင်ရှေ့တွင် ဆိတ်ငြိမ်စွာ အထိမ်းအမှတ်ပြုကြသည်။ ❖

### စစ်ကာလကျူးကျော်ရက်စက်မှုများအတွက် ဂျပန်တောင်းပန်

[IHT]

မေ (၂၂)ရက်က အာရှ–အာဖရိက ထိပ်သီးညီလာခံ၌ ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိက ဂျပန်နိုင်ငံ၏ ဒုတိယကမ္ဘာစစ်ကာလအတွင်း အာရှအိမ်နီးခြင်းနိုင်ငံများ၌ ကျူးကျော်ရက်စက်မှုများအတွက် တောင်းပန်လိုက်သည်။ ဤသည်မှာ ဂျပန်နိုင်ငံ၏ ပထမဆုံးတရားဝင်လူသိရှင်ကြား တောင်းပန်မှုဖြစ်သည်။ ဤတောင်းပန်မှုသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရေး ဂျပန်၏ကြိုးပမ်းနေမှုနှင့် တိုက်ဆိုင်နေသည့်အပြင် (၂၃)ရက်နေ့တွင် ပြုလုပ်မည့် တရုတ်ခေါင်းဆောင်ဟူနှင့် တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်နှင့်လည်း အချိန်ကိုက်ဖြစ်နေကြောင်း အကဲခတ်များကပြောဆိုကြသည်။ လွန်ခဲ့သည့်ရက်ပိုင်းအတွင်းက တရုတ်ပြည်နှင့် ကိုရီးယားတွင် ဒုတိယကမ္ဘာစစ်က ကျူးကျော်ရက်စက်မှုများနှင့်ပတ်သက်သည့် ဂျပန်အစိုးရ၏ သဘောထားအပေါ် မကျေနပ်၍ ဂျပန်ဆန့်ကျင်ရေး ဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။ ❖

### အီရတ်စစ်ပွဲအတွင်း အမေရိကန်နှင့် ညွန့်ပေါင်းစစ်သား အကျအဆုံး

[စီအင်န်အင်န်]

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့ထိကျဆုံးသွားသော အမေရိကန်နှင့် ညွန့်ပေါင်း တပ်ဖွဲ့များမှအတည်ပြုပြီး စစ်သားဦးရေမှာ စုစုပေါင်း (၁,၇၅၈)ဦး ရှိသွားပြီဖြစ်ပြီး ၎င်းတို့မှာ အမေရိကန်စစ်သား(၁,၅၈၂)၊ ဗြိတိသျှစစ်သား (၈၈)ဦး၊ အီတလီစစ်သား (၂၁)ဦး၊ စပိန်စစ်သား (၁၁)ဦး၊ ၊ ယူကရိန်းစစ်သား (၁၇)ဦး၊ ပိုလန်စစ်သား (၁၇)ဦး၊ ထိုင်းစစ်သား (၂)ဦး၊ ဒိန်းမတ်စစ်သား (၁)ဦး၊ အစ်စ်တိုနီးယားစစ်သား (၂)ဦး၊ ဒတ်ချ်စစ်သား (၂)ဦး၊ ဟန်ဂေရီစစ်သား (၁)ဦး၊ ဘယ်ဂျီယန်စစ်သား (၈)ဦး၊ လတ်ဗီယန်းစစ်သား (၁)၊ ဆလိုဗက်စစ်သား (၃)ဦး၊ ဂါဇက်စစ်သား (၁)ဦးနှင့် ဆာဗေးဒိုးစစ်သား (၁)ဦးတို့ ဖြစ်ကြသည်။ ပင်တဂွန်သတင်းဌာနအရ စစ်ပွဲအတွင်းဒဏ်ရာရရှိသော အမေရိကန်စစ်သားများမှာ (၁၀,၆၂၂)ဦးရှိပြီးဖြစ်သည်။ ❖

## ဂျပန်ဆန့်ကျင်ရေး အမျိုးသားရေးဝါဒကျင့်သုံးမှု တရုတ်ပြည်တွင် ကြီးထွားလာနေ



ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဂျပန်နိုင်ငံအမြဲတမ်းအဖွဲ့ဝင်ဖြစ်လာရေးအပေါ် ဆန့်ကျင်ရေးကြွေးကြော်သံများ အော်ဟစ်ကာ ဆန္ဒပြနေသော တရုတ်ပြည်သူများ

**မေ၊ (၁၃)ရက်။ ဝါရှင်တန်ပို့စ်**

ဂျပန်နိုင်ငံ၏ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ဖြစ်လာရေး ရည်ရွယ်ချက်အား တုန့်ပြန်သည့်အနေဖြင့် တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့၌ မကြာသေးမီက ဆန့်ကျင်ကန့်ကွက်မှုများ ပေါ်ပေါက်ခဲ့ရာ တရုတ်ပြည်တွင် (၃)ပတ်ကြာ ဆက်လက်ဖြစ်ပွားခဲ့သည်။ ပီကင်းတွင် ဆန္ဒပြမှုများ၌ လူထောင်ပေါင်းများစွာပါဝင်ခဲ့ပြီး ဂျပန်ဆန့်ကျင်ရေးကြွေးကြော်သံများ အော်ဟစ်ကာ ဂျပန်သံရုံးနှင့်စတိုးဆိုင်များအား ဖျက်ဆီးခြင်းနှင့် ဂျပန်အလံအား မီးရှို့ခြင်းများ ပြုလုပ်ခဲ့သည်။ ရှန်ဟိုင်းတွင် ဂျပန်ကျောင်းသား(၂)ယောက် အရိုက်ခံရပြီး၊ အခြားမြို့ကြီးများတွင်လည်း အလားတူဖြစ်ရပ်များ ဖြစ်ပွားခဲ့သည်။ ကိုရီးယားနိုင်ငံတွင်ဖြစ်ပွားသည်ထက် အတိုင်းအတာကြီးမားပြီး ရည်ရွယ်ချက်လည်းကွဲပြားပုံရသည်ဟု အကဲခတ်များက ပြောဆိုကြသည်။

ထို့ပြင် မကြာသေးမီက ဂျပန်နိုင်ငံ၏ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၌ ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်က အိမ်နီးချင်းနိုင်ငံများအပေါ်ပြုမူခဲ့သည့် စစ်ရာဇဝတ်မှုများကို ၎င်းတို့နိုင်ငံ၏ တာဝန်ထမ်းဆောင်မှု တရပ်အနေဖြင့် ဖော်ပြထားခြင်းကြောင့် တင်းမာမှုများမှာ အရှိန်မြင့်တက်လာခဲ့ရကြောင်းနှင့် အလားတူအရေးကြီးကိစ္စတခုမှာ ဆန်ကာကုကျွန်း ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တရုတ်နှင့်ဂျပန်တို့အကြား အငြင်းပွားမှုဖြစ်သည်ဟု ပြောဆိုကြသည်။ ထို့ပြင် ဂျပန်စစ်ရာဇဝတ်ကောင်များအား မြှုပ်နှံထားသည့် ယာဆာကူနီသချိုင်းသို့ ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိ အမြဲတမ်းအလည်အပတ်သွားရောက်ခြင်းလည်းပါကြောင်း လေ့လာသူများက ပြောဆိုခဲ့သည်။

မကြာသေးမီက ထိုင်ဝမ်နှင့်ပတ်သက်၍ အမေရိကန် ပြည်ထောင်စုကဲ့သို့ပင် စိုးရိမ်ပူပန်ကြောင်း ဂျပန်နိုင်ငံကကြေညာခဲ့ခြင်းကိုလည်း တရုတ်–ဂျပန် ဆက်ဆံရေးတွင် အထိအခိုက်မခံသည့် နောက်ဆုံးအနေအထားတရပ်အဖြစ် လေ့လာသုံးသပ်သူများက ထင်မြင်ကြသည်။ ဆန္ဒပြမှုများမှာ တရုတ်ပြည်ကွန်မြူနစ်ပါတီအနေဖြင့် အမျိုးသားရေးဝါဒအား အသုံးချပြီး အဂတိလိုက်စားမှုဆင်းရဲချမ်းသာ ကွာဟမှုကြီးမားလာခြင်း၊ ဘာသာရေး လွတ်လပ်မှုဖိနှိပ်ခြင်းစသည့် ပြည်တွင်းပြဿနာများအား ရှောင်လွှဲရန်နှင့် ပါတီ၏ တရားဝင်တည်ရှိနေမှုအားမြှင့်တင်ရန် ရည်ရွယ်ပုံရသည်ဟု လေ့လာသူများက သုံးသပ်ကြသည်။

ယမန်နှစ်က ဂျပန်နိုင်ငံမှ ဆန်ကာကုကျွန်းများအား ၎င်းတို့၏အချုပ်အခြာအာဏာပိုင်မှုအဖြစ်ကြေညာအပြီး ထိုကျွန်းများပေါ်ရှိ တရုတ်လူမျိုး (၇)ဦးအား ဖမ်းဆီးခဲ့သည့်အချိန်က ဂျပန်ဆန့်ကျင်ရေးဒေါသမုန်တိုင်း ထသင့်သည့်အချိန်ဖြစ်သော်လည်း တရုတ်ပြည် သတင်းဌာနများက တိတ်ဆိတ်နေခဲ့သည်မှာ ထိုအချိန်က တရုတ်အစိုးရသည် ဂျပန်နိုင်ငံမှ အတိုးနည်းချေးငွေရရန် ညှိနှိုင်းနေချိန်ဖြစ်သောကြောင့်ဖြစ်သည်ဟု လေ့လာသူများက ပြောဆိုနေကြသည်။

ယခုအခါ တရုတ်အစိုးရက ဂျပန်ဆန့်ကျင်ရေး ဝါဒဖြန့်မှုများကို သတင်းဌာနများအားလုံးအသုံးပြု၍ လုပ်ဆောင်နေပြီး ဝက်ဆိုဒ်များမှလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရေး ဂျပန်၏တောင်းဆိုနေမှုအား မထောက်ခံရေးလှုပ်ရှားမှုကို ဆက်လက်ဆောင်ရွက်နေသည်။ ယေဘုယျအားဖြင့်ပြောရလျှင် တရုတ်ပြည်တွင်ဖြစ်သည့် လူထုလှုပ်ရှားမှုအများစုသည် ပါတီထိန်းချုပ်မှုအောက်တွင်သာရှိပြီး အစိုးရအတည်ပြုချက်မရသည့် လှုပ်ရှားမှုမှန်သမျှမှာ ဖြိုခွဲခံရသည်သာဖြစ်သည်။ ယခုမှာမူ ပုလိပ်များက ဆန္ဒပြမှုအား မည်သို့မျှအရေးမယူဘဲ လက်ပိုက်ကြည့်နေကြသည်ဟု လေ့လာသူများက ထောက်ပြကြသည်။ ❖

## သမတ ဘုရှ်၏ ထောက်လှမ်းရေးစီမံကိန်းသစ် ဝေဖန်ခံရ



အမေရိကန်သမတ ဂျော့ဒဗလျူဘုရှ်

**မေ၊ ၁၅။ ဝါရှင်တန်ပို့စ်**

အက်ဖ်ဘီအိုင်နှင့်စီအိုင်အေမှ သမတဘုရှ်ထံသို့ပေးပို့ခဲ့သည့် ထောက်လှမ်းရေးခေတ်မီရေးသီးခြားစီမံကိန်းအား သမတ၏ ထောက်လှမ်းရေးကော်မရှင်မှ ဝေဖန်ခဲ့သည်။ အက်ဖ်ဘီအိုင်၏ ထောက်လှမ်းရေးစီမံကိန်း အဆင့်မြှင့်ရေး အဆိုပြုချက်နှင့် စီအိုင်အေ၏ လူအင်အား (၅၀)ရာခိုင်နှုန်း တိုးချဲ့ခန့်ထားရေး စီမံကိန်းကို ပြန်လည်သုံးသပ်လိုက်သည်။

ထို့ပြင် အမျိုးသားထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူးအဖြစ် သမတက စာရင်းတင်သွင်းသူ နီဂရိုးပွန့်ကိုလည်း ကန့်ကွက်လိုက်သည်။ စက်တင်ဘာ (၁၁)ရက် တိုက်ခိုက်မှုအပြီး နိုဝင်ဘာလက အက်ဖ်ဘီအိုင်နှင့် စီအိုင်အေ၏ လုပ်ငန်းများတိုးတက်ရေးအတွက် ဌာနတွင်း ချို့ယွင်းချက်များကို အသေးစိတ်အစီရင်ခံရန်အတွက် သမတဘုရှ်က တရားသူကြီးချုပ် ဂျွန်အက်ရ်ှခရော့နှင့် စီအိုင်အေ ညွှန်ကြားရေးမှူး ပေါ်တာဂျော့စ်အား အဆိုပြုချက်များတင်သွင်းရန်နှင့် ထိုအဆိုပြုချက်များကို ၎င်း၏ ထောက်လှမ်းရေးကော်မရှင်မှ ပြန်လည်သုံးသပ်ရန် အမိန့်ပေးခဲ့သည်။ ကော်မရှင်မှ စာမျက်နှာ (၆၀၀)ပါ အစီရင်ခံစာတခုကို လွန်ခဲ့သည့်လက ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာတွင် အီရတ်စစ်ပွဲမတိုင်မီက ဆက်ဒမ်ဟူစိန်၏ အစုလိုက်အပြုံလိုက်ဖျက်ဆီးနိုင်သည့် လက်နက်များနှင့်ပတ်သက်၍ အကဲဖြတ်ရာတွင် အကြီးအကျယ်မှားယွင်းခဲ့ကြောင်းကို ဖော်ပြထားသည်။ ထို့ပြင် စီအိုင်အေ၏အပြင်ဖက်တွင် အားသစ်လောင်းဌာနထူထောင်ခြင်းမှာ မလိုအပ်ကြောင်းနှင့် စီအိုင်အေ၏ လက်ရှိဖွဲ့စည်းပုံအတွင်းမှာပင် ထိုဌာနမှာရှိပြီးဖြစ်ကြောင်းသို့ရာတွင် အင်အားမလုံလောက်ခြင်းပင်ဖြစ်ကြောင်း ကော်မရှင်က ထောက်ပြခဲ့သည်။ ထို့ပြင် အပြောင်းအလဲများ လုပ်ရန်အတွက် အမျိုးသားထောက်လှမ်းရေးဌာန၌ ကြံ့ခိုင်တောင့်တင်းသည့် ခေါင်းဆောင်မှု လိုအပ်နေကြောင်းကို စီအိုင်အေနှင့် အက်ဖ်ဘီအိုင်နှစ်ဖွဲ့စလုံး၏ ချို့ယွင်းချက်များက ဖော်ပြနေကြောင်း ထောက်ပြပြောဆိုခဲ့သည်။

❖

# နိုင်ငံတကာ

## တရုတ်ပြည်၏ ခေတ်မီတပ်မတော်တည်ဆောက်နေခြင်းအပေါ် အမေရိကန် စိုးရိမ်ပူပန်

**ဧပြီ (၁၂)ရက်။ [ဝါရှင်တန်ပို့စ်]**

တရုတ်တပ်မတော်၏ ခေတ်မီရေးစီမံကိန်းများကြောင့် ပစ္စဖိတ်သမုဒ္ဒရာဒေသ၌ ကာလကြာရှည်စွာလွှမ်းမိုးထားသည့် အမေရိကန်တပ်ဖွဲ့များနှင့် ဒေသတွင်း အင်အားချိန်ခွင်လျှာအပေါ် သက်ရောက်မှုရှိလာမည်ကို စိုးရိမ်ပူပန်ကြောင်း အမေရိကန်ကပြောဆိုခဲ့သည်။ တရုတ်တပ်ဖွဲ့များ၏ ခေတ်မီရေးလုပ်ငန်းများက မကြာမီတွင် အမေရိကန်အား အန်တုနိုင်မည့်အနေအထားသို့ ရောက်တော့မည်ဟု နိုင်ငံခြားကျွမ်းကျင်သူများနှင့် အမေရိကန်အရာရှိများကပြောဆိုခဲ့သည်။ ဤခေတ်မီရေးစီမံကိန်းများသည် ၁၉၉၆ခုနှစ်က ထိုင်ဝမ်နှင့်တင်းမာမှုများ မြင့်မားနေချိန်၊ အမေရိကန်တိုက်ခိုက်ရေး လေယာဉ်တင်သင်္ဘော အုပ်စု (၂)ခု ထိုင်ဝမ်ပင်လယ်ပြင်သို့ ဆိုက်ရောက်ချိန်မှစ၍စတင်ခဲ့ရာ ယခုအခါ၌ အဓိကရည်မှန်းချက်သို့ ရောက်လုနီးပါးဖြစ်နေ ထိုအခါ၌ တရုတ်တို့၏ မြေပြင်အခြေစိုက်တိုက်ချင်းပစ်ဒုံးပျံများက အမေရိကားတိုက်တခုလုံးသို့ လက်လှမ်းမီစွာ ပစ်ခတ်နိုင်သည့် အနေအထားသို့ ရောက်ရှိမည်ဖြစ်ကြောင်းလည်း ထိုအစီရင်ခံစာ၌ ဖော်ပြထားသည်။ တရုတ်ပြည်၏ ၂၀၀၅ခုနှစ်အတွက် ကာကွယ်ရေး ဘတ်ဂျက်မှာ ဒေါ်လာဘီလျံပေါင်း(၃၀) နီးပါးရှိပြီး အမေရိကန်က ဒေါ်လာဘီလျံ (၄၀၀)ရှိသည်။

အရှေ့တောင်ပိုင်း ဖူးကျင့်နှင့် ကျန်းစီးပြည်နယ်မှ ထိုင်ဝမ်သို့ဦးတည်ကာ တာတိုတိုက်ချင်းပစ်ဒုံးပျံ (၆၀၀)ကျော်ကိုလည်း ဖြန့်ကျက်ချထားကြောင်းနှင့် တိုးချဲ့စီမံကိန်းများကလည်း မိုင် (၁၀၀)ကျော်ကျယ်သည့် ထိုင်ဝမ်ရေလက်ကြားတွင် ရေကြောင်း၊ လေကြောင်းစိုးမိုးမှုရရှိရေးကို ဦးတည်ချက်ထားလုပ်ဆောင်နေသည်ဟု ထိုင်ဝမ်ဒု-ကာကွယ်ရေးဝန်ကြီးမိုက်ကယ်အမ်ဆိုင်းက ပြောဆိုသည်။



ကမ္ဘာပေါ်တွင် အင်အားအများဆုံးဖြစ်သော တရုတ်စစ်သည်တော်များ စစ်ရေးပြနေစဉ်

ပြီဟု မှတ်ချက်ချခဲ့ကြသည်။

တရုတ်ရေတပ်မတော်က ရုရှားလုပ် ပဲ့ထိန်းဒုံးပျံများတပ်ဆင်ထားသည့် ဖျက်သင်္ဘော (၂)စင်းနှင့် ရေဒါရှောင်ကွင်းနိုင်ပြီး အသံထက် ၂ဆခွဲမြန်သည့် ရေပြင်အထက် (၄)ပေခွဲတွင် ရှပ်ပြေးနိုင်သည့်ဒုံးပျံများ တပ်ဆင်ထားသည့် သင်္ဘော (၆)စင်းကို ဖြန့်ကျက်ချထားပြီး (၁၄၅)မိုင်ထိ ပစ်ခတ်နိုင်သည့် သင်္ဘောပစ်ဒုံးပျံများတပ်ဆင်ထားသည့် ရေငုပ်သင်္ဘော(၈)စင်းဝယ်ယူရန်ကိုလည်း ရုရှနှင့် စာချုပ်ချုပ်ထားသည်။ အမှတ် (၀၉၄)အမျိုးအစားအနုမြူ ထိပ်ဖူးတပ်ဒုံးပျံများ တပ်ဆင်ထားသည့်ရေငုပ်သင်္ဘောများကိုလည်း ပြီးခဲ့သည့်ဇူလိုင်လက စတင်အစားထိုးခဲ့သည်။ ဤရေငုပ်သင်္ဘောများသည် မိုင် (၅၀၀၀) ကျော်ထိပစ်ခတ်နိုင်သည့် တိုက်ချင်းပစ်ဒုံးပျံ (၁၆)စင်းကို သယ်ဆောင်နိုင်သည်။ ထို့ပြင် လောင်စာခဲသုံး (တုံဖုန်း-၃၁)တိုက် ချင်းပစ်ဒုံးပျံများကိုလည်း မကြာသေးမီနှစ်များက ဖြန့်ကျက်ထားကြောင်းနှင့် (တုံဖုန်း-၅)ဒုံးပျံ အစင်း (၂၀)လည်းအသင့်အနေအထားရှိနေကြောင်း အမေရိကန်ထောက်လှမ်းရေး အစီရင်ခံစာအားကိုးကား၍ ကျွမ်းကျင်သူများက ပြောဆိုခဲ့သည်။ လာမည့်နှစ်တွင်လည်း မိုင်(၈၀၀၀)ထိ ပစ်ခတ်နိုင်မည့် (တုံဖုန်း-၄၁) ကိုလည်း တပ်ဆင်တော့မည်ဖြစ်ကြောင်းနှင့်

ပြီးခဲ့သည့် ပြည်သူ့ကွန်ဂရက်တွင် ဝန်ကြီးချုပ် ဝမ်ကျားပေါင်က မကြာမီ စစ်သည် (၂၀၀၀၀၀)ထိ လျှော့ချမည်ဖြစ်ကြောင်း ထိုအခါ တရုတ်တပ်မတော်၌ စစ်သည်အင်အား(၂) သန်း၊ (၃)သိန်းခန့်သာရှိတော့မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ သို့ရာတွင် ဤအင်အားမှာ ကမ္ဘာပေါ်တွင် အင်အားအများဆုံးအဖြစ်ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည်။ ထိုင်ဝမ်ရေလက်ကြား၌ လေကြောင်းစိုးမိုးမှုရှိရေး လုပ်ဆောင်ရာ၌ ရုရှမှ (U-27)နှင့် (U-30) အမျိုးအစားရာသီမရွေး၊ စွယ်စုံသုံးနိုင်သည့် တိုက်ခိုက်ရေးလေယာဉ် အစင်းရေ (၂၅၀) ကျော် ရရှိထားကြောင်း ဝါရှင်တန်ရှိနိုင်ငံတကာ အကဲဖြတ်ရေးနှင့် မဟာဗျူဟာဌာနမှ ဒုတာဝန်ခံ ရစ်ချတ်ဒီဖစ်ရှာက ပြောဆိုခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် လေတပ်၌ စစ်လေယာဉ်အစင်းရေ (၂၀၀၀)ထိ ရှိလာမည်ဖြစ်ပြီး ထိုအထဲမှ အစင်းရေ (၁၅၀)ခန့်မှာ နောက်ဆုံးပေါ် ခေတ်မီလေကြောင်းပစ္စည်းများ တပ်ဆင်ထားနိုင်မည်ဟု ပင်တဂွန်စစ်ဌာနက ခန့်မှန်းထားသည်။ ထို့ပြင် တရုတ်နိုင်ငံသည် ခရုဇ်ဒုံးပျံများအား လမ်းညွှန်ရန် ကမ္ဘာလုံးဆိုင်ရာ နေရာညွှန်းစနစ် (Global Positioning System) ကရိယာ အသုံးပြုရေးကို စမ်းသပ်နေကြောင်း ထိုင်ဝမ်စစ်ဘက်သတင်းရပ်ကွက်က ပြောဆိုသည်။

## ပြည့်စုံသည့်ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်ရေး အာရှ-အာဖရိက ညီလာခံက တွန်းအားပေး

**ဧပြီ၊ (၂၂)ရက်။ ဗွီအိုအေ**

အပြန်အလှန်အကျိုးဖြစ်ထွန်းသော ဂလိုဘယ်လိုက်ဇေးရှင်း (ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုဖြစ်စဉ်)အတွက် တိုက်ကြီး (၂) တိုက်စလုံးကတွန်းအားပေးရန် လိုအပ်ကြောင်းနှင့် တိုက်ကြီး (၂)တိုက်အကြား စီးပွားရေးနှင့် ကုန်သွယ်ရေးပိုင်း၌ ပိုမိုနီးကပ်စွာ ဆက်ဆံ၍ အပြန်အလှန်အကျိုးဖြစ်ထွန်းအောင် လုပ်ကိုင်နိုင်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာ၌ (၂၂)ရက်နေ့က ကျင်းပသည့် နိုင်ငံခေါင်းဆောင် (၄၀)ကျော် တက်ရောက်သော အာရှ-အာဖရိကထိပ်သီး ညီလာခံမှ ခေါင်းဆောင်များက ပြောဆိုလိုက်သည်။

စီးပွားရေးအင်အားတောင့်တင်းရန်အတွက် တိုက်ကြီး(၂)တိုက်မှ နိုင်ငံများအုပ်စုဖွဲ့ရန်လိုအပ်ကြောင်း ထိပ်သီးဆွေးနွေးပွဲမကျင်းပမီ တရက်အလိုတွင်ကျင်းပသည့် စီးပွားရေးလုပ်ငန်းညီလာခံ၌ အင်ဒိုနီးရှားသမတ ဆူစီလိုဘမ်ဘန်းယူဒိုဟိုနိုက ပြောကြားခဲ့သည်။

လွန်ခဲ့သည့် နှစ် (၅၀)က စတင်ခဲ့သည့် တိုက်ကြီး (၂)တိုက်ကြား မိတ်ဖက်ပြုမှု အသစ်ပြန်လည်စတင်ရန်ရည်ရွယ်သည့် (၂)ရက်ကြာထိပ်သီးဆွေးနွေးပွဲကာလအတွင်း ဆွေးနွေးမည့်မူကြမ်းကို အာရှ-အာဖရိက နိုင်ငံပေါင်း(၈၀)ကျော်မှ နိုင်ငံခြားရေးဝန်ကြီး




အင်ဒိုနီးရှားနိုင်ငံဂျာကာတာမြို့တွင် ကျင်းပပြီးစီးခဲ့သည့် အာရှ-အာဖရိက ထိပ်သီးညီလာခံမြင်ကွင်း

များက အတည်ပြုခဲ့ကြသည်။ ပထမဆုံး ထိပ်သီးဆွေးနွေးပွဲကို ၁၉၅၅ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ကျင်းပခဲ့ပြီး အတိတ်ကာလကိုလိုနီဆိုင်ရာအမွေများကို နောက်ချန်ထားခဲ့ပြီး မိမိတို့အဆင့်နေရာအား ကမ္ဘာ့အဆင့်ထိတက်လှမ်းရန်အတွက် ရည်မှန်းလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဆယ်စုနှစ် (၅)ခုကျော်လွန်လာခဲ့ပြီဖြစ်သော်လည်း အာဖရိကမှာ အပြောင်းအလဲမရှိဘဲ အနောက်နိုင်ငံများ၏ ဂလိုဘယ်လိုက်ဇေးရှင်းမှာ ၎င်းတို့၏ အာဖရိကတိုက်အတွက် မဆိုသလောက်သာ အကျိုးရှိကြောင်း နိုင်ဂျီးရီးယားသမတ အိုလူဆီဂမ်အိုဘာဆန်ဂျိုက ပြောကြားလိုက်သည်။ “ဂလိုဘယ်လိုက်ဇေးရှင်းအသစ်က ဆင်းရဲတဲ့နိုင်ငံတွေရဲ့ ယဉ်ကျေးမှု၊ သမိုင်း၊ တန်ဖိုးတွေနဲ့ အိပ်မက်တွေနဲ့ ဘာမှမဆိုင်ဘူး၊ ငွေနဲ့ အမြတ်အစွန်းရရေးဆိုတာပဲ အဓိကဖြစ်နေပီး ကျန်တဲ့ဟာတွေအားလုံးကို စွန့်ပစ်ထားတယ်။ ဒါကြောင့်လက်ခံဖို့ဆိုတာထက် ဆန့်ကျင်ကန့်ကွက်ဖို့ဆိုတာပဲ ဖြစ်နေရတာ” ဟု အိုဘာဆန်ဂျိုက ပြောကြားခဲ့သည်။ ထို့ပြင် ဂလိုဘယ်လိုက်ဇေးရှင်း၏ အသီးအပွင့်များကို ရိတ်သိမ်းဖို့ရန်အတွက် အာရှ-အာဖရိကတိုက်ကြီး (၂)တိုက်အနေနှင့် ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ကြောင်း ၎င်းက ထုတ်ဖော်ပြောဆိုခဲ့သည်။ ❖

## ကမ္ဘာ့စနစ်သစ်အား အတူတကွပြန်လည်ပုံဖော်ရန် တရုတ်နှင့်အိန္ဒိယ မျှော်လင့်နေကြ

**ဧပြီ၊ ၁၂ ရက်။ ဝါရှင်တန်ပို့စ်။**

ကမ္ဘာ့လူဦးရေ၏ သုံးပုံတပုံကျော် နေထိုင်သည့် တိုင်းပြည်နှစ်ပြည် အတူပူးပေါင်း၍ နှစ်နိုင်ငံအကြား ရှည်ကြာစွာဖြစ်ပေါ်နေသည့် နယ်စပ်ပြဿနာများ ဖြေရှင်းရေးနှင့် ကုန်သွယ်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးတို့ကို တိုးမြှင့်လုပ်ဆောင်ရန်နှင့် မဟာဗျူဟာမိတ်ဆွေဖွဲ့မှုအသစ်ဖွဲ့ရန် အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းနှင့် အိန္ဒိယသို့ရောက်ရှိနေသော တရုတ်ပြည်ဝန်ကြီးချုပ် ဝမ်ကျားပေါင်တို့က ဧပြီလ (၁၁)ရက်နေ့က ကြေညာခဲ့သည်။ (၁၁)ရက်နေ့က လက်မှတ်ထိုးခဲ့သည့် ဤသဘောတူညီချက်မှာ အာရှအင်အားကြီး (၂)နိုင်ငံအကြား အရေးကြီးသည့် ဆက်ဆံရေးအပြောင်းအလဲအဖြစ် ထင်ရှားသည်။ “အိန္ဒိယနဲ့တရုတ်နိုင်ငံတို့ဟာ ကမ္ဘာ့စနစ်သစ်တခုကို အတူတကွ ပြန်လည်ပုံဖော်နိုင်မယ်” ဟု ဆင်းက ဝမ်ကျားပေါင်အား ကြိုဆိုသည့် အခမ်းအနား၌ ပြောကြားခဲ့သည်။ တရုတ်ပြည်မှ ယခင် ဆစ်ကင်ဒေသတောင်းဆိုမှုအား တရားဝင်စွန့်လွှတ်လိုက်ပြီး ထိုဒေသကို အိန္ဒိယ၏အစိတ်အပိုင်းအဖြစ် ပေးအပ်သတ်မှတ်လိုက်သည်။ ထို့ပြင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရေး အိန္ဒိယ၏တောင်းဆိုမှုကို ထောက်ခံရန်လည်း အာမခံခဲ့သည်ဟု အိန္ဒိယနှင့် တရုတ်အရာရှိများက ပြောဆိုခဲ့သည်။ ဤ(၂)နိုင်ငံသည် ၁၉၆၂ ခုနှစ်တွင် နယ်စပ်စစ်ပွဲဖြစ်ခဲ့ပြီး အိန္ဒိယက ၎င်း၏ အိမ်နီးခြင်းပြိုင်ဘက်ဖြစ်သည့် ပါကစ္စတန်နိုင်ငံအား တရုတ်နိုင်ငံက ရင်းနှီးစွာဆက်ဆံနေသည့်အပေါ်၌ သတိထားနေသည်မှာ ကာလရှည်ကြာပြီဖြစ်သည်။ သို့ရာတွင် မကြာသေးမီနှစ်များမှစ၍ ကုန်သွယ်ရေး၊ ဒေသတွင်းတည်ငြိမ်ရေးနှင့် အစွလမ်းအစွန်းရောက်ဝါဒအား ထိန်းချုပ်ရေး စသည်တို့အပေါ် တူညီမှုရလာကြပြီး တစတစရင်းနှီးလာခဲ့ကြသည်။ ၂၀၀၃ ခုနှစ် အိန္ဒိယဝန်ကြီးချုပ် ဗာ့ချ်ပါရီး



အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် တရုတ်ပြည်ဝန်ကြီးချုပ် ဝမ်ကျားပေါင် တို့အား တွေ့မြင်ရစဉ်

ပီကင်းသို့ အလည်သွားစဉ်က တိဘက်နှင့်ပတ်သက်၍ တရုတ်ပြည်၏အချုပ်အခြာအာဏာပိုင်မှုကို လေးစားရန်နှင့် ဒလိုင်လားမားဦးဆောင်သည့် ဒါမာဆလဟုခေါ်သည့် အဝေးရောက် တိဘက်အစိုးရအား ရည်ညွှန်း၍ အိန္ဒိယနိုင်ငံ၌ တရုတ်ဆန့်ကျင်ရေး လှုပ်ရှားမှုများ ခွင့်မပြုရန် အာမခံခဲ့ပြီး ပြီးခဲ့သည့်ရက်က ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်တွင်လည်း ထိုကတိကို ထပ်လောင်းပြောဆိုခဲ့ကြသည်။

အိန္ဒိယနှင့်အမေရိကန်အကြား ကုန်သွယ်မှုပမာဏ (၂၀) ဘီလျံနှင့် ယှဉ်ကြည့်လျှင် ယမန်နှစ်က နှစ်နိုင်ငံအကြားကုန်သွယ်မှုမှာ (၁၃.၆)ဘီလျံထိ ရောက်ရှိလာရာ (၂၀၀၈) နှစ်တွင် ကုန်သွယ်မှုပမာဏကို (၂၀)ဘီလျံထိတိုးမြှင့်ရန် နှစ်ဖက်စလုံးမှ အာမခံခဲ့ကြသည်။

“သတင်းနည်းပညာလုပ်ငန်းမှာ အိန္ဒိယနဲ့ တရုတ်သာ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ကျနော်တို့ ကမ္ဘာကြီးကို ဦးဆောင်နိုင်ပြီး အိုင်တီလုပ်ငန်းမှာ အာရှရာစုနှစ်ဖြစ်စေမှာဖြစ်တယ်” ဟု ဝမ်ကျားပေါင်က ပြောကြားခဲ့သည်။ ❖

# ဝါရှင်တန်ရှိ နအဖသံရုံးတာဝန်ခံ ဦးအောင်လင်းထွန်း အမေရိကန်နိုင်ငံရေးတွင် နိုင်ငံရေးခိုလှုံခွင့်တောင်းခံ



နအဖနိုင်ငံခြားရေးဝန်ကြီးဌာနသို့ပေးပို့ခဲ့သော ဝါရှင်တန်မြို့ နအဖသံရုံးတာဝန်ခံ ဒုတိယသံမှူး ဦးအောင်လင်းထွန်း၏ တာဝန်မှနုတ်ထွက်လွှာမိတ္တူ။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ နအဖသံရုံးတာဝန်ခံ ဒုတိယသံမှူး ဦးအောင်လင်းထွန်းသည် ပြီးခဲ့သည်မတ်လက မိသားစုဝင် (၆)ဦးနှင့်အတူ အမေရိကန်နိုင်ငံ၌ နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားလိုက်သည်ဟု သတင်းများအရသိရှိရသည်။

သူ၏ နိုင်ငံရေးခိုလှုံခွင့်လျှောက်လွှာကို မတ်လ (၂၇)ရက်နေ့နေ့စွဲဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ထားပြီး မြန်မာနိုင်ငံသို့ပြန်သွားလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် အမေရိကန်နိုင်ငံက မိမိတို့မိသားစုကို နိုင်ငံရေးခိုလှုံခွင့်ပေးပါရန် မေတ္တာရပ်ခံထားသည်။

နအဖနိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့သော သူ၏တာဝန်မှ နုတ်ထွက်လွှာမိတ္တူကိုလည်း ဘီဘီစီနှင့် ဒီဗွီဘီသတင်းဌာနများသို့ ပေးထားပြီး၊ ဒီပဲယင်းကိစ္စနှင့် နိုဝင်ဘာ အာဏာလုပ်ပွဲကိစ္စနှင့်ပက်သက်၍ ရေးသားထားသည်။ ထို့အတူ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ နအဖသံရုံးဝန်ထမ်း ဒေါ်ခင်လေးညိုသည် မတ်လအတွင်းက ခင်ပွန်း၊ သားတစ်ဦးတို့နှင့်အတူ အမေရိကန်နိုင်ငံ၌ နိုင်ငံရေးခိုလှုံခွင့်တောင်းခံခဲ့သည်။

မြန်မာနိုင်ငံတွင် ယမန်နှစ် နိုဝင်ဘာလက ဝန်ကြီးချုပ် ခင်ညွန့်ကို ရာထူးမှဖယ်ရှားပြီး နောက်ပိုင်းတွင် စစ်ထောက်လှမ်းရေးများကိုဖမ်းဆီးခဲ့သဖြင့် စစ်ထောက်လှမ်းရေးဟောင်း သံတမန်ဝန်ထမ်းအများအပြား မြန်မာပြည်မပြန်ရဲဘဲ ပြည်ပနိုင်ငံများတွင် နိုင်ငံရေးခိုလှုံခွင့် တောင်းခံနေသည်ဟူသော သတင်းများထွက်ပေါ်ခဲ့ပြီး၊ ယခုချိန်ထိ အတည်ပြုနိုင်သူ (၂)ဦးရှိသွားပြီးဖြစ်သည်။

# ဗိုလ်ချုပ်ကြီးခင်ညွန့် ဇနီး စစ်ထောက်လှမ်းရေးအရာရှိများနှင့် ဒေါ်ခင်ဝင်းရွှေ၏ဆွေမျိုးသားချင်းများ နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခံရ





စစ်ထောက်လှမ်းရေးအကြီးအကဲဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့် သား ဦးရဲနိုင်ဝင်း

အင်းစိန်အထူးခုံရုံးများတွင် ဖမ်းဆီးစစ်ဆေးခံထားရသော စစ်ထောက်လှမ်းရေးအဖွဲ့ဝင်တွေများအနက်မှ အရာရှိအချို့ကို ပြီးခဲ့သည့်လက နှစ်ရှည်ထောင်ဒဏ်များ ချမှတ်လိုက်ကြောင်းသိရှိရသည်။

အပြစ်ပေးခံလိုက်ရသော စစ်ထောက်လှမ်းရေးအရာရှိ (၃၈)ဦးထဲတွင် ထိပ်တန်းစစ်ထောက်လှမ်းရေးအရာရှိတစ်ဦးဖြစ်သူ ဗိုလ်မှူးချုပ် သိန်းဆွေပါဝင်ပြီး၊ စွဲချက်လေးခုအတွက် တစ်ခုကို (၃၈)နှစ်ဖြင့် စုစုပေါင်း ထောင်ဒဏ် (၁၅၂)နှစ် ချမှတ်လိုက်ကြောင်း တရားရုံးနှင့်နီးစပ်သော သတင်းရပ်ကွက်ကို ကိုးကား၍ အေအက်ဖ်ပီသတင်းဌာနက ရေးသားဖော်ပြသည်။

ဗိုလ်မှူးချုပ်သိန်းဆွေသည် ယခင်က စစ်ထောက်လှမ်းဌာန၏ နိုင်ငံခြားဆက်ဆံရေးဌာန အကြီးအကဲဖြစ်ပြီး မြန်မာတိုင်းမ်းဂျာနယ်စိစစ်ထုတ်ဝေရေးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့သူဖြစ်သည်။

ထို့အတူမြန်မာတိုင်းမ်း ဂျာနယ်တွင် ဦးစီးလုပ်ကိုင်ခဲ့သူ ဗိုလ်မှူးချုပ် သိန်းဆွေ၏ သား ဆန်နီဆွေကိုလည်း စာနယ်ဇင်းဆင်ဆာဥပဒေ ချိုးဖောက်မှုပုဒ်မဖြင့် ထောင်ဒဏ် (၁၄)နှစ်အပြစ်ပေးလိုက်ပြီး၊ ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်၏ သားမက် ဦးထင်ထွတ်ကို နိုင်ငံခြားငွေလက်ဝယ်ထားရှိမှု၊ သွင်းကုန်ထုတ်ကုန်အက်ဥပဒေ၊ လိုင်စင်မဲ့ကား သုံးစွဲမှုပုဒ်များဖြင့် ထောင်ဒဏ် အနှစ် (၂၂၀)ချမှတ်လိုက်သည်ဟု သိရှိရသည်။

ဦးထင်ထွတ်သည် မဆလ ဒုဝန်ကြီးဟောင်း ဦးပေါ်ခမ်းသန်း၏ သားဖြစ်ပြီး၊ ဗိုလ်ချုပ်ကြီးခင်ညွန့်၏သမီး ဒေါ်သင်းမြမြဝင်း၏ ခင်ပွန်းဖြစ်သည်။

ဦးတင်ထွတ်နှင့် အမှုတွဲဖြစ်သူ ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ကိုယ်ရေးအရာရှိ ဗိုလ်မှူးဌေးနိုင်ကိုလည်း စီးပွားရေးလုပ်ငန်းအပြင်၊ စစ်တပ်ဖြိုခွဲသည့်အမှုဖြင့် ထောင်ဒဏ် (၂၈၀) ချမှတ်လိုက်ပြီး၊ ကေအဲန်ဂ်ယူနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဓိကအခန်းကပါဝင်ခဲ့သူ ဗိုလ်မှူးကြီးစန်းပွင့်ကိုလည်းထောင်ဒဏ် (၃၄)နှစ် ချမှတ်လိုက်သည်ဟု သတင်းကဆိုသည်။

ထို့အပြင် ဒေါ်ခင်ဝင်းရွှေ၏ တူတော်သူ မန္တလေးထောက်လှမ်းရေးတပ်တွင် တာဝန်ယူခဲ့သူ ဗိုလ်ကြီးသူရကို တသက်တကျွန်းအပြစ်ဒဏ်ချမှတ်လိုက်ပြီး၊ ရဲနိုင်ဝင်းဦးစီးသော ပုဂံဆိုက်ဘာတက်နှင့်ပက်သက်၍ ဖမ်းဆီးခံထားရသူဦးကျော်ကျော်မိုးနှင့် ဒေါ်ခင်ဝင်းရွှေ၏ အမအကြီးဆုံး၏ သားမက်တော်သူ ဗိုလ်မှူးသစ်လင်းတို့ကို တသက်တကျွန်းနှင့် ထောင်ဒဏ်များ အသီးသီးချမှတ်လိုက်ကြောင်းသိရှိရသည်။

ကျန် စစ်ထောက်လှမ်းရေးအရာရှိများကို ထောင်ဒဏ် အနှစ် (၂၀)မှ အနှစ် (၁၅၀) အထိ နှစ်ရှည်ထောင်ဒဏ်များချမှတ်ခဲ့သည်။

ယမန်နှစ် နိုဝင်ဘာလကဖမ်းဆီးခံထားရသော စစ်ထောက်လှမ်းရေးများနှင့် ၎င်းတို့နှင့် ဆက်နွယ်နေသူများသူများကို ဇန်နဝါရီလမှစ၍ အင်းစိန်အထူးခုံရုံး ၂၅ခုတွင် စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ယခုကဲ့သို့ ထောင်ဒဏ်များ အသီးသီးချမှတ်ခဲ့ခြင်းဖြစ်သည်။

## အဓမ္မအလုပ်လုပ်ခိုင်းသည့် အာဏာပိုင်များကို တရားစွဲခဲ့သော မစုစုနွေးကို အာဏာပိုင်များက ဖမ်းဆီးရန် ပြင်ဆင်နေ

အဓမ္မအလုပ်လုပ်ခိုင်းသည့် အာဏာပိုင်များကို ရဲရဲဝံ့ဝံ့ ပြန်လည်တရားစွဲခဲ့သော ကော့မှူးမြို့နယ်၊ ထမ်းမနိုင်ကျေးရွာမှ မစုစုနွေးကို ကျေးရွာအာဏာပိုင်များက အငြိုးကြီးစွာ ဝတ္တရားနှောင့်ယှက်မှုဖြင့် အကြောင်းပြပြီး ကော့မှူးမြို့နယ်တရားရုံးတွင် ပြန်လည် တရားစွဲဆိုလိုက်ကြောင်းသိရှိရသည်။

တရားရုံးက ကာယကံရှင်မစုစုနွေးကို တစုံတရာအကြောင်းကြားခြင်းမရှိသေးသော်လည်း အာဏာပိုင်များက ယခုကဲ့သို့ ပြန်လည်တရားစွဲမည်ကို မိမိမျှော်လင့်ထားပြီးဖြစ်ကြောင်းနှင့် စိုးရိမ်ထိတ်လန့်မှုလည်း လုံးဝမရှိကြောင်း သူမက ဒီဗွီဘီသတင်းဌာနသို့ ပြောဆိုသွားသည်။

သူမသည် အတင်းအဓမ္မအလုပ်ခိုင်းခံနေရသော မြန်မာပြည်သူများကိုယ်စားရှေ့ဆောင်လမ်းပြ တရားစွဲခဲ့ခြင်းသာဖြစ်ပြီး၊ အကယ်၍ သူမအနေနှင့် အာဏာပိုင်များ၏ လုပ်ကြံဖမ်းဆီးခြင်းခံရလျှင်လည်း ပြည်သူများကိုယ်စား စတေးခံရခြင်းသာဖြစ်သည့်အတွက် မတရားသောအာဏာပိုင်များကို အရှုံးမပေးဘဲဆက်လက်၍ တိုက်ပွဲဝင်သွားရန် ဆုံးဖြတ်ထားသည်ဟုလည်း သူမက ဒီဗွီဘီအသံလွှင့်ဌာနမေးမြန်းခန်းတွင် ပြောဆိုသွားသည်။

အာဏာပိုင်များက မိမိအားအကွက်ဆင်ဖမ်းမည့်ကိစ္စကို ရန်ကုန်အခြေစိုက် အိုင် အယ်လ်အိုရုံးခွဲသို့ အကြောင်းကြားထားပြီးဖြစ်ကြောင်းနှင့် အကယ်၍ သူမအဖမ်းခံရလျှင် မတရားအနိုင်းခံကြရသည့် ပြည်သူများအနေနှင့် သူမကဲ့သို့ အကြောက်တရားကင်းစွာဖြင့် ဆက်လက်တိုက်ပွဲဝင်သွားကြရန်ကိုလည်း သူမကတိုက်တွန်းထားသည်။

မစုစုနွေးသည် ကျေးရွာအာဏာပိုင်များ၏ မတရားငွေကောက်ခံမှုနှင့် အဓမ္မခိုင်းစေမှုများကို ကော့မှူးမြို့နယ် တရားရုံးတွင် ဦးတိုက်လျှောက်ထားပြီး ဥပဒေဘောင်အတွင်းမှ သတ္တိရှိရှိရင်ဆိုင်ခဲ့ရာ အာဏာပိုင်များ၏ နှောင့်ယှက်အန္တရာယ်ပေးမှုများစွာကြားမှ အနိုင်ရရှိခဲ့ပြီး ထမ်းမနိုင်ကျေးရွာမှ အာဏာပိုင်တို့ ထောင်ကျခံခဲ့ရသည်။

ထို့ကြောင့် ကျန်ရှိနေသော ကျေးရွာအာဏာပိုင်များက အမှုဆင်ဖမ်းဆီးရန် ပြင်ဆင်နေကြခြင်းဖြစ်သည်။ ယခုအခါ ကော့မှူးမြို့နယ် အဖွဲ့ချုပ်ဝင်များနှင့် ရွာသူရွာသားများက သူမ၏ အသက်အန္တရာယ်နှင့်လုံခြုံရေးကို အထူးဂရုစိုက်ပေးနေရကြောင်း သိရှိရသည်။

❖

# ဒုက္ခသည်များ ပညာရေး

**ငြိမ်းဖြိုး**

**"ဘဝတက္ကသိုလ်နဲ့ မြို့ပြတက္ကသိုလ်ချင်းယှဉ်ရင် ဘဝတက္ကသိုလ်က သာရမှာပေါ့။ ဒါ အမှန်တရားပါ။ မျက်စိလည်မသွားပါနဲ့ မိတ်ဆွေ။ ကျနော်ပြောချင်တာက ဝိဇ္ဇာသိပ္ပံ ဘာသာရပ်တွေကို ပြောနေတာမဟုတ်ဘူး။ ခင်ဗျား စဉ်းစားကြည့် ...."**

ထမင်းဆာတဲ့လူဟာ ထမင်းဝနေတဲ့ လူထက် (ဒါမှမဟုတ် ထမင်းဆာနေတဲ့အချိန်မှာ ထမင်းဝနေတဲ့အချိန်ထက်)ထမင်းရဲ့ အရေးပါပုံကို ပိုသိတယ်။ အဲလိုပဲ ဒုက္ခသည်ဟာ ဒုက္ခသည် မဟုတ်တဲ့လူတွေထက် ဘဝအကြောင်းကို ပိုသိတယ်။

၂၀ ရာစုဟာ ၂၁ ရာစုအတွက် အမွေအမျိုးစားပေါင်းမြောက်မြားစွာကို ပေးချန်ခဲ့တယ်။ အဲဒီထဲက အမွေအမျိုးအစားတစ်ခုကတော့ ကမ္ဘာအရပ်ရပ်ဒုက္ခသည်များပါပဲ။ ဒုက္ခသည်ဆိုတာ ရှင်းရှင်းပြောရရင် ပြဿနာပေါင်းစုံ ကျရောက်နေတဲ့ သက်ရှိလူသားတွေဖြစ်ကြတယ်။ သူတို့ဟာ လူသားသာဖြစ်ကြတယ်။ လူသားတွေ ရရှိပိုင်ဆိုင်ခံစားသုံးစွဲနေတဲ့ အခွင့်အရေးတွေ တစ်ခုမှမရကြဘူး။ လက်မှာဗလာနဲ့ အိုးအိမ်မြို့ရွာကကို ထွက်ပြေးတိမ်းရှောင်လာခဲ့ကြရတယ်။ မိမိမှာ ဘာပြဿနာမှမရှိ၊ ဘာလက်နက်ကျည်ဆံမှလည်း မရှိဘဲနဲ့၊ အကြောင်းမဲ့ လိုက်ပစ်လို့ ကျည်လွတ်ရာကို ကသောကမြော ထွက်ပြေးခဲ့ကြရတဲ့ အဖြစ်။ ပထမ လွတ်အောင်ပြေး၊ နောက်က လိုက်ပစ်၊ ဒုတိယ လွတ်အောင်ပြေး၊ နောက်က လိုက်ပစ်။ ဒီလို ပြေးလိုက် ပစ်လိုက်နဲ့ နောက်ဆုံးတော့၊ မိမိ မိခင်နိုင်ငံ၊ ဇာတိနိုင်ငံနယ်နမိတ်ကိုကျော်ပြီး၊ အိမ်နီးချင်း တဖက်နိုင်ငံတောထဲ တောင်ထဲကို ရောက်သွားကြရတယ်။ သူ့မှာ သူ့အသက်ကလွဲလို့ ဘာမှပါမလာတော့ဘူးလို့၊ ဆိုလို့ရလောက်အောင် တဆွဲတရွက်ပဲ ပါလာနိုင်ခဲ့တယ်။ တဖက်နိုင်ငံအစိုးရက မျက်နှာလွှဲ မသိချင်ယောင်ဆောင်နေသလောက်တော့ နေရာလေးတခုမှာ အခြေချအနားယူခွင့် ခေတ္တရသွားတယ်။ အာမခံချက်တော့ မရှိဘူး။ ဒါ ဒုက္ခသည်ရဲ့ ဘဝအစပဲ။

ဘဝအစလို့ စကားရှိလို့သာ ပြောလိုက်ရတယ်။ ဒုက္ခသည်မှာ ဘဝစ စရာ ဘာများရှိလို့လည်း ဘာမှမရှိသလောက်ပါပဲ။ လောလောဆယ် နေထိုင်ရာအရပ်ဆိုရင် သူ့မှာ နိုင်ငံမရှိဘူး။ တိုင်းပြည်မရှိဘူး။ လူမျိုးမရှိဘူးလို့ ဆိုလို့ရတယ်။ အရင်နိုင်ငံ အရင်တိုင်းပြည်၊ အရင်လူမျိုးကို သူစွန့်ခွာခဲ့ပြီး အခုနိုင်ငံ အခုတိုင်းပြည် အခုလူမျိုးကလည်း၊ သူ့ကိုအသိမှတ် မပြုသေး။ လုံးဝ တစိမ်းတွေ နိုင်ငံ၊ တိုင်းပြည်၊ လူမျိုးဆိုတာ လူတယောက်အတွက်လိုတာပေါ့။ ဒါ ဒုက္ခသည် ကြုံလိုက်ရတဲ့ ပထမလစ်ဟင်းမှု၊ ပထမကွက်လပ်။ ပထမ ဘဝလေဟာနယ် နိုင်ငံ၊ တိုင်းပြည်၊ လူမျိုးဆိုတာ အတွေးတွေဖြစ်လို့၊ ဆုပ်ကိုင်ပြလို့မရဘူး။ ဒါကတပိုင်း။

စားဝတ်နေရေးနဲ့ ဘဝထူထောင်စရာ ရှိသေးတယ်။ အစားဘယ်လိုရမလဲ ....လမ်းမရှိ။ အဝတ်ဘယ်လိုရမလဲ ....လမ်းမရှိ။ နေစရာ ဘယ်လိုရမလဲ။ လမ်းမရှိ။ NGO က ထောက်ပံ့လို့ တော်သေးတာပေါ့။ NGO ထောက်ပံ့ခံမရသူတွေကတော့ ရှိတာလေး ဖွဲ့စား၊ ခြွေစား ကုန်သွားတော့ အလုပ်ရှာလုပ်။ အလုပ်မရှိတော့လည်း ငတ်သေပေါ့။ ဒါဘာမှ မရှုတ်တဲ့ ရှင်းရှင်းလေး။ မိတ်ဆွေတွေက ပေးကမ်းတယ်ဆိုတာ လုံလောက်အောင် ဘယ်ပေးကမ်းနိုင်မလဲ။ နေ့စဉ် နေထိုင်သွားနိုင်ဖို့အတွက် ဒုက္ခသည်များရဲ့ အခြေခံဟာ ဒီအတိုင်းပဲ၊ မရေရာဘဲ သေမင်းနဲ့ စီးချင်းထိုးနေရတဲ့ ဒုက္ခသည်တွေပါ။ မသေခင် ဖြစ်ချင်တဲ့ဝေဒနာ လှုယ်လှုယ်လေး ဝင်လာ၊ ပယ်ပယ်နယ်နယ်လေး နှိပ်စက်ပြီးမှ အသက်ထွက်သွားကြမှာ ဒါက ရုပ်ဝတ္ထုအပိုင်း။

ဒီစာ ပိစိနောက်ကလေးရဲ့ ရည်ရွယ်ချက်အမှန်က ဒီနိုင်ငံ၊ တိုင်းပြည်၊ လူမျိုး စိတ်ကူးပုံဖော်၊ ပထမပိုင်းနဲ့ စားဝတ်နေအသက်ရှင်နေထိုင်ရေး၊ ရုပ်ဝတ္ထု၊ ဒုတိယပိုင်း မဟုတ်ပါဘူး။ ဒုက္ခသည်များရဲ့ ပညာရေး အကြောင်းပြောချင်တာပါ။

ပညာရေးလို့ ပြောလိုက်လို့၊ ဒုက္ခသည် ကလေးများရဲ့ ပညာရေးလို့ ရုတ်တရက် ကောက်ချက်ချ။ ချက်ခြင်းလက်ငင်း ထင်သွားကြမယ်။ မဟုတ်ပါဘူး။ ပြောချင်တာက ဒုက္ခသည် လူကြီးများရဲ့ပညာရေးပါ။ ကျနော်တို့ မျက်စိလျှံမသွားဖို့ လိုတယ်။ လူကြီးပညာရေးကောင်းမှ ကလေးပညာရေးကောင်းမှာ ဖြစ်တယ်။ ဒါကြောင့် လူကြီးပညာရေး ပထမကောင်းအောင်လုပ်ရမယ်။ လူကြီးပညာရေးကောင်းသွားရင် ကလေးပညာရေး အလိုလိုကောင်းသွားမှာဖြစ်တယ်။ ဒီပညာရေးအပိုင်းမှာတော့ အရင် ပထမပိုင်း ဒုတိယပိုင်းတွေလို မဟုတ်ဘူး။ ဒုက္ခသည်ရဲ့ လက်ထဲမှာပဲ ပညာရေးဟာ ရှိနေတယ်။ တိကျအောင်ပြောရရင် ဒုက္ခသည်ရဲ့ ရင်ထဲမှာ ရှိနေတယ်။ အဲဒီပညာရေးအပိုင်းကို ကျနော် နည်းနည်းပြောချင်တယ်။

ဒုက္ခသည် လူကြီးများရဲ့ ပညာရေးဆိုရာမှာ ဦးကျောက်ရော နှလုံးသားပါ သက်ဆိုင်ရာအကျုံးဝင်ပါတယ်။ တက္ကသိုလ်ပညာရေးတော့ မဖြစ်နိုင်ဘူးပေါ့။ တောထဲတောင်ထဲမှာ သူများမျက်နှာကြည့်နေတဲ့ သူများနိုင်ငံမှာ တက္ကသိုလ်ဆိုတာ ဘယ်ရှိမှာလဲ။ အဲ.... ဘဝတက္ကသိုလ်ဆိုတာတော့ ကောင်းကောင်းကြီး ရှိခဲ့လေရဲ့။ ဒုက္ခသည် လူကြီးများဟာ ဒီ ဘဝတက္ကသိုလ်ကပဲ ပညာတွေရယူကြမှာဖြစ်တယ်။ ဒုက္ခသည်က သင်ချင်သည်ဖြစ်စေ၊ မသင်ချင်သည်ဖြစ်စေ၊ ဘဝတက္ကသိုလ်ကတော့ ဘယ်သူမှ ပညာမရမရှိစေရ။ အားလုံးကို တပြေးညီ သင်ပေးသွားမှာပဲ။

ဘဝတက္ကသိုလ်နဲ့ မြို့ပြတက္ကသိုလ်ချင်း ယှဉ်ရင် ဘဝတက္ကသိုလ်ကသာရမှာပေါ့။ ဒါ အမှန်တရားပါ။ မျက်စိလည်မသွားပါနဲ့ မိတ်ဆွေ။ ကျနော်ပြောချင်တာက ဝိဇ္ဇာသိပ္ပံ ဘာသာရပ်တွေကို ပြောနေတာမဟုတ်ဘူး။ ခင်ဗျား စဉ်းစားကြည့် .... ဒီဘာသာရပ်တွေဟာ ဘာသာရပ်သက်သက်အတွက်ဆို ဘာမှ အသုံးဝင်ဘူး။ မသင်ဘဲနေလိုက်တာမှ အချိန်အလဟဿ မဖြစ်တစ်ခြားကိစ္စတွေမှာ အချိန်သုံးလို့ရသေးတယ်။ ဒီဘာသာရပ်တွေကို ဘဝထဲမှာ ချသုံးမှ၊ လူတွေအတွက် အကျိုးရှိတန်းဖိုးရှိလာတာဖြစ်တယ်။ ဘဝဆိုတဲ့ အခြေခံထဲ နောက်ဆုံး ကျရောက်လာရတာပဲ မဟုတ်လား။ ဘဝတက္ကသိုလ်ကတော့ အစကတည်းက ဘဝနဲ့တည်ဆောက်နေတော့လည်း ဒီဘဝအထဲမှာပဲနေ၊ ခံစရာရှိတော့လည်း ဒီဘဝထဲမှာပဲခံ ဖြစ်နေတဲ့အတွက် ဘဝဟာ ဘဝတက္ကသိုလ် ဒုက္ခသည်တွေအတွက် သွေးရင်းသားရင်း ဖြစ်နေပြီ။ မြို့ပြ တက္ကသိုလ်က ဘဝထဲရောက်လာတဲ့ ဘာသာရပ်တွေဟာ သူစိမ်းဧည့်သည်အဆင့်မှာပဲ အမြင့်ဆုံးရောက်နိုင်တယ်။ ဒီလိုပြောလိုက်လို့ မြို့ပြတက္ကသိုလ်က ဘာသာရပ်တွေကို ဘဝတက္ကသိုလ်က ဒုက္ခသည်က ရာသက်ပန် မသင်ယူတော့ဘူး ကျောခိုင်းလိုက်မယ်လို့ ပြောတာမဟုတ်ဘူး။ အခွင့်ရေးပေးတာနဲ့ မနှေးချက်ချင်း အလျှင်အမြန် အပြေးအလွှား သွားရောက်သင်ယူကြမှာပါ။ ထူးချွန်ထက်မြက်မှုမှာ ဒုက္ခသည်တွေက ဘဝတက္ကသိုလ်က အပြည့်အဝရိုက်နှက်သင်ပေးလိုက်တဲ့ဝမ်းစာကြောင့် မြို့ပြတက္ကသိုလ်က ဝမ်းစာဆိုတာမရှိသလောက် အပေါ်ယံရှုပ်ဘဝကို တို့ထိနိုင်ရုံ အလွန်ဆုံးရှိတဲ့ ကျောင်းသားတွေထက် သာသွားကြမှာပါ။ ဒါစိတ်ကူးယဉ် ဘဝင်မြင့် ပြောကြားနေတာ မဟုတ်ဘူး။ ဥပမာ နိုင်ငံရေးကိစ္စနဲ့ပဲ စဉ်းစားကြည့်။

နိုင်ငံရေးဆိုတာ လူဘဝအခြေခံတွေကိုခံစား၊ လူဘဝ အခြေခံတွေကို ဉာဏ်မှီသလောက် ဖြေရှင်းကြတာပဲမဟုတ်လား။ ကဲ.... ဒုက္ခသည်ရဲ့ နိုင်ငံရေးအတိမ်အနက်ကို ချိန်ဆကြည့်ကြမယ်။

စာမျက်နှာခွင့်ရလို့ တိုတိုပဲပြောနိုင်မယ်။ ဒုက္ခသည်ဆိုတာ နိုင်ငံရေးအားလုံး အငြင်းပယ်ခံလိုက်ရတဲ့လူပါ။ အသက်မှာလည်း အသက်အထောက်အကူ ကိစ္စအားလုံး အငြင်းပယ်ခံရလို့ သေလူဖြစ်နေပါပြီ။ ဒါပေမယ့် ဒုက္ခသည်မှာ အရှုံးပေးတဲ့ စိတ်ဓာတ်မရှိဘူး။ အရှုံးပေးချင်ရင် အစကတည်းက နေရင်းတိုင်းပြည်မှာ ယုတ်မာတဲ့အစိုးရနဲ့ပေါင်းပြီး ကိုယ်ကျိုးရှာ ချမ်းသာနေခဲ့မှာပေါ့။ ဒီသဘော တခုလုံးကို ဒုက္ခသည် အခြေအနေနဲ့ ဒုက္ခသည် စိတ်ဓာတ်လို့ရှင်းပြလို့ရတယ်။ **(မှတ်ချက်။ ။ ဒုက္ခသည်ဟာဝရမ်းပြေး မဟုတ်ဘူး။ မရောထွေးပါစေနဲ့) ဒုက္ခသည်ဆိုရင် ဒီနှစ်ခုပြည့်စုံရတယ်။**

အခြေနေနဲ့ စိတ်ဓာတ်နှစ်ခုပေါင်းလိုက်တဲ့အခါမှာ ဒုက္ခသည်ရဲ့ ဘဝတက္ကသိုလ်ပညာရေးဆိုတာ ပေါ်ပေါက်လာရတာပါပဲ။ ကျနော်တို့ အခု ဥပမာပေးထားတာက နိုင်ငံရေး။ ဒါကြောင့်မို့ နိုင်ငံရေးသက်ဆိုင်တဲ့ ပညာရေးပေါ့။

ဒုက္ခသည်က နိုင်ငံရေးနဲ့ ပတ်သက်လို့ ဘာပြောနိုင်သလဲ။ ဒုက္ခသည်ရဲ့ နိုင်ငံရေးဟာ တိုင်းပြည်ဟောင်းက နိုင်ငံရေးလည်း မဟုတ်ဘူး။ နိုင်ငံတကာ နိုင်ငံရေးလည်းမဟုတ်။ ဒုက္ခသည်ဘက်က မှန်ပါတယ်။ တိုင်းပြည်ဟောင်းက နိုင်ငံရေး မကယ်နိုင်လို့ လက်ရှိနိုင်ငံတကာ နိုင်ငံရေး မကယ်နိုင်လို့၊ ဒုက္ခသည်ဆိုတဲ့ ကိစ္စကြီး ဖြစ်လာတာမဟုတ်လား။ ဒါကြောင့် ဒုက္ခသည်ပြောတဲ့ နိုင်ငံရေးဟာ နိုင်ငံရေးအသစ်ပဲ ဖြစ်ရတော့မယ်။ ဒီနိုင်ငံရေးအသစ်ဟာ တိုင်းပြည်ဟောင်း နိုင်ငံရေးနဲ့ လက်ရှိနိုင်ငံတကာ နိုင်ငံရေးထက်သာတယ်။ သူက နောက်ဆုံးအခြေနေကို ထင်ဟပ်ဖော်ပြနိုင်တာကိုး။ သူက ခေတ်မှီတယ်။ ကျန်ရှိတာတွေက ခေတ်ဟောင်းမှာ ကျန်ခဲ့ပြီး။ ပြင်ပကိစ္စဖြစ်တဲ့ အခွင့်အရေးတို့ အခြေနေတို့မှာသာ ဒုက္ခသည်ဟာ နတ္ထိသုည ဖြစ်နေတာ။ အနှစ်အသားဖြစ်တဲ့ ဦးကျောက်နဲ့ နှလုံးသားကိစ္စမှာတော့ လက်ရှိနိုင်ငံတကာ လိုက်မမှီနိုင်အောင် ဒုက္ခသည်က အပြတ်အသတ်သာသွားပြီ။ ဒုက္ခသည်က အရင်းမြစ်ထိ သူ့ဘဝကို တုတ်တုတ်ထိ တိုးဝင်စူးနစ်ပေါင်းစည်းလိုက်တာကိုး။ ဘဝအကြောင်း သူ့ထက် ဘယ်သူပိုသိတော့မလဲ။ ကမ္ဘာဆိုတာလည်း ဘဝနဲ့ပဲ နောက်ဆုံးမှာ အဓိပ္ပါယ်ဖွင့်ဆို လမ်းလျှောက်ကြရတာ မဟုတ်လား။ ပြီးတော့ ကမ္ဘာ့လူသားတွေအတွက် အရေးကြီးတာက ဦးကျောက်နဲ့ နှလုံးသား။ ကဲ ....ဒုက္ခသည်ရဲ့ တန်းဖိုး၊ ဒုက္ခသည်ရဲ့ ကမ္ဘာမှာတောင် အမြင့်ဆုံးဖြစ်တဲ့ အဆင့်နေရာကို ခင်ဗျား ငြင်းရဲသလား။ ရိုးရိုးသားသား ဆင်ခြင်ပါ။ ခင်ဗျား လက်ခံထားရရုံအပြင် အခြားလမ်းမရှိပါဘူး။ ဒါကြောင့် ၂၁ ရာစု အနာဂတ်ကမ္ဘာဆိုတာ ဒုက္ခသည်တွေက ထုဆစ်ပေးလိုက်တဲ့ ကမ္ဘာဖြစ်ဖို့ကလွဲလို့ အခြားမရှိနိုင်လို့ ကျနော် စိန်ခေါ်လိုက်တယ်။ ဘဝနဲ့ နေချင်တယ်ဆိုရင် ဘဝကို အောက်ခြေကစ အကောင်းဆုံးသိတဲ့ ဒုက္ခသည်ပဲ အထွဋ်အထိပ်ပေါ့ ။

အခွင့်အရေးနဲ့ အခြေအနေဆိုတာလည်း ဒုက္ခသည်က ကြိုးပမ်းအားထုတ်နေတယ်လေ။ တရက် ရရမှာပေါ့။ ရတာနဲ့ တပြိုင်နက် ဒုက္ခသည်ဟာ လုပ်ကိုင်ဖော်ထုတ်ခွင့်ရှိသွားပြီ။ သူကမ္ဘာကြီးကို ကိုင်လှုပ်တော့မယ် မကောင်းမှန်း သူဘဝနှင့်ရင်းပြီးသိခဲ့တဲ့ ကမ္ဘာဟောင်းကို သူမှောက်လှန်ပြောင်းလဲ ပြစ်တော့မယ်။ ပိုမိုကောင်းမွန်တဲ့ ကမ္ဘာသစ်တခုကို သူအစားထိုး ထူထောင်တော့မယ် ဉာဏ်ပညာ အသိတရားရှိတဲ့ ဒုက္ခသည်တိုင်းဟာ ဒီအလုပ်ကို လုပ်လာကြမှာ ဖြစ်တယ်။ ဒုက္ခသည်များပညာရေးဆိုတာ အဲဒါပါ အတိုင်းအဆမဲ့ လက်တံရှည်နက်ရှိုင်းပါတယ်။

(၁/၉/၂၀၀၆)

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာ**
ခင်လွန်း၊ အောင်သိန်းထိုက်

**နိုင်ငံတကာသတင်းအယ်ဒီတာ**
ဗလ

စာမျက်နှာဖွဲ့စည်းမှု
စောဒီထူး

မိုးကြိုး
သတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။
P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအဲတုမှ
ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

# ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအဖွဲ့ ၏ ရုံးသစ်ဖွင့်ပွဲအခမ်းအနား ထိုင်း–မြန်မာနယ်စပ်တနေရာတွင်ကျင်းပ



ဒေါက်တာမျိုးဝင်း၊ ဦးပီတာလင်းပင်နှင့် ဦးဝင်းခက် (ဝဲမှ ယာ)

၁၉၉၀ ရွေးကောက်ပွဲတွင် ပြည်သူလူထု က ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (MPU)၏ ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ပြီးခဲ့သည့် ဧပြီလ (၂၁)ရက်နေ့က ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ အဲန်အယ်လ်ဒီ(အယ်လ်အေ)မှ ဥက္ကဋ္ဌ ဦးဝင်းခက်၊ ဒုဥက္ကဋ္ဌ ဦးတင်အောင်၊လူ့ဘောင်သစ်ပါတီမှ ခေါင်းဆောင်များ၊ အေဘီအက်စ်ဒီအက်ဖ်မှ ခေါင်းဆောင်များ၊ အမ်ပီယူအဖွဲ့ဝင်များနှင့် ပြည်ပရောက်ဒီမိုကရေစီအင်အားစုများ တက်ရောက်ခဲ့ကြသည်။

ရုံးသစ်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အဖွဲ့၏(Co-ordinator)၊ ကဝမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးဝင်းက "အမ်ပီယူနှင့် အဲန်စီဂျီယူဘိကြားမှာ လုပ်ငန်းတာဝန်သီးခြားခွဲထားတာမရှိပါဘူး။ အမ်ပီယူအဖွဲ့အနေနဲ့ နိုင်ငံရေးလုပ်ငန်းတွေမှာ အဲန်စီဂျီယူဘိနဲ့ အရင်ကလိုပဲ ပူးပေါင်းဆောင်ရွက်သွားမှာပါ။ အခုလို ရုံးသစ်ဖွင့်လိုက်ရတာက လုပ်ငန်းတွေဆောင်ရွက်တဲ့အခါ ပိုပြီးထိရောက်ဖို့ကို ရည်ရွယ်ပါတယ်"ဟု မိုးကြိုးသို့ပြောဆိုသွားသည်။

အခမ်းအနားတွင် အမ်ပီယူ၏ ရှေ့လုပ်ငန်းစဉ်နှင့်ပတ်သက်၍ အဖွဲ့၏ ဒု–ဥက္ကဋ္ဌ မေမြို့မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပီတာလင်းပင်က "အမ်ပီယူအနေနဲ့ ပြည်သူတွေပေးအပ်ထားတဲ့ တရားဝင်လုပ်ပိုင်ခွင့်နှင့်အညီ မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးအတွက် နိုင်ငံတကာအစိုးရအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီအဖွဲ့ဝင်များ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ လူမှုရေးအဖွဲ့များ၊ အဲန်ဂျီအိုများနှင့်ဆက်သွယ်ပြီး ထိရောက်စွာဆောင်ရွက်မည့်အပြင်၊ ပြည်တွင်းက စီအာရ်ပီပီ၊ အဲန်အယ်လ်ဒီအဖွဲ့များရဲ့ လှုပ်ရှားဆောင်ရွက်မှုများကို နိုင်ငံတကာက ထောက်ခံအားပေးကူညီမှုရရှိအောင်ဆောင်ရွက်သွားမည်"ဟု ပြောကြားသွားသည်။

အမ်ပီယူအဖွဲ့ကို ၁၉၉၀ရွေးကောက်ပွဲတွင် ပြည်သူကအပ်နှင်းထားသောတာဝန်နှင့်လုပ်ပိုင်ခွင့်များအရ မြန်မာနိုင်ငံတွင် အာဏာရှင်စနစ်ဖြုတ်ချရေး၊ ဒီမိုကရေစီစနစ်ထွန်းကားရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်၍ ၁၉၉၆ခုနှစ်တွင် ပြည်ပရောက်လွှတ်တော်ကိုယ်စားလှယ်များဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

❖

# ရေး–ထားဝယ်ကားလမ်းဓားပြတိုက်မှုတွင် နအဖက ကေအဲန်ယူအပေါ် စွပ်စွဲခြင်းသည် အခြေအမြစ်မရှိ

အမည်မသိလက်နက်ကိုင်များနှင့် ကားလုံခြုံရေးအစောင့်ရဲများ တိုက်ခိုက်မှုဖြစ်ပွားရာမှ လူ(၇)ဦးသေဆုံးပြီး (၁၅)ဦး ဒဏ်ရာရခဲ့သော ရေး–ထားဝယ်ကားလမ်းဓားပြတိုက်မှုတွင် နအဖက ကေအဲန်ယူအပေါ် စွပ်စွဲခဲ့ခြင်းသည် အခြေအမြစ်မရှိဟု ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာက ပြောဆိုလိုက်သည်။

ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ)၏ ပြောခွင့်ရသူ ပဒိုမန်းရှာက "ကေအဲန်ယူလို့ပြောလို့ရှိရင် ဘာအချက်အလက်ရှိလဲလို့ ကျနော်တို့ဘက်က မေးခွန်းထုတ်ဖို့ရှိတယ်။ သူတို့ဘက်က ဘာအချက်အလက်မှ ဖော်ပြထားတာမတွေ့ရဘူး။ ကျနော်တို့ဘက်က comfirm ဖြစ်အောင် လေ့လာတဲ့အခါ ကျနော်တို့ဘက်က လူတွေ လုံးဝမဟုတ်ဘူး။ ကျနော်တို့ဟာ ခိုးဆိုးတိုက်ခိုက်နေတဲ့ အဖွဲ့မဟုတ်ဘူး။ တော်လှန်ရေးလုပ်နေတဲ့ အဖွဲ့အစည်းဖြစ်တယ်"ဟု ဗွီအိုအေသတင်းဌာနသို့ ပြောဆိုသွားသည်။

ဧပြီလ(၂၀)ရက်နေ့က ထားဝယ်မှ ရန်ကုန်သို့ထွက်ခွာလာသော ခရီးသည်တင်ယာဉ်နှစ်စီးကို ရေးမြို့နှင့် ထားဝယ်မြို့အကြားတွင် အမည်မသိလက်နက်ကိုင်တစ်စုက ဝင်ရောက်တိုက်ခိုက်ပြီး ငွေကျပ်စုစုပေါင်း သိန်း (၃၀)ခန့်နှင့် လက်ဝတ်လက်စားတချို့ယူဆောင်သွားသော ဓားပြတိုက်မှုဖြစ်ပွားခဲ့ပြီး၊ နောက်တနေ့တွင် နအဖပိုင်ကြေးမုံသတင်းစာက ကေအဲန်ယူတပ်၏ လက်ချက်ဖြစ်သည်ဟု စွပ်စွဲဖော်ပြခဲ့ခြင်းဖြစ်သည်။

လုံခြုံရေးရဲများနှင့်ဓားပြများ၏ တိုက်ပွဲတွင် ရဲတပ်ဖွဲ့ဝင် (၂)ဦးသေဆုံးသွားပြီး၊ ထားဝယ်တက္ကသိုလ်မှ ဆရာမတဦး၊ ကျောင်းသူတဦး၊ ကျောင်းသားတစ်ဦးအပါအဝင် စုစုပေါင်း (၇)ဦးသေဆုံးခဲ့သည်။

အခင်းဖြစ်ပွားရာဒေသသည် ကေအဲန်ယူတပ်များရှိသောဒေသများနှင့် အလှမ်းကွာဝေးသည့်အပြင် အဆိုပါဒေသတွင် နအဖတပ်များ၊ မွန်အဖွဲ့၊ မွတ်စလင်အဖွဲ့နှင့် ဒီကေဘီအေတပ်များကျက်စားပြီး ရှုပ်ထွေးသည့်အခြေအနေတွင်ရှိသည်ဟု ကေအဲန်ယူပြောခွင့်ရသူ ပဒိုမန်းရှာက ဆက်လက်ပြောဆိုသည်။

ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ)သည် အစဉ်အလာကြီးပြီး အင်အားတောင့်တင်းသော တော်လှန်ရေးအဖွဲ့ဖြစ်သည့်အပြင်၊ ပြီးခဲ့သည့် မတ်လကမှ အပစ်အခတ်ရပ်စဲရေးအတွက် နအဖနှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း နှစ်ဖက်အကြားတွင် ပြေလည်မှုမရရှိသေးပေ။


ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာ

ယခုကဲ့သို့ ကေအဲန်ယူအပေါ် နအဖ၏စွပ်စွဲချက်ကို ကေအဲန်ယူက လိုအပ်သလိုတုံ့ပြန်သွားမည်ဖြစ်ပြီး "ဒီလို မတော်မတရားစွပ်စွဲရင် ရေရှည်မှာ ပြဿနာတက်နိုင်တယ်" ဟု ကေအဲန်ယူပြောခွင့်ရသူ ပဒိုမန်းရှာက ဗွီအိုအေသတင်းဌာနသို့ ပြောဆိုသွားသည်။ ❖

# ရှမ်းပြည်တပ်မတော် (SSA)နှင့် 'ဝ' တပ်များတိုက်ပွဲပြင်းထန်နေ၊ 'ဝ' တို့ဘက်က အကျအဆုံးများပြား

ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA)နှင့် 'ဝ'ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA)တပ်များအကြား နှစ်လနီးပါးကြာဖြစ်ပွားနေသောတိုက်ပွဲတွင် 'ဝ'တို့ဘက်မှ အကျအဆုံးများနေပြီး၊ ယခုအခါ 'ဝ' တပ်သည် ရွှေတြိဂံတိုင်းရှိ နအဖတပ်များနှင့် ပူးပေါင်းအားဖြည့်နေရသည်ဟု သတင်းများအရ သိရှိရသည်။

ဧပြီလ (၂၆)ရက်နေ့တရက်တည်းတွင် 'ဝ'တပ်သား (၁၀၀)ကျော်ကျဆုံးပြီး၊ (၁၀၀)ကျော်ဒဏ်ရာရရှိခဲ့သည်။ SSA ဘက်က အနည်းငယ်သာဒဏ်ရာရရှိသည်ဟု သတင်းများကဆိုသည်။

တိုက်ပွဲဖြစ်ပွားနေသော SSA ၏ ဒွိုင်းတိုင်းပန်းဌာနချုပ်စခန်းသည် ထိုင်းနိုင်ငံမြောက်ပိုင်း မယ်ဟောင်ဆောင်ခရိုင်မှ တကီလိုမီတာသာကွာဝေးပြီး 'ဝ'တပ်က ထိုင်းနယ်မြေကို အသုံးပြုခွင့်မရသေးသရွေ့ ဌာနချုပ်စခန်းကို 'ဝ'တို့သိမ်းပိုက်နိုင်မည်မဟုတ်ဟု SSA ပြောခွင့်ရသူ ဒေါ်နန်းခေဆိုင်က သတင်းဌာနများကို ပြောဆိုသည်။

'ဝ'တပ်သည် မူးယစ်ဆေးထုတ်လုပ်ရောင်းဝယ်ရာတွင် နာမည်ကြီးပြီး၊ အမေရိကန်အစိုးရက ဝေရှောက်ခန်အပါအဝင် 'ဝ' ခေါင်းဆောင် (၇)ဦးကို မူးယစ်ရာဇဝတ်များအဖြစ် သတ်မှတ်တရားစွဲထားသည်။

ထို့အပြင်အဆိုပါ 'ဝ'ခေါင်းဆောင်ဘိန်းမှောင်ခိုများကို ထိုင်းအစိုးရကလည်း ဆုငွေထုတ်ထားပြီးဖြစ်သည်။

SSA ဌာနချုပ်ကို 'ဝ' သိမ်းပိုက်နိုင် ခဲ့လျှင် ထိုင်းနိုင်ငံအတွင်းသို့မူးယစ်ဆေးများ အတားအဆီးမရှိဝင်ရောက်လာမည်ကို ထိုင်းအစိုးရက စိုးရိမ်နေသည်။ ❖

## ရှမ်းပြည်ထောင်စုအစိုးရဖွဲ့စည်းခြင်းအပေါ် အဖွဲ့ချုပ်သဘောထား

အပိုဒ် ၁။ တိုင်းရင်းသားလူမျိုးများအရေးနှင့်ပတ်သက်၍ အဲန်အယ်လ်ဒီ၏ မူဝါဒများမှာ ....

အပိုဒ်ခွဲ (၁)။ အမိမြန်မာနိုင်ငံတော်ကို ဒီမိုကရေစီကျင့်စဉ်များဖြင့် စစ်မှန်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ဖွဲ့စည်းတည်ဆောက်မည်။

အပိုဒ်ခွဲ (၂)။ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးကို ဦးတည်ရှေးရှုမည်။

အပိုဒ်ခွဲ (၃)။ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင်ပါဝင်မည့် ပြည်နယ်၊ တိုင်းစသည့် နိုင်ငံတော်၏ နယ်နမိတ်အပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရ။

အပိုဒ်ခွဲ (၄)။ နိုင်ငံတော်သည် တန်းတူရည်တူဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော တိုင်းရင်းသားလူမျိုးနွယ်များနှင့် ပေါင်းစပ်ဖွဲ့စည်းထားသော နိုင်ငံဖြစ်သည်။

အပိုဒ် ၂။ အဖွဲ့ချုပ်၏ အထက်ပါမူများနှင့် မကိုက်ညီသည့် ကြံစည်ချက်များ လုပ်ဆောင်ချက်များ၊ စင်ပြိုင်အစိုးရဖွဲ့စည်းခြင်းများကို အဲန်အယ်လ်ဒီအနေဖြင့် လုံးဝလက်မခံနိုင်ကြောင်း ကြေညာလိုက်သည်။

(၁၉–၄–၀၅) နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ။

— — — — — — — — — — — — — — —

## ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ကြေညာချက်ထုတ်

ကြေညာချက်– ဧပြီလ–၂၃ရက်၊ ၂၀၀၅ ခုနှစ်။

၁။ ၂၀၀၅ ခုနှစ်၊ ဧပြီလ (၁၇)ရက်နေ့တွင် ပြည်ပတနေရာ၌ ရှမ်းပြည်ယာယီအစိုးရအဖွဲ့ကို ဖွဲ့စည်းကြောင်း ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ်တည်ထောင်ကြောင်း သတင်းထုတ်ပြန်သည်ကို ကြားသိရပါသည်။

၂။ ဤဆိုပါထုတ်ပြန်ကြေညာချက်သည် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် မူဝါဒသဘောထားများနှင့်ဆန့်ကျင်ပြီး ရှမ်းအဖွဲ့ချုပ်သည် ၎င်းသတင်းထုတ်ပြန်သည့်အဖွဲ့နှင့် ဆက်စပ်ပတ်သက်ခြင်းလုံးဝမရှိပါ။

၃။ ရှမ်းအဖွဲ့ချုပ်သည် ပြည်ထောင်စုမှ သီးခြားခွဲထွက်ရေးမူကို မည်သည့်အခါမျှ လက်ခံကျင့်သုံးခြင်းမရှိ၊ နောင်လဲ ကျင့်သုံးမည်မဟုတ်။

၄။ သို့ဖြစ်၍ ရှမ်းပြည်ယာယီအစိုးရဖွဲ့စည်းပြီး ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် တည်ထောင်ကြောင်းကို ရှမ်းအဖွဲ့ချုပ်မှ လုံးဝလက်မခံ၊ ကန့်ကွက်ကြောင်း ကြေငြာလိုက်သည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်။

— — — — — — — — — — — — —

## ပြည်ပြေးစဝ်ခမ်ဖဦးစီးသောအဖွဲ့၊ ယင်းအဖွဲ့နှင့် ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများအား မတရားသင်းဖြစ်ကြောင်းကြေညာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၅)**

ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ တန်ခူးလဆန်း (၁၁)ရက်

(၂၀၀၅ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

**မတရားသင်းကြေညာခြင်း**

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၏သား ပြည်ပြေးစဝ်ခမ်ဖ ဦးစီးသောအဖွဲ့၊ ယင်းအဖွဲ့ဝင်များ၊ ယင်းအဖွဲ့နှင့်ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကိုသော်လည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်ရေးကိုသော်လည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုသော်လည်းကောင်း အနှောင့်အယှက်အန္တရာယ်ပြုရန်ဖြစ်သည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မတရားသင်းများအက်ဥပဒေ၊ ပုဒ်မ ၁၆ အရ အထက်ဖော်ပြပါအဖွဲ့အစည်း၊ ယင်းအဖွဲ့အစည်းနှင့်ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများအား မတရားသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂)ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းဖြစ်ကြောင်း ကြေညာလိုက်သည်။

**အမိန့်အရ**

**ဗိုလ်ချုပ်မောင်ဦး**
**ဝန်ကြီး**
**ပြည်ထဲရေးဝန်ကြီးဌာန**